မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၇၃)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

၂၀၁၃ ခုနှစ်၊ မတ် ၂၂ရက်၊ သောကြာနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❐ ပြည်ထောင်စု မပြိုကွဲရေး။
- ❐ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❐ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတဦးသိန်းစိန် ချစ်ကြည်ရေးခရီးသွားရောက်ရာမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျနေသဟာယနိုင်ငံတို့သို့ မတ် ၁၃ ရက်မှ ၂၀ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး မတ် ၂၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဩစတြေးလျနေသဟာယနိုင်ငံ ဆစ်ဒနီမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံမှတစ်ဆင့် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတအား ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့ကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိရာ နေပြည်တော်လေဆိပ်တွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

လှည်းတန်းလမ်းဆုံမှ အိပ်မက်တံတားကြီး ရာနှုန်းပြည့်နီးပါးပြီးစီး မကြာမီရက်ပိုင်းအတွင်း ခရီးသွားပြည်သူတို့ ဖြတ်သန်းသွားလာနိုင်တော့မည်

ယာဉ်လမ်းကြောပိတ်ဆို့မှုကို ဖြေရှင်းပေးမည့် လှည်းတန်းခုံးကျော်တံတား။

သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

အင်းစိန်လမ်း၊ ပြည်လမ်း၊ လှည်းတန်းလမ်း၊ တက္ကသိုလ်ရိပ်သာလမ်းတို့ဆုံရာ လှည်းတန်းမီးပွိုင့်သည်ကား စာရေးသူတို့သိတတ်မှတ်မိစ အရွယ်ကတည်းကပင် အဝိုင်းဆုံဖြစ်သည်။ သို့ကြောင့် ထိုနေရာကို လှည်းတန်းအဝိုင်းဟု အမည်တွင်ခဲ့သည်။

ယခင်အစိုးရလက်ထက်တစ်ခုၡ အဝိုင်းကြီးအချို့အား ဖျက်သိမ်း၍ လမ်းဆုံမီးပွိုင့်များအဖြစ် တပ်ဆင်ပေးခဲ့သည်။ ပြီးခဲ့သော ဆယ်စုနှစ် နှစ်စုကျော်၌ ထိုနေရာသည် ယာဉ်ကြောကျပ်တည်းမှု အများဆုံးဖြစ်လာခဲ့သည်။ ယာဉ်မောင်းသူများက ရန်ကုန်မြို့ရှိ မီးပွိုင့်များအနက် စောင့်ဆိုင်းမှုအကြာဆုံး မီးပွိုင့်တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြသည်။

ယခုနောက်ပိုင်း ယာဉ်များ ပိုမိုများပြားလာမှုကြောင့် ထိုမီးပွိုင့်တွင် အနည်းဆုံးနှစ်ကြိမ်မှ သုံးကြိမ်အထိ စောင့်ဆိုင်းခဲ့ကြရသည်။ အဖိုးတန်အချိန်များ အလဟဿအကျိုးမဲ့စွာပေးခဲ့ကြရသည်။

ထိုလမ်းကြော၌ နေ့စဉ် သွားလာနေကြရသော ယာဉ်ပိုင်ရှင်များ၊ လိုင်းကားမောင်းလုပ်သားကြီးများ၊ ခရီးသွား ပြည်သူများက ဤလမ်းဆုံ၌ တံတားကြီးတစ်စင်း တည်ဆောက်ပေးရန် မျှော်လင့်ခဲ့ကြသည်။ အိပ်မက်ရှည်ကြီးကို နေ့စဉ်မက်ခဲ့ကြရသည်။

အစိုးရ အပြောင်းအလဲများ၌ အခြားအခြားသော နေရာများ၌ တံတားများ တစ်စင်းပြီးတစ်စင်းပေါ်ပေါက်လာခဲ့သော်လည်း ယခုနေရာတွင် တံတားတည်ဆောက်ရေးအတွက် အမျိုးမျိုးသော ချင့်တွက်မှုများကြောင့် ဆောင်းတွင်း အိပ်မက်ပမာ အိပ်ရာမှနိုးထသည်နှင့် ပျောက်ကွယ်ခဲ့ကြရသည်။ ခရီးသွားပြည်သူတို့အနေဖြင့်လည်း ညည်းညည်းညူညူဖြင့်ပင် နေ့စဉ် ဖြတ်သန်းနေခဲ့ကြရသည်။

ယနေ့အစိုးရသစ်၊ ဒီမိုကရေစီခေတ်တွင် အများပြည်သူတို့၏အကျိုးကို ဦးစားပေးဆောင်ရွက်လျက်ရှိသော အစိုးရအနေဖြင့် ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏အသံကို နားထောင်ဖြည့်ဆည်းပေးခြင်းဖြစ်သည်။

တစ်ချိန်က ခရီးသွားပြည်သူများ နေ့စဉ်မက်ခဲ့ရသော အိပ်မက်တစ်ခုထင်လင်းစွာ အကောင်အထည်ပေါ်လာခဲ့ပေပြီ။ သို့အတွက် စာရေးသူအနေဖြင့် ထိုတံတားကြီးအား "လှည်းတန်းလမ်းဆုံမှ အိပ်မက်တံတား" အမည်ပေးခဲ့ရခြင်းဖြစ်ပါသည်။

ထိုတံတားကြီးအနီးသို့ စာရေးသူယမန်နေ့ကရောက်ခဲ့ရာ တည်ဆောက်မှုမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီကို တွေ့မြင်ခဲ့ရသည်။

တည်ဆောက်မှုကို ၂၀၁၂ ခုနှစ် မတ် ၁၁ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခု ၂၀၁၃ ခုနှစ် ဧပြီ ၁၀ ရက်မှ စတင်ကာ ခရီးသွားပြည်သူတို့ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (လမ်း/တံတား)မှ တည်ဆောက်ရေး တာဝန်ရှိသူတစ်ဦးထံမှ ကြားသိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❁



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကလေးများ စာဖတ်ခြင်းအလေ့အထပြုလုပ်သင့်

နွေရာသီသို့ ရောက်ရှိပြီ။ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုပြီးစီး၍ ကျောင်းပိတ်ရက်ရှည်များအတွင်း လွတ်လပ်စွာအနားယူခြင်း၊ ဆော့ကစားခြင်း၊ ခရီးသွားခြင်းတို့ဖြင့် လွတ်လပ်ချိန်များလာသည်။ ယနေ့မျက်မှောက်ခေတ်၏ နည်းပညာတိုးတက်မှုများနှင့်အတူ လူနေမှုစရိုက်၊ ဆက်သွယ်ရေးကွန်ရက်များ ပြောင်းလဲလာကြသည်။ ၂၄ နာရီပတ်လုံး ကြည့်ရှုနိုင်သည့် ရုပ်သံလိုင်းများ၊ မိုဘိုင်းဖုန်းများ၊ အကြွေစေ့သုံး စိတ်လှုပ်ရှားဖွယ် ဂိမ်းမျိုးစုံ၊ ဒီဇိုင်းဆန်းအဝတ်အထည်များနှင့် လှပစွာထုပ်ပိုးထားသော အရန်သင့်အစားအစာတို့သည် ဆယ်ကျော်သက်များသာမက ကလေးငယ်လေးများအထိပါ တစ်ကြိမ်မြင်ရုံဖြင့် ညှို့ငင်ဖမ်းစားထားနိုင်ကြသည်။

အားလပ်ရက်များအတွင်း တီဗွီရှေ့မှ မခွာသောကလေး၊ ဂိမ်းမနားတမ်းထိုင်ဆော့သော ကလေးနှင့် အင်တာနက် Chatting ပြောသော ကလေးဦးရေက များလာသည်။ ကလေးဆိုသည်မှာ စိတ်လွတ်လပ်ပျော်ရွှင်မှုကို ခုံမင်မြတ်နိုးသူများဖြစ်သည်။ ယနေ့ခေတ်အခြေအနေအရ တားမြစ်ချုပ်ချယ်ခြင်း မပြုလုပ်သင့်သော်လည်း လွန်ကဲမှုမဖြစ်စေရန် ထိန်းချုပ်သင့်သည်။

တချို့သော မိဘများက ကလေးများ စာမေးပွဲဖြေဆိုပြီး မကြာမီ၌ပင် ကွန်ပျူတာသင်တန်း၊ နိုင်ငံခြားဘာသာစကားပြောသင်တန်း၊ ပန်းချီသင်တန်း၊ အားကစားသင်တန်း၊ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းများသာမက နောက်အတန်းသစ်အတွက် ကျူရှင်စသည်ဖြင့် အလှည့်ကျအချိန်ပေး တက်ရောက်စေသည်။ အချိန်ပြည့်သင်တန်းများ တက်ရောက်ရန် မသင့်ချေ။

အဆိုပါ သင်တန်းများ တက်ရောက်စေခြင်းသာမက မျက်မှောက်ခေတ်တွင် အားနည်းလာသော စာဖတ်ခြင်းအလေ့အထရရှိစေရန်အတွက် အုပ်ထိန်းသူမိဘများက မိမိတို့၏ ကလေးများကို လမ်းညွှန်ပျိုးထောင်သင့်ပေသည်။ ငယ်ရွယ်စဉ်ကပင် စာဖတ်အလေ့အထရှိသူတစ်ဦးသည် စာပေမဖတ်ရှုသူနှင့် ဘဝအခြေအနေအဆင့်အတန်း ကွာခြားစေကာမူ မိမိစိတ်ကို ပွဲပြင်ထိန်းကွပ်နိုင်စွမ်းနှင့် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းတို့ သာလွန်နေတတ်သည်။ စာကောင်းပေမွန်ဟူသည် ဖတ်ရှုသူအား အကောင်းအဆိုး စိစစ်ပေးသည့် မိတ်ဆွေစစ်၊ လမ်းပြကြယ်အလင်းရောင်သာဖြစ်သည်။ အောင်မြင်နေသူများသည် စာပေကို လေ့လာဖတ်ရှုမှု ကောင်းကြသူများဖြစ်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ကလေးငယ်ရွယ်စဉ်မှစ၍ အသက်အရွယ်အလိုက် ဖတ်ရှုရမည့်စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုစေရမည်။ ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုရိုးစကားနှင့်အညီ အနာဂတ်အတွက် ထက်မြက်သောစွမ်းရည်၊ အမှားအမှန် ဝေဖန်ပိုင်းခြားသော အသိဉာဏ်များပြည့်ဝသည့် မျိုးဆက်သစ်တို့ပေါ်ထွန်းရေးအတွက် မိမိတို့၏ ရင်သွေးအား စာကောင်းပေမွန်ဖတ်ရှုသည့် အလေ့အထကောင်းရှင်သန်ရန် မိဘများအနေဖြင့် လေ့ကျင့်ပျိုးထောင်ပေးသင့်ပေသည်။

အမြို့မြို့ အနယ်နယ် ပျံ့သည့် သတင်းစာ
မြန်မာ့အလင်း တွင် ကြော်ငြာပါ

ပြည်တွင်းသတင်း

မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၁

လူနာအကျိုး၊ ပြည်သူအကျိုး၊ ဆေးရုံအကျိုးအတွက် နည်းမှန်လမ်းမှန်ပွင့်လင်းစွာ တင်ပြနိုင်ကြောင်းကို နားလည်မှုလွဲကာ အချင်းချင်း တိုင်တန်းမှုများ ဖြစ်ပေါ်နေကြကြောင်း၊ အများအကျိုးအတွက် ရည်ရွယ်၍ မှန်ကန်သည့်ကိစ္စရပ်ကို နည်းမှန်လမ်းမှန်ဖြင့် ရဲဝံ့စွာတင်ပြနိုင်ကြရန် လိုလားပါကြောင်း၊ အကုသိုလ်စိတ်ဖြင့် သူတစ်ပါးထိခိုက်အောင် မမှန်မကန် တိုင်တန်းသည်များကို အားမပေးပါကြောင်း၊ ဆေးရုံအုပ်ချုပ်သူများအနေဖြင့် မိမိ၏အခန်းကဏ္ဍသည် အရေးကြီးသည့်နေရာတွင် ရှိကြောင်း၊ စီမံခန့်ခွဲရေး၊ ကုသရေးတာဝန်ယူရသူအနေဖြင့် စည်းကမ်းနှင့်ကျင့်ဝတ်သိက္ခာကို ခိုင်ခိုင်မာမာ လိုက်နာကျင့်သုံး ရပ်တည်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က မတ် ၁၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လူနာနှင့်လူနာမိသားစုများအား ပြောဆိုဆက်ဆံရာတွင် ပျော့ပျော့ပျောင်းပျောင်း၊ ညင်ညင်သာသာ၊ ယဉ်ယဉ်ကျေးကျေး ပြုမူပြောဆိုရန်လိုအပ်ကြောင်း၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဖြည့်ဆည်း၍ လူနာအကျိုး၊ ဆေးရုံအကျိုးသယ်ပိုးဆောင်ရွက်စေလိုကြောင်း၊ အုပ်ချုပ်မှုအရည်အသွေးပြည့်ဝသူ၏ ဆေးရုံသည် အခြားဆေးရုံများနှင့်မတူညီ၊ ပြည်သူ၏အားကိုးမှု ကူညီမှုများကို ထူးခြားသည့်အသွင်သဏ္ဌာန်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဆေးရုံလုပ်ငန်းကိစ္စအဝဝကို သိရှိနားလည်ပြီး ပြည်သူအများယုံကြည်အားကိုးသည့် ဆေးရုံဖြစ်ရန် ကြိုးစားကြစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် လူနာများအတွက် အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေသော်လည်း ဝန်ထမ်းစည်းကမ်းစည်းမျဉ်း ဖောက်ဖျက်လျှင် အုပ်ချုပ်သူတာဝန်ခံအနေဖြင့် စည်းကမ်းလိုက်နာထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ခေါင်းဆောင်တစ်ဦး၏ အရည်အချင်းပြည့်ဝရန်လည်း ကြိုးပမ်းကြရန် အရေးကြီးလိုအပ်ကြောင်း၊ ဆေးရုံတိုးတက်ရေးအတွက် အထူးကုဆရာဝန်များ၊ ကျွမ်းကျင်သူဝန်ထမ်းများ၏ အင်အားရယူ၍ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ဆေးရုံတစ်ရုံ တိုးတက်ဖွံ့ဖြိုးစေရန် ကျန်းမာရေးဝန်ထမ်းများနှင့်သာမက ဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ပြည်သူလူထုများ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်တော်မြို့၌ လယ်မြေဧက ၁၀၀ ဖော်ထုတ်

ကျောက်တော် မတ် ၂၁

နိုင်ငံတော်၏ ထောက်ပံ့ငွေဖြင့် စက်မှုလယ်ယာစနစ်တကျ လယ်မြေဧက ၁၀၀ ဖော်ထုတ်နေသည့် ကျောက်တော်မြို့နယ် တောင်ထောင်အုပ်စု ဂါပုကျေးရွာရှိ တောင်သူ ဦးမောင်ထွေး၏လယ်မြေသို့ မတ် ၈ ရက် မွန်းလွဲ ၁ နာရီက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြအောင်၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးသာလူချေတို့ လာရောက်ကြည့်ရှုအားပေးကာ ပြီးစီးမှုအခြေအနေကို သွားရောက်စစ်ဆေးခဲ့ကြသည်။

လှည့်လည်ကြည့်ရှု

အဆိုပါ လယ်မြေဧက ၁၀၀ ဖော်ထုတ်စစ်ဆေးသည့် နေရာသို့ ပြည်နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ၁၈ အုပ်စုမှ တောင်သူ ၁၂၀ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးများနှင့် တောင်သူကြီးများက လယ်ကွင်းအတွင်း လှည့်လည်ကြည့်ရှုပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ပြီးစီးသွားမည်

အဆိုပါ စက်မှုလယ်ယာ စနစ်တကျ လယ်မြေဧက ၁၀၀ ဖော်ထုတ်သည့် စီမံကိန်း၏ လုပ်ငန်းပြီးစီးမှုမှာ ၆၅ ရာခိုင်နှုန်းဖြစ်ပြီး အချောမြေညှိခြင်းလုပ်ငန်းများသာကျန်ရှိနေ၍ ယခုမတ်လအကုန်တွင် လုပ်ငန်းအားလုံး ပြီးစီးသွားမည်ဖြစ်ကြောင်း သိရသည်။

ညသူ

သစ်ပင်အိုို ပြိုလဲမှာစိုး

ထင်သာမြင်သာ ပြုပြင်စရာ

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်(၁) ရပ်ကွက် (မြို့သစ်)အတွင်းရှိ ကွန်ကရစ်လမ်းဘေးဝဲယာတွင် နှစ်ပေါင်း ၈၀ ခန့်က စိုက်ပျိုးထားသည့် ကုက္ကိုပင်များအနက် ကားလမ်းမကြီး၏ ယာဘက်တွင်ရှိသော ကုက္ကိုပင်နှစ်ပင်မှာ သဘာဝအလျောက် သေဆုံးသွားခဲ့ပါသည်။

ယင်းသေဆုံး ခြောက်သွေ့ဆွေးမြည့်နေသော ကုက္ကိုပင်အောက်မှ ကွန်ကရစ်လမ်းသည် ဘုန်းတော်ကြီးကျောင်း၊ ကျည်တောင်ကန် အခြေခံပညာအထက်တန်းကျောင်းနှင့် အများပြည်သူအရောင်းအဝယ်ပြုနေသော ဈေးလမ်းမကြီးပေါ်တွင် တည်ရှိနေပါသဖြင့် လမ်းသွား၊ လမ်းလာပြည်သူများ၊ ကျောင်းသား ကျောင်းသူများသည် သစ်ပင်အိုကြီး ဘယ်အချိန် ပြိုလဲလာမည်ကိုတွေးပြီး အသက်အန္တရာယ်ကို အလွန်စိုးရိမ်နေရပါကြောင်း ရေးသားတင်ပြအပ်ပါသည်။**(ယာပုံ)**

ဦးစိုးသိန်း

သုံးခွမြို့နယ် ကျေးရွာများတွင် စက်ရေတွင်းများတူးဖော်

သုံးခွ မတ် ၂၁

ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုတူညီစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးသည့် လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ပါဝင်သည်။ ယင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် နှစ်စဉ်ပူပြင်းခြောက်သွေ့သော နွေရာသီတွင် ရေရှားပါးမှုမှ ကင်းဝေးရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် (ပင်လယ်ကမ်းနား) ဒေသများအပါအဝင် ကျေးရွာပေါင်း ၁၉ ရွာ၌ နှစ်လက်မပိုက် စက်ရေတွင်းပေါင်း ၂၀ ကို အုတ်ရေကန်နှင့် ရေစက်ရုံများပါ တည်ဆောက်ပေးခဲ့သည်။

နှစ်လက်မပိုက် စက်ရေတွင်းများကို နိုင်ငံတော်က (ယူနီဆက်)၏ထောက်ပံ့ငွေကျပ် သန်း ၂၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၆ သန်း စုစုပေါင်း ကျပ် ၅၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ဖွင့်လှစ်မည်

ရေရှားပါးသည့် အချိန်တွင် စက်ရေတွင်းများကို တူးဖော်ပေးသည့်အတွက် ကျေးရွာသူ ကျေးရွာသားများ ဝမ်းသာပျော်ရွှင်နေကြောင်း သိရသည်။ သုံးခွမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၆၄ အုပ်စုရှိကြောင်း သိရသည်။ ယခု နောက်ဆုံးတူးဖော်ခဲ့သည့် အိဿယကျေးရွာစက်ရေတွင်းအား တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) **ကိုကျော်(သုံးခွ)**

၂၂ · ၃ · ၂၀၁၃ ရက်မှစတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ပြသနေသောဇာတ်ကားများ

သမ္မတ	ဇာတ်လမ်းတောင်းတွေ ရှိခဲ့ရင်	
သွင်	ဇာတ်လမ်းတောင်းတွေ ရှိခဲ့ရင်	
မင်္ဂလာ (၁)	ဇာတ်လမ်းတောင်းတွေ ရှိခဲ့ရင်	
TOP ROYAL	ဇာတ်လမ်းတောင်းတွေ ရှိခဲ့ရင်	
နေပြည်တော်	THE LAST STAND	SCHWARZENEGGER KNOXVILLE
ရွှေဂုံ	THE ATTACKS OF 26/11	Nana Patekar , Atul Kulkarni Ganesh Yadav
မင်္ဂလာ (၂)	OZ THE GREAT AND POWERFUL 3D	James Franco Michelle Williams Rachel Weisz 3D

ပြည်တွင်းသတင်း

မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ။)
၁၃၇၄ ခုနှစ်၊   လ   ရက်
(၂၀၁၃ ခုနှစ်၊   လ   ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြစ်ကျဉ်းသွားလာရေးအက်ဥပဒေ ပုဒ်မ ၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-
"1. This Act shall be called the Defile Traffic Act."

၃။ မြစ်ကျဉ်းသွားလာရေးအက်ဥပဒေပုဒ်မ ၂ တွင်-
(က) ပုဒ်မခွဲ(၁)၌ပါရှိသော "in the Bhamo District;" ဆိုသည့် စကားရပ်ကို "in the Bhamo District. This expression also include the defile prescribed by the Ministry of Transport with the approval of the Union Government;" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ(၂)ကို ပယ်ဖျက်ရမည်။
(ဂ) ပုဒ်မခွဲ(၃)ကို ပုဒ်မခွဲ(၂)အဖြစ် ပြောင်းလဲသတ်မှတ်၍ အောက်ပါအတိုင်း အစားထိုးရမည်-
"(2) "vessel" means the powered vessel, non-powered vessel and any other kind of vessel that can navigate from one place to another with passengers and cargoes. This expression also includes timber and bamboo rafts."

၄။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေ ပုဒ်မ ၃တွင်-
(က) ပုဒ်မခွဲ(၁)၌ ပါရှိသော "The president of the Union may" ဆိုသည့် စကားရပ်ကို "The Ministry of Transport may, with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(ဂ)နှင့် (ဃ)တို့၌ပါရှိသော "steam- vessels " ဆိုသည့်စကားရပ်ကို "vessels " ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။
(ဂ) ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-
"(i) requiring the persons in charge of rafts to report the arrival of the rafts at specified places to officers authorised by the Directorate of Water Resources and Improvement of River Systems, and to produce such passes (if any) for inspection and signature, and to deliver up the passes on arrival at any specified station of the said Directorate;"

၅။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေ ပုဒ်မ ၄ တွင်ပါရှိသော "be punished with fine which may extend to one thousand kyats"ဆိုသည့် စကားရပ်ကို "be punished with imprisonment for a term not exceeding two years or with fine not exceeding two hundred thousand kyats or with both." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ။)
(၁၃၇၄ ခုနှစ်၊   လ   ရက်)
(၂၀၁၃ ခုနှစ်၊   လ   ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရေကြောင်းအတားအဆီးများ အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရေကြောင်းအတားအဆီးများ အက်ဥပဒေ ပုဒ်မ ၈တွင်ပါရှိသော "The President of the Union may" ဆိုသည့် စကားရပ်ကို "The Ministry of Transport may, with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရေကြောင်းအတားအဆီးများ အက်ဥပဒေ ပုဒ်မ ၉ တွင်ပါရှိသော "for a term which may extend to six months, or with fine which may extend to five hundred kyats, or with both" ဆိုသည့် စကားရပ်ကို "for a term not exceeding two years, or with fine not exceeding two hundred thousand kyats, or with both" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရေကြောင်းအတားအဆီးများ အက်ဥပဒေ ပုဒ်မ ၁၂ တွင်ပါရှိသော "The President of the Union " ဆိုသည့် စကားရပ်ကို "the Ministry of Transport with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ရေကြောင်းအတားအဆီးများ အက်ဥပဒေ ပုဒ်မ ၁၃ ကို ပယ်ဖျက်ရမည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ။)
၁၃၇၄ ခုနှစ်၊   လ   ရက်
(၂၀၁၃ ခုနှစ်၊   လ   ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၏ နောက်၌ ပုဒ်မခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"(ဃ) **ပို့ဆောင်ရေးဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။"

၃။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၇၊ ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်း အစားထိုးရမည်-
"(င) တက္ကသိုလ်ကအပ်နှင်းမည့် ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များအပြင် ဂုဏ်ထူးဆောင်ဘွဲ့၊ ဒီဂရီများကိုအပ်နှင်းနိုင်ရေးနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်နိုင်ရေးတို့အတွက်လည်းကောင်း၊ ထိုသို့အပ်နှင်းထားသော ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဒီဂရီတစ်ခုခုအား အထောက်အထားခိုင်လုံပြီး လုံလောက်သောအကြောင်းရှိပါက ပြန်လည်ရုပ်သိမ်းနိုင်ရေးအတွက် လည်းကောင်း တက္ကသိုလ်သို့ လမ်းညွှန်မှုပြုနိုင်သည်။"

၄။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၁၆ ၏နောက်၌ ပုဒ်မ ၁၆-ကအဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"၁၆-က။ (က) တက္ကသိုလ်တွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ရမည်။ ထိုရန်ပုံငွေတွင် အောက်ပါတို့ ပါဝင်စေရမည်-
(၁) မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးအမြတ်ခံစားရရှိသည့် ကုမ္ပဏီများနှင့် ပုဂ္ဂိုလ်များမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် ထည့်ဝင်သည့်ငွေများ၊
(၂) အခြားတစ်နည်းနည်းဖြင့် လက်ခံရရှိသည့်ငွေများ။
(ခ) တက္ကသိုလ်သည် တက္ကသိုလ်ရန်ပုံငွေကို တက္ကသိုလ်၏ ရည်မှန်းချက်များအောင်မြင်ရေးကိစ္စများအတွက် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူဆုံးဖြတ်ချက်နှင့်အညီ သုံးစွဲရမည်။"

၅။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၀ကို အောက်ပါအတိုင်း အစားထိုးရမည်-
"၂၀။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက တည်ထောင်ထားသော ရေကြောင်းပညာသိပ္ပံပိုင် ရန်ပုံငွေများကို လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လည်းကောင်း ပုဒ်မ ၄အရ တည်ထောင်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းတစ်ခုခုအား ဆက်ခံခွင့်ပြုနိုင်သည်။"

၆။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၁၏ နောက်၌ ပုဒ်မ ၂၂အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"၂၂။ တက္ကသိုလ်သည် ရေကြောင်းပညာနှင့်စပ်လျဉ်း၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သောအဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် အခြားလိုအပ်သောလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းတို့ပြုနိုင်သည်။"

၇။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၂ ကို ပုဒ်မ ၂၃အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်-
"၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-
(က) ပို့ဆောင်ရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

MRTV- 4

၂၂-၃-၂၀၁၃ (သောကြာနေ့)
နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo
၅း၀၀	ပဋ္ဌာန်းပါဠိတော်+အာဋ္ဌာနာဋိယသုတ်
၅း၂၀	MRTV-4 သတင်း
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းမရှိလို့မဖြစ် (အပိုင်း-၁၁)**
၉း၄၅	ပညာအလင်းဝေဖြာစေရာ ဖြူးချောင်းမှ အလှူတော်မင်္ဂလာ
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၁း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ ချစ်ခြင်းမှပေးစွမ်းသော (အပိုင်း-၇)
၁၂း၁၅	Minute to Win It
၁း၀၀	မမေ့ခြင်းရဲ့ အကျိုးတရားတရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၂း၀၀	MRTV-4 သတင်း
၆း၀၀	MRTV-4 သတင်း
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းမရှိလို့မဖြစ် (အပိုင်း-၁၂)**
၇း၀၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ **The Sign of Love** (Season-3) (အချစ်သင်္ကေတ) (အပိုင်း-၅)
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် Radiant Berrier Product Introductin Envirotuff)
၈း၀၀	MRTV-4 သတင်း
၈း၁၅	For Tunes Lyrics Contest
၈း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၅၆)
၁၂း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်ခြင်းမှပေးစွမ်းသော**(အပိုင်း-၈)
၁း၄၀	ယဉ်တဲ့သူတိုင်း ထိုက်ထိုက်တန်တန် လှစေဖို့
၁း၅၅	လားရှိုးမြို့မှ ကြိုဆိုပါ၏

GOLDEN STAR

အာရှနဂါး
Ph : 703790,09-861-9008
707062,09-861-7770

Asian Diary

ဘုရားဖူးပို့ဆောင်ရေး
19/22/23/24/25
Ph : 09450044494, 09450044496, 377921

UNIQUE STAR TRAVELS & TOURS
Promotion
Mar:23, Apr:10,11,12,13 (350,000)
Mar:23,Apr:11,12,13,17 (185,000)
Mar:23,Apr:13 (175,000) Mar:23,Apr:11,13 (175,000)
Mar:23,Apr:12 (175,000) Mar:23,Apr:11,13 (185,000)
Mar:23,Apr:12 (195,000) Apr:11,13 (265,000)
Hotel Max Mar:23 (75,000) Apr:11,13 (265,000)
(5),Ground Fl, Asia Plaza, Ph. 391 372, 391 373, 708 353, 705 723, 09- 514 8079
70(A), Kabaraye Pagoda Rd,09-7310 9133,09-7310 9144,09-7310 9155, 09-7310 9166

UNIQUE STAR TRAVELS & TOURS
KOREA AIRLINE (20DAYS/19NIGHTS) APRIL 9~28 (6,000,000)
(SAN FRANCISCO,LOS ANGELES,LAS VEGAS,NEW YORK,WASHINGTON,HARRISBURG,CORNING,NIAGARA FALL)+HONOLULU
TG APRIL 9~22/9~24,11~24/11~26 (4,500,000)
(FRANCE,ITALY,SWITZERLAND,GERMANY,NETHERLAND,BELGIUM,AUSTRIA,LIECHTENSTEIN,VATICAN)+UNITED KINGDOM
TG (SYDNEY,BLUE MOUNTAIN,MOUNT BULLER,MELBOURNE,CANBERRA) APRIL 10~18 (3,400,000)
EVERY (SAT:) (550,000) APR:12,13 (1,700,000)
APR:11,12 (850,000) APR:10,11 (1,400,000)
APR:10,12,13 (1,250,000) APR:10,11,12,13 (1,400,000)
APR:10,13 (1,700,000) TG APR:10,13 (2,000,000)
APR:10,12 (1,700,000) TG APR:9,10,13 (2,800,000)

နိုင်ငံတကာသတင်း

ပါကစ္စတန်ရွေးကောက်ပွဲ မေလ၌ ကျင်းပမည်

အစ္စလာမ္မာဘတ် မတ် ၂၁

ပါကစ္စတန်ရွေးကောက်ပွဲကို လာမည့်မေလ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်က မတ် ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။

ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းမှုများအတွက် မတ် ၂၅ ရက်မှ ၃၀ ရက်အတွင်း ပြုလုပ်ကြရန်လည်း ရွေးကောက်ပွဲကော်မရှင်က ကြေညာထားသည်ဟု ယင်းကော်မရှင်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ပါဝင်ယှဉ်ပြိုင်လိုခြင်းမရှိဘဲ နုတ်ထွက်လိုပါက ဧပြီ ၁၈ ရက်နောက်ဆုံးထား၍ လာရောက်နုတ်ထွက်ရုပ်သိမ်းနိုင်ကြောင်း၊ နုတ်ထွက်မည့် ကိုယ်စားလှယ်လောင်းများစာရင်းကို နောက်ရက်၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သက်တမ်း ငါးနှစ်ပြည့်ခဲ့သည့် ပါကစ္စတန်အမျိုးသားလွှတ်တော်ကို ပြီးခဲ့သည့် မတ် ၁၆ ရက်က ဖျက်သိမ်းခဲ့ပြီး ဖြစ်သည်။ အာဏာရပါတီဟောင်းဖြစ်သည့် ပါကစ္စတန်ပြည်သူ့ပါတီနှင့် အဓိကအတိုက်အခံပါတီဖြစ်သည့် ပါကစ္စတန်မွတ်စလင်အဖွဲ့ချုပ် (ပီအမ်အယ်လ်အင်န်) တို့က ကြားဖြတ်ဝန်ကြီးချုပ်ရာထူးအတွက် ပါလီမန်က အဆိုပြုထားသော အမည်စာရင်းများကို ကန့်ကွက်ထားသည်။

ပါကစ္စတန်နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပါလီမန်က စိစစ်ရွေးချယ်ထားသည့် ဝန်ကြီးချုပ်လောင်းအမည်စာရင်းကို သုံးရက်အတွင်းကန့်ကွက်ခဲ့ပါက ဝန်ကြီးချုပ် ရွေးချယ်မှုကို ရွေးကောက်ပွဲကော်မရှင်က ဆက်လက်တာဝန်ယူရွေးချယ်ရမည်ဖြစ်သည်။ **(ဆင်ဟွာ)**

နျူကလီးယားဗုံးကြဲလေယာဉ်များပျံသန်းမှုအပေါ် မြောက်ကိုရီးယားက အမေရိကန်အား ခြိမ်းခြောက်

ပြုံယမ်း မတ် ၂၁

ဝါရှင်တန်အနေဖြင့် ကိုရီးယားကျွန်းဆွယ်အပေါ် နျူကလီးယားဗုံးကြဲလေယာဉ်များ ဆက်လက်ပျံသန်းနေမည်ဆိုလျှင် အမေရိကန်နှင့် ယင်း၏မဟာမိတ်နိုင်ငံများကို စစ်ရေးအရဆန့်ကျင်သည့် အရေးယူမှုပြုလုပ်သွားမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း မတ် ၂၀ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုများသည် ခွင့်မလွှတ်နိုင်သော ရန်စမှုတစ်ခုနှင့် ကျူးကျော်ဝင်ရောက်ရန်အတွက် ဇာတ်တိုက်လေ့ကျင့်မှုများဖြစ်ကြောင်း ပြုံယမ်းက တရားဝင် စွပ်စွဲရှုတ်ချခဲ့သည်။

မဟာဗျူဟာမြောက် အမေရိကန်ဗုံးကြဲလေယာဉ်များ ကိုရီးယားကျွန်းဆွယ်အပေါ် မကြာခဏပျံသန်းမှုများကို ထပ်မံပြုလုပ်ခဲ့လျှင် ပြင်းထန်သည့် စစ်ရေးအရတိုက်ခိုက်ရန် မြောက်ကိုရီးယားက သန္နိဋ္ဌာန်ချထားသည်။

အဆိုပါ ခြိမ်းခြောက်မှုသည် ၎င်း၏မဟာမိတ်နိုင်ငံတို့နှင့်အတူ မြောက်ကိုရီးယား၊ တောင်ကိုရီးယားတို့အကြား တင်းမာမှုမြင့်မားနေချိန်တွင် ထွက်ပေါ်လာခဲ့သည်။ B-52 ဗုံးကြဲလေယာဉ်တစ်စင်းသည် စစ်ရေးလေ့ကျင့်မှုများပြုလုပ်စဉ်အတွင်း တောင်ကိုရီးယားကျွန်းဆွယ်အပေါ်တွင် ပျံသန်းခဲ့ကြောင်း ပင်တဂွန်က ပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

ဘင်္ဂလားဒေ့ရှ်သမ္မတ ကွယ်လွန်

ဒါကာ မတ် ၂၁

ဘင်္ဂလားဒေ့ရှ်သမ္မတ ဇီလ်လာရာမန်သည် အသက် ၈၄ နှစ်အရွယ်တွင် နာတာရှည်ရောဂါဖြင့် စင်ကာပူဆေးရုံ၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း မတ် ၂၀ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ သမ္မတသည် စင်ကာပူနိုင်ငံ မောင့်အဲလီဇဘက်ဆေးရုံ၌ကွယ်လွန်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများက ပြောသည်။ ဇီလ်လာရာမန်သည် ပါကစ္စတန်နိုင်ငံမှ လွတ်လပ်ရေး ကြိုးပမ်းခဲ့ရာတွင် အဓိက ဦးဆောင်ခဲ့သူ ဖြစ်သည်။ ၎င်းသည် ၁၉၇၅ ခုနှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးသမ္မတ ရှိတ်မူဂျီဘာရာမန် လုပ်ကြံခံရပြီးနောက် စစ်တပ်၏ဖမ်းဆီးခြင်းကို ခံရပြီး ထောင်လေးနှစ်ချခံခဲ့ရသည်။ ရှိတ်မူဂျီဘာသည် လက်ရှိဝန်ကြီးချုပ် ရှိတ်ဟာစီနာ၏ ဖခင်ဖြစ်သည်။ ၂၀၀၉ ခုနှစ်က ရာမန်အားသမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခဲ့သည်။ **(ဆင်ဟွာ)**

ဆီးရီးယား၌ ဓာတုလက်နက်သုံးမှု မမှန်ကြောင်း ရုရှားပြောကြား

မော်စကို မတ် ၂၁

ဆီးရီးယားနိုင်ငံအတွင်း ဖြစ်ပွားနေသော တိုက်ခိုက်မှုများအတွင်း ဓာတုလက်နက်များ အသုံးပြုခဲ့မှုအတွက် ခိုင်လုံသောအထောက်အထားမတွေ့ရှိရကြောင်း ရုရှားထိပ်တန်းအရာရှိတစ်ဦးက မတ် ၂၀ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ဆီးရီးယားပြည်တွင်း၌ ဓာတုလက်နက်များ အသုံးပြုသည်ဟု သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ဓာတုလက်နက်သုံးစွဲခဲ့သည့် လက္ခဏာများ မတွေ့ရကြောင်း ရုရှားနိုင်ငံခြားရေးဒုတိယဝန်ကြီး ဂါတီယော့ဗ်က ပြောကြားသည်။

ဆီးရီးယားနိုင်ငံ အလီပိုပြည်နယ် တိုက်ခိုက်ရေးသမားများမှ မတ် ၁၈ ရက်က ပစ်ခတ်ခဲ့သော ဒုံးကျည်တစ်စင်းတွင် ဓာတုထိပ်ဖူးတပ်ဆင်ထားခဲ့ကြောင်း၊ ယင်းဓာတုထိပ်ဖူးတပ် ဒုံးကျည်သည် ခန်ခါအဆယ်မြို့အတွင်း စစ်စခန်းတစ်ခုကို ထိမှန်ခဲ့ရာ ဆီးရီးယားတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် အရပ်သား ၂၁ ဦးတို့ သေဆုံးခဲ့ရကြောင်း ဆီးရီးယားသံတမန်တစ်ဦးက ပြောကြားခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

တင်မောင်လွင် - စုစည်းသည်

တောင်ကိုရီးယားဆိုက်ဘာတိုက်ခိုက်ခံရမှု တရုတ် IP လိပ်စာတစ်ခုနှင့်ဆက်နွှယ်နေ

ဆိုးလ် မတ် ၂၁

တောင်ကိုရီးယားနိုင်ငံ၏ ဘဏ်များနှင့် အသံလွှင့်ဌာနများ၏ ကွန်ပျူတာကွန်ရက်များအား ဆိုက်ဘာတိုက်ခိုက်ခံရမှုသည် တရုတ်နိုင်ငံရှိ အင်တာနက်လိပ်စာတစ်ခုမှ ရောက်ရှိလာခဲ့ကြောင်း၊ သို့သော်လည်း ယင်းဖော်ထုတ်မှုကို အတည်မပြုနိုင်သေးကြောင်း တောင်ကိုရီးယားအရာရှိများက ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့သည်။

အမည်မသိ ဟက်ကာများသည် မတ် ၂၀ ရက်တွင် အဖွဲ့အစည်းခြောက်ခုမှ ကွန်ရက်များ တိုက်ခိုက်မှုအတွက် မလိုမုန်းတီးသော ကုတ်နံပတ်တစ်ခုအား ထည့်သွင်းပြီး တရုတ်လိပ်စာတစ်ခုကို အသုံးပြုခဲ့ကြောင်း ဆက်သွယ်ရေးဆိုင်ရာအဖွဲ့အစည်းက ပြောကြားခဲ့သည်။

ပြောကြား

အဆိုပါတိုက်ခိုက်မှု၏ မူလဇာစ်မြစ်များကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန် ၎င်းတို့အနေဖြင့် ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းအရာရှိများက ပြောကြားသည်။

၂၀၀၉ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်အတွင်းက တိုက်ခိုက်မှုများအတွက် မြောက်ကိုရီးယားနိုင်ငံကို ပြစ်တင်ရှုတ်ချခဲ့သည်။ အမည်မသိဟက်ကာများသည် ယင်းသို့ တိုက်ခိုက်မှုအတွက် ၎င်းတို့၏ကွန်ပျူတာများအတွင်း မလျော်ကန်သောဂဏန်းနံပါတ်များကို ထည့်သွင်းပြီး ထိခိုက်ခံရသည့် အဖွဲ့အစည်းခြောက်ခု၏ ကွန်ပျူတာကွန်ရက် ဆာဗာများနှင့် ချိတ်ဆက်ရန် တရုတ် IP လိပ်စာတစ်ခုကို အသုံးပြုခဲ့ကြကြောင်း တောင်ကိုရီးယားဆက်သွယ်ရေးအဖွဲ့အစည်းမှတာဝန်ရှိသူတစ်ဦးဖြစ်သည့် ပက်ကျိုမွန်က ပြောကြားခဲ့သည်။

နောက်ဆုံးတိုက်ခိုက်ခံရမှုသည် တောင်ကိုရီးယားဘဏ်နှစ်ခုဖြစ်သည့် ရှင်ဟန်ဘဏ်နှင့် နောင်ဟက်ဘဏ်တို့ အပါအဝင် ကေဘီအက်စ်၊ အမ်ဘီအက်စ်နှင့် ဝိုင်တီအင်န်ရုပ်/သံထုတ်လွှင့်မှုဌာနသုံးခုတို့ဖြစ်ပြီး ၎င်းအဖွဲ့အစည်းအားလုံးသည် မတ် ၂၀ ရက် မွန်းလွဲပိုင်းက ၎င်းတို့၏ အင်တာနက်ကွန်ရက်များအားလုံး ရုတ်တရက်ပိတ်သွားခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

အာဖဂန်စစ်ပွဲပြန် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်ခုနစ်ဦး အမေရိကန်၌ မတော်တဆပေါက်ကွဲမှုကြောင့် သေဆုံး

ကာဆွန်းစီးတီး မတ် ၂၁

အာဖဂန်နစ္စတန်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် အမေရိကန် တပ်ဖွဲ့ဝင်အများစုပါဝင်သော အသက် ၁၉ နှစ်မှ ၂၆ နှစ်အရွယ်ရှိ တပ်ဖွဲ့ဝင်တစ်စုတို့သည် ယခုသီတင်းပတ်အတွင်း အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်၌ စစ်ရေးလေ့ကျင့်မှုပြုလုပ်နေစဉ် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး မရိန်းတပ်ဖွဲ့ဝင်ခုနစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာစစ်ဘက်ဌာနမှ မတ် ၂၀ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

ယင်းဝမ်းနည်းဖွယ်မတော်တဆဖြစ်ရပ်အတွင်း သေဆုံးဒဏ်ရာရရှိခဲ့သူ မရိန်းတပ်ဖွဲ့ဝင်များနှင့် အမှုထမ်းများ၏ မိသားစုများထံသို့ ဆုတောင်းပြီး ဝမ်းနည်းကြေကွဲကြောင်းသတင်းများ ပေးပို့ထားသည်ဟု ဒုတိယရေတပ်ဗိုလ်ချုပ်ကြီး ဂျင်လူကီမင်က ပြောကြားခဲ့သည်။ "ကျွန်တော်တို့ အခုလောလောဆယ်မှာတော့ သေဆုံးဒဏ်ရာရရှိခဲ့ကြတဲ့ တပ်ဖွဲ့ဝင်တွေရဲ့ မိသားစုဝင်တွေလိုအပ်တဲ့ အကူအညီအထောက်အပံ့တွေပေးဖို့ပဲ ဖြစ်ပါတယ်။ အမှန်တကယ်လည်း အခုကျွန်တော်တို့ လုပ်ဆောင်ပေးနေပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အဆိုပါ ကျဆုံးတပ်ဖွဲ့ဝင်ခုနစ်ဦးအတွက် ပြီးခဲ့သည့် မတ် ၁၉ ရက်က နီဗားဒါးပြည်နယ်ရှိ ဟောသွန်းမြို့၌ ဂုဏ်ပြုအထိမ်းအမှတ်ဝတ်ပြုဆုတောင်းပွဲ ပြုလုပ်ခဲ့သည်ဟု သိရသည်။ **(အေဘီစီ)**



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများစစ်ဆေး

နေပြည်တော် မတ် ၂၁

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မတ် ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့အတွင်းရှိ သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိခဲ့ပြီး စက်ရုံအတွင်း ဓာတ်အားပေးတာဘိုင်စက်များလည်ပတ်၍ ဓာတ်အားထုတ်လုပ်ပေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ ရေအားဓာတ်အားပေးစက်ရုံ၏ ရေထိန်းတမံများအတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေ၊ တမံအတွင်း ရေဝင်ရောက်မှု၊ ရေထိန်းသိမ်းထားရှိမှုနှင့် ရေထိန်းတံခါးများ၏ ကြံ့ခိုင်မှုတို့ကိုလှည့်လည်စစ်ဆေးသည်။

စစ်ဆေးကြည့်ရှု

ဆက်လက်၍ ကန့်ဘလူမြို့နယ်ရှိ ၁၃၂ ကေဗွီ ငှက်ပျောဒိုင်း ပင်မဓာတ်အားခွဲရုံ၌ ဓာတ်အားခွဲရုံ၏ ကြံ့ခိုင်မှု၊ ဓာတ်အားလိုင်းများမှ ဓာတ်အား လက်ခံရရှိမှုနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးထားရှိမှုတို့ကို စစ်ဆေးကြည့်ရှုသည်။

မတ် ၁၉ ရက် ညနေပိုင်းတွင် လားရှိုးမြို့ရှိ ၆၆/၃၃ ကေဗွီ ၂၀ အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိခဲ့ပြီး ဓာတ်အားခွဲရုံထိန်းချုပ်ခန်းအတွင်း လားရှိုးမြို့နှင့် သိန်းနီမြို့များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးထားရှိမှုအခြေအနေနှင့် ဖြန့်ဖြူးပေးသည့် လျှပ်စစ်ပမာဏတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဓာတ်အားခွဲရုံ Switch Yard အတွင်းလှည့်လည်၍ မိုင်းရယ်မြို့သို့ ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် Switch bay extension တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၂၀ ရက်တွင် နမ့်တူမြို့နယ်ရှိ ၂၃၀ ကေဗွီ ၆၀ အမ်ဗွီအေ မန်စံ ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး မဟာဓာတ်အားလိုင်း ကြံ့ခိုင်မှုအတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဓာတ်အားခွဲရုံကြံ့ခိုင်ရေးတို့အတွက် စီမံရမည့်အချက်များကို မှာကြားခဲ့သည်။

စွမ်းရည်ပြည့်

ဆက်လက်၍ ပင်မဓာတ်အားခွဲရုံ Control Room အတွင်း ရွှေလီဓာတ်အားပေးစက်ရုံမှ နာရီစဉ်အလိုက် ဓာတ်အားလက်ခံရရှိမှုနှင့် နိုင်ငံအတွင်း ဖြန့်ဖြူးရန်အတွက် ရွှေစာရံပင်မဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်ပေးနိုင်မှုပမာဏ၊ ဗို့အားတို့ကိုလည်းကောင်း၊ ပင်မဓာတ်အားခွဲရုံ Switch Yard အတွင်း လှည့်လည်စစ်ဆေးပြီး ထရန်စဖော်မာများ၏ စွမ်းရည်ပြည့် အသုံးပြုနိုင်မှု၊ ကြံ့ခိုင်မှုအခြေအနေတို့ကို လည်းကောင်း စစ်ဆေးကြည့်ရှုခဲ့သည်။

စီမံဆောင်ရွက်ပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သီပေါမြို့ရှိ ၆၆/ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံ၌ Switch Yard အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ကျေးရွာများဖြစ်ကြသော ဇယန်းကြီးတိုးချဲ့ရွာ၊ ကယားလန်းရွာ၊ ဟိုချောင်းကျေးရွာ၊ တောင်မကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် နမ့်ဆန်မြို့မှတစ်ဆင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းပေးရေးအတွက် စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၁

ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်အား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပဋိပက္ခနှင့်တည်ငြိမ်ရေးဆိုင်ရာ ဆောင်ရွက်မှုဗျူရိုမှ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr.Frederick Durrie Barton ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီဆောင် အမှတ်(၁)၌ လာရောက်တွေ့ဆုံပြီး မြေမြှုပ်မိုင်းရှင်းလင်းရေးကိစ္စ၊ ရခိုင်ပြည်နယ်အခြေအနေနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီအတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးအင်ဖုန်ဆန်း၊ ဦးစောသိန်းအောင်၊ ဦးဘရှိန်၊ ဦးဦးရယ်၊ ဦးစိုင်းအောင်ကြည်၊ ဦးစတီဖန်၊ ဦးခင်မောင်ဌေးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

တိုက်ဂါးမြန်မာဂေါက်သီးရိုက် တတိယနေ့(၁၈)ကျင်းပြိုင်ပွဲ လက်ရွေးစင်မျိုးဝင်းအောင် ဦးဆောင်လျက်ရှိ

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ Tiger Golf က အဓိကကူညီပံ့ပိုးသည့် TIGER MYANMAR AMAIEUR OPEN GOLF CHAMPIONSHIP 2013 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို မတ် ၂၁ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ တညင်းကုန်းဂေါက်ကလပ်၌ ဆက်လက် ကျင်းပရာ မြန်မာ့လက်ရွေးစင်မျိုးဝင်းအောင်က ဦးဆောင်ကစားလျက်ရှိသည်။

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် မျိုးဝင်းအောင်သည် ပထမနေ့နှင့် ဒုတိယနေ့ပြိုင်ပွဲများထက် ပိုမိုလက်စွမ်းပြပြီး သုံးရက်ပေါင်း နှစ်ချက်လျှော့ရိုက်ပြီး ၂၁၄ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

TAWAN PHONGPHUN (ထိုင်း)နှင့် DANTHAI BOONMA (ထိုင်း)တို့က သုံးရက်ပေါင်း ၂၁၆ ချက်စီဖြင့် ဒုတိယလိုက်ပြီး NICKILAUS CHIAM (စင်ကာပူ)က တတိယလိုက်နေသည်။ မြန်မာနိုင်ငံမှ လက်ရှိချန်ပီယံ သိန်းနိုင်စိုးက တတိယနေ့ပြိုင်ပွဲတွင် လေးချက်ပိုရိုက်ပြီး ၂၂၀ ချက်ဖြင့် အဆင့်(၇)နေရာ၌ ရပ်တည်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် SRIXON/IMPERAL JADE PURIFIED DRINKING WATER/ 100 PLUS(ISOTONIC DRINK)/ YANGON GOLF CLUB နှင့် Elite Express တို့ကလည်း ထပ်မံ၍ ကူညီပံ့ပိုးပေးလျက်ရှိသည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈)ကျင်း ပြိုင်ပွဲကို မတ် ၂၂ ရက် နံနက် ၇ နာရီခွဲတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

※ ကျောဖုံးမှ

ပေါက်ပြဲဒဏ်ရာတစ်ချက်၊ မျက်နှာဖူးရောင်ဒဏ်ရာများရရှိခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မိတ္ထီလာ အမှတ်(၂) ရဲစခန်း၌ (ပ) ၇၄/၂၀၁၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၃၂၅/ ၄၂၇/၁၁၄ဖြင့် အမှုဖွင့်ပြီး ဆိုင်ရှင် ဦးထွန်းထွန်းဦးအပါအဝင် သုံးဦးအား ဖမ်းဆီးထိန်းသိမ်းထားရှိခဲ့ကြောင်း သိရသည်။

ထို့နောက် မွန်းလွဲ ၁ နာရီကျော်ခန့်တွင် အခင်းဖြစ်ရွှေဆိုင်အနီးသို့ အထက်ပါဖြစ်စဉ်အပေါ် မကျေနပ်သူ လူအုပ်စုများရောက်ရှိလာပြီး ယင်းအုပ်စုမှလူအချို့က ဈေးဆိုင်ခြောက်ဆိုင်အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထို့နောက် ဈေးအနောက်ဘက်ရှိ ဘာသာရေးအဆောက်အအုံတစ်လုံးအားဖျက်ဆီးခြင်း၊ အနီးရှိဆိုင်ကယ်လေးစီးအား ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း၊ ထို့နောက် ညပိုင်းအထိ လူအုပ်စုများက တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အဆောက်အအုံများ၊ ဈေးဆိုင်ခန်းများ၊ ဆိုင်ကယ်များကို ဖျက်ဆီးခြင်း၊ မီးရှို့ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ လူအုပ်စုများ၏ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ဖျက်ဆီးမှုများကြောင့် ဈေးအရှေ့ပြင်ရပ်ကွက်ရှိ အခင်းစတင်ဖြစ်ပွားသည့် ရွှေဆိုင်တစ်ဆိုင်၊ ဘာသာရေးအဆောက်အအုံတစ်လုံးနှင့် ဂျစ်ကားတစ်စီး၊ အောင်ဇေယျာရပ်ကွက်ရှိ သုံးဘီးဆိုင်ကယ်နှစ်စီးနှင့် ဆိုင်ကယ်တစ်စီး၊ တော်ဝင်နန်း လမ်းဆုံအနီးရှိ ဆိုင်ခန်းများနှင့် အခြားအဆောက်အအုံတစ်လုံး၊ သီရိမင်္ဂလာရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံး အဆောက်အအုံတစ်လုံး၊ ရန်မျိုးအောင်ရပ်ကွက်ရှိ ကားပစ္စည်းဆိုင်နှင့် အဆောက်အအုံအချို့၊ ပြည်သာယာတောင်ရပ်ကွက်ရှိ အဆောက်အအုံအချို့၊ ရတနာမာန်အောင်ရပ်ကွက်ရှိ အဆောက်အအုံအချို့နှင့် ဆယ်ဘီးကားတစ်စီး ပျက်စီးဆုံးရှုံးခဲ့သည်။

ရှုန်းရင်းဆန်ခတ်ဖြစ်ပွားမှုကြောင့် ယနေ့ မွန်းလွဲ ၁ နာရီအထိ ရရှိသောသတင်းများအရ သံဃာတစ်ပါးပျံလွန်တော်မူကာ အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ငါးဦးသေဆုံးခဲ့ကြောင်း၊ (၃၉)ဦး မစိုးရိမ်ရသော ဒဏ်ရာများရရှိခဲ့ကြသဖြင့် မိတ္ထီလာဆေးရုံ၌ အတွင်းလူနာ/အပြင်လူနာများအဖြစ် ဆေးဝါးကုသပေးခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်၍ မတ်၂၀ ရက် ည ၈ နာရီမှစ၍ မိတ္ထီလာမြို့နယ် အုပ်ချုပ်ရေးမှူးက မိတ္ထီလာမြို့ပေါ်ရှိ ရပ်ကွက် ၁၄ ရပ်ကွက်အတွင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကို ကျင့်သုံး၍ တားမြစ်မိန့်ထုတ်ပြန်ထားကြောင်း သိရှိရသည်။

အရေးယူဖော်ထုတ်

အများပြည်သူတို့၏ လိုအင်ဆန္ဒနှင့်အညီ တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် မြို့နယ်၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဖောက်ဖျက်ပြီး ဆူပူအကြမ်းဖက်ခြင်း၊ မီးရှို့ခြင်း၊ သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းများကို ဦးဆောင်ပြုလုပ်ခဲ့သူများအား တရားဥပဒေအရ ထိထိရောက်ရောက် အရေးယူဖော်ထုတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။

(သတင်းစဉ်)

ပျောက်ဆုံးကြောင်း

ဒေါ်ရင်ရင်ကြည် ၁၂/တမန(နိုင်)၀၅၄၉၉၃၏ သ/၆၈၅၃ မော်တော်ယာဉ်အခွန်စိမ်းပုံစံ (၁)စာရွက်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၇၃၅၀၄

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စည်သူ၏ သွင်းကုန်လိုင်စင်မူရင်း IL 5 11-12 1263 သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၄၃၁၈၈

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်သီတာမြင့် ၁၂/ဒဂတ(နိုင်)၀၀၀၆၁၁၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၀၆၃၄၁၈

ခြံရောင်းမည်

မ/ဥက္ကလာဆေးတက္ကသိုလ်ရှေ့၊ ဥက္ကာ (၈)လမ်း၊ VIP ရပ်ကွက်၊ အဆောင်ဖွင့်ရန် အလွန်ကောင်း။ ဖုန်း-၀၉-၅၀၁၇၂၃၃

သောက်ရေသန့်နှင့်အချိုရည်လုပ်ငန်းရောင်းမည်

လက်ရှိလည်ပတ်လျက်ရှိသော(ISO) လက်မှတ်ရ သောက်ရေသန့်နှင့် အချိုရည် ကာဘိုနိတ်တက်လိုင်စင်ရလုပ်ငန်းကို စက်ရုံအဆောက်အအုံအပါအဝင် မြေတစ်ဇကေခွဲဝန်းကျင်ကို ရောင်းမည်။

ပေ(၁၀၀×၆၀) စက်ရုံနှစ်လုံး(စက်အပါအဝင်)
ပေ(၅၀×၂၀) ဂိုဒေါင်နှစ်လုံး
ပေ(၃၀×၈၀) ဂိုဒေါင်တစ်လုံး

ပြည်တွင်းလက်ရှိဈေးကွက်မှာ နာမည်ရှိပြီးသားလုပ်ငန်းဖြစ်သည်။ စိတ်ဝင်စားသူများ အောက်ပါဖုန်းသို့ အမြန်ဆက်သွယ်ပါ။

ဖုန်း-၀၉-၇၃၁၄၄၄၆၄

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တပေါင်းလနှင့် သဲပုံစေတီပွဲတော်

ဒေါက်တာအောင်သန်းဝင်း
(အရှေ့တိုင်းပညာ)

တပေါင်းလသည် မြန်မာ့ပြက္ခဒိန်၏ ဆယ့်နှစ်လမြောက်ဖြစ်၍ တစ်နှစ်တာ၏ နောက်ဆုံးလလည်း ဖြစ်သည်။ တပေါင်းလ၏ ပထမလဝက်သည် ဆောင်းရာသီတွင် ကျရောက်၍ ဒုတိယလဝက်သည် နွေရာသီတွင် ပါဝင်သည်။ ထို့ကြောင့် ဆောင်းအကုန် နွေအကူးသာယာလှသော လဖြစ်သည်။ သို့သော်နေ့တွင်ပူ၍ ညတွင်အေးသောကြောင့် "နေ့ပူလို့ ညချမ်း၊ တပေါင်းလသရမ်း"ဟု ရှေးမြန်မာကြီးတို့က စာချိုးခဲ့ကြသည်။ နံနက် ၆ နာရီ ၁၀ မိနစ်တွင် နေထွက်၍ ညနေ ၅ နာရီ ၁၀ မိနစ်တွင် နေဝင်သော နေ့တာတို့၏ ညတာရှည်သော ရက်စုံလလည်း ဖြစ်သည်။

တပေါင်းကို ပုဂံခေတ်ထိုး ကျောက်စာများတွင် 'တပေါင်'ဟု ရေးခဲ့သည်ကို တွေ့ရ၏။ အင်းဝခေတ်၌မူ ဝိသဇ္ဇနီရေးထုံးပေါ်လာပြီဖြစ်၍ ယခုခေတ်ကဲ့သို့ 'တပေါင်း' ဟု ရေးသားခဲ့ကြသည်။ ဗေဒင်အလိုအားဖြင့် တပေါင်းလကို မိန်ရာသီဟုခေါ်သည်။ ငါးဟု အဓိပ္ပာယ်ရသည့် ပါဠိပုဒ်မိနမှ မိန်ဟု ဖြစ်လာသည်။ အဓိပ္ပာယ်မှာ ငါးများ ရှင်မြူးကြိုက်နှစ်သက်သော ရာသီ(ဝါ) ငါးနှစ်ကောင်ရုပ်ရှိသော ရာသီဟု ဆိုလိုသည်။စန်းယှဉ်နက္ခတ်မှာ ဥတ္တရာဘရဂုဏ်ဖြစ်သည်။ သရဖီပန်းကို တပေါင်းလ၏ ရာသီပန်းအဖြစ် အသိအမှတ်ပြုကြ၏။

တပေါင်းလသည် မြစ်များ၊ ချောင်းများ ရေစစ်ကာသောင်ခုံ၊သဲပြင်များ ပေါ်ထွန်းလာသဖြင့် ရှေးအခါက သဲပုံစေတီပွဲတော်ကို ရာသီပွဲတော်အဖြစ် ကျင်းပလေ့ရှိကြသည်။ သဲပုံစေတီပွဲတော်သည် ဗုဒ္ဓဘာသာမှ ဆင်းသက်လာသည့် မြန်မာ့ယဉ်ကျေးမှုပွဲတော်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ စတင်ထွန်းကားလာချိန်ကပင်ရှိခဲ့သောပွဲတော်ဟု ယူဆရသည်။ အနော်ရထာမင်းစောခေါ် အနုရုဒ္ဓဒေဝမင်းသည် ပုဂံမြို့အနီးရှိ ဧရာဝတီမြစ်ကမ်းသဲခုံတွင် စွယ်တော်မြတ်ကို ဌာပနာ၍စေတီတော်ကြီးတစ်ဆူ တည်ထားခဲ့သည်။ ထိုစေတီတော်ကြီးကို သဲခုံပေါ်တွင် တည်ထားသဖြင့် ရွှေစည်းခုံစေတီဟု ဘွဲ့တော်သတ်မှတ်ခဲ့ရာ ယခုတိုင် အထင်အရှားတည်ရှိနေပေသေးသည်။ စည်းခုံသည် သဲခုံကို ဆိုလိုခြင်းဖြစ်သည်။

သို့သော် ထိုပွဲတော်အကြောင်းကို အစောဆုံးတွေ့ရသည့် ရှေးဟောင်းစာပေမှာ အင်းဝခေတ်၊ စာဆိုအကျော်ရှင်မဟာသီလဝံသဖွဲ့ဆိုခဲ့သည့်ဗုဒ္ဓပ္ပတ္တိပျို့ဖြစ်၏။ ထိုပျို့စာမျက်နှာ ၂၇ တပေါင်းလဘွဲ့တွင်-

"ငါးတန်ငါးကြင်း၊ ရွှေတသင်းတို့၊ မြစ်တွင်းမြူးပျော်၊ ဇင်ယော်မြစ်တွေး၊ ချစ်သံလေးနှင့် ရေကျေးရေငှက်၊ စက္ကဝက်ဟဟ်၊ ငှက်တကာလည်း၊ ဘာသာကျူးကျော်၊ မြူးပျော်ကြတုံ၊ ငွေသောင်ခုံဝယ်၊ သဲပုံစေတီ၊ ပွဲတော်ပြီတည်း" ဟု တွေ့ရှိရာ အင်းဝခေတ်၌ သဲပုံစေတီပွဲတော်ရှိနေပြီ ဖြစ်ကြောင်း အခိုင်အမာ သိရသည်။

သဲပုံစေတီတည်ထားကိုးကွယ်ခြင်းသည် ရှေးကမ္ဘာအသချေ်ကပင် ရှိခဲ့သော ဘာသာယဉ်ကျေးမှုဖြစ်သည်ဟု ဗုဒ္ဓသာသနိကကျမ်းများ၌ ဖော်ပြထားပေသည်။ သဲပုံစေတီဖြစ်ပေါ်လာပုံသမိုင်းကို အပဒါန်ပါဠိတော်၊ ပုလိနုပ္ပါဒကမထေရ်အပဒါန်၌ ဖော်ပြထားသည်။ ထို့အပြင်သုံးလောကထွတ်ထား ဂေါတမရှင်တော်ဘုရားကလည်း ဗာဟိယဒါရုစီရိယရဟန္တာပရိနိဗ္ဗာန်စံဝင်သည့်အခါ 'ထိုဗာဟိယ၏ စေတီကိုလည်း ပြုကြကုန်လော့' ဟု ဘုရားရှင်ကိုယ်တော်တိုင်မိန့်ဆိုတော်မူကြောင်း အပဒါန်ပါဠိတော်၊ ဥဒါန်းပါဠိတော်များ၌ တွေ့ရသည်။

မြန်မာနိုင်ငံတွင် တပေါင်းလသို့ ရောက်လာသည့်အခါ မြစ်များ၊ ချောင်းများ၌ ရေစစ်ကာ သဲခုံသောင်ခုံဖြူဖြူဖွေးဖွေးများ ထိုမှ ဤမှပေါ်ထွန်းလာလေ့ရှိသည်။ ထို့အပြင် ထိုရာသီသည် လယ်ထွက်၊ ယာထွက်၊ သီးနှံများကို ရောင်းချချိန်ဖြစ်၍ တောင်သူဦးကြီးတို့ ငွေစရွှင်သည့်ရာသီဖြစ်ပေသည်။ လယ်ယာလုပ်ငန်းများပြီးစီး၍ လုပ်ငန်းခွင်မှ အနားယူချိန်လည်း ဖြစ်ပေသည်။ ယင်းသို့ အကြောင်းညီညွတ်သော အချိန်ဖြစ်၍ မြန်မာဘုရင်များသည် ထိုလတွင် သဲပုံစေတီပွဲကို ရာသီပွဲအဖြစ်သတ်မှတ်၍ ရွှေနန်းတော်ကြီးမှသည် ကျေးလက်တောရွာကလေးများအထိ ခြိမ့်ခြိမ့်သဲဆင်နွှဲကျင်းပကြသည်။ ထိုအချိန်တွင် မင်း၊ မိဖုရားနှစ်ပါးတို့သည် မင်းညီမင်းသား၊ မှူးတော်၊ မတ်တော်များနှင့်အတူ သောင်ပြင်သို့ ထွက်စံတော်မူကာ သဲပုံစေတီများကိုတည်၍ ပူဇော်ကန်တော့ကြလျက် ပွဲလမ်းသဘင်ဆင်ယင်ကျင်းပကြသည်။

ရှေးအခါက တောင်သူလယ်သမား ဦးကြီးများ တည်ထားလေ့ရှိသော သဲပုံစေတီတော်များမှာ မူလတည်ထားစအချိန်တွင် အုတ်များဖြင့် မပြုလုပ်နိုင်ကြ၍ ရိုင်ပတ်ဆင့်ပြီး တည်ထားလေ့ရှိကြပါသည်။ ရိုင်ပတ်များကို အဆင့်ငါးဆင့် တည်ဆောက်ကြသည်။ ဤအဆင့်ငါးဆင့်မှာ မြင်းမိုရ်တောင်ရှိ အာလိန်ငါးဆင့်ပုံကို ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ ထိုအာလိန်ငါးဆင့်တွင် သန့်စင်သောသဲများဖြင့် အပြည့်သိပ်ရသည်။ ပြီးလျှင် တံခွန်၊ ကုက္ကား၊ လျှုဖွယ်ပစ္စည်းများဖြင့် ပူဇော်၍ အလှူအတန်းပွဲများ ပြုလုပ်သည်။ ထို့နောက် နှစ်ကာလကြာလျှင် အုတ်တို့ဖြင့် စေတီကိုငုံလျက် စေတီကြီးအဖြစ်သို့ ဆက်လက်တည်ဆောက်ကြသည်ဟု ဆိုပါသည်။

သက်တော် ထင်ရှားမြတ်စွာဘုရားကို ပူဇော်သည်ဖြစ်စေ၊ ပရိနိဗ္ဗာန်ဝင်စံပြီးသော ဘုရားရှင်၏ မုန်ညင်းစေ့မျှသော ဓာတ်တော်တို့ကို ပူဇော်သည်ဖြစ်စေ၊ သဒ္ဓါကြည်ညိုစိတ်တူမျှခဲ့သော် ကုသိုလ်ပမာဏ တူမျှ၍ အကျိုးပေး တူညီ၏။ ထို့ကြောင့် စေတီပုထိုးတည်ထား၍ ဘုရားဓာတ်တော်များကို ကိုးကွယ်ပူဇော်ပါလေဟု ထေရအပဒါန်ပါဠိတော်က ဆိုထားသည်။

သက်တော်ထင်ရှားမြတ်ဘုရား၌ ဖြစ်စေ၊ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော ဘုရားရှင်၏ ရုပ်ပွားတော်ဓာတ်၊ စေတီမြတ်၌ဖြစ်စေ၊ သဒ္ဓါကြည်ညိုသောစိတ်ညီမျှခဲ့လျှင် အကျိုးပေးလည်း ညီမျှ၏။ စိတ်စေတနာကောင်းခြင်းဟူသော အကြောင်းကြောင့်သာ သတ္တဝါများ ချမ်းသာဂတိသို့ ရောက်ကြရ၏ဟု ဝိမာနဝတ္ထုပါဠိတော်က ရှင်းပြထားပါသည်။

ဖော်ပြပါ ပါဠိတော်များအရ သဲပုံစေတီ တည်ထားကိုးကွယ်ခြင်းသည် စိတ်ထားတတ်ပါက လွန်စွာအကျိုးထူးသောပွဲတော်ဖြစ်သည်။ သို့သော် ယခုခေတ်၌ ဤပွဲတော်သည် ပျောက်ကွယ်လုနီးပါးရှိနေသည်။ အထက်မြန်မာနိုင်ငံ မြို့ရွာအနည်းငယ်၌သာ ကျင်းပလေ့ရှိသော ပွဲတော်အဖြစ်သို့ ပြောင်းလဲသွားပြီဖြစ်သည်။

> "သက်တော်ထင်ရှားမြတ်ဘုရား၌ ဖြစ်စေ၊ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော ဘုရားရှင်၏ ရုပ်ပွားတော်ဓာတ်၊ စေတီမြတ်၌ဖြစ်စေ၊ သဒ္ဓါကြည်ညိုသောစိတ်ညီမျှခဲ့လျှင် အကျိုးပေးလည်း ညီမျှ၏။ စိတ်စေတနာကောင်းခြင်းဟူသော အကြောင်းကြောင့်သာ သတ္တဝါများ ချမ်းသာဂတိသို့ ရောက်ကြရ၏"

၁၃၇၄/၁၃၇၅ ခုနှစ်အတွက် မဟာသင်္ကြန် အခါတော် (အကျ-အကြတ်-အတက်)ရက်နှင့် မြန်မာ-ရခိုင်-ဝါဆို-ဝါကပ်-လ ရက်များ

၁။ **မဟာသင်္ကြန် အကျရက်**
- ဇယတု-မြန်မာသက္ကရာဇ်-၁၃၇၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄)ရက် တနင်္ဂနွေနေ့။
- ရခိုင်သက္ကရာဇ်-၁၃၇၄ ခုနှစ်၊ တာကူးလဆန်း (၄)ရက် တနင်္ဂနွေနေ့။
- ခရစ်နှစ် ၂၀၁၃၊ ဧပြီလ ၁၄ ရက် တနင်္ဂနွေနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက်စက် ၄ နာရီ၊ ၆ မိနစ်၊ ၂ စက္ကန့် အချိန်တွင် မဟာသင်္ကြန်အကျဖြစ်သည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**
- မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၅)ရက် တနင်္လာနေ့။
- ရခိုင်သက္ကရာဇ် ၁၃၇၄ ခုနှစ် တာကူးလဆန်း (၅)ရက် တနင်္လာနေ့။
- ခရစ်နှစ် ၂၀၁၃၊ ဧပြီလ ၁၅ ရက် တနင်္လာနေ့သည် မဟာသင်္ကြန် အကြတ်ရက်ဖြစ်သည်။

၃။ **မဟာသင်္ကြန် အတက်ရက်**
- မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆)ရက် အင်္ဂါနေ့။
- ရခိုင်သက္ကရာဇ်၁၃၇၄ ခုနှစ်၊ တာကူးလဆန်း (၆)ရက် အင်္ဂါနေ့။
- ခရစ်နှစ် ၂၀၁၃ ၊ ဧပြီလ ၁၆ ရက် အင်္ဂါနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက် ၈ နာရီ၊ ၁၀မိနစ်၊ ၄၄ စက္ကန့်အချိန်တွင် မဟာသင်္ကြန်အတက်ရက်ဖြစ်သည်။

၄။ **မြန်မာ-ရခိုင်- နှစ်ဆန်း ၁ ရက်**
- မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ ဦးတန်ခူးလဆန်း (၇) ရက် ဗုဒ္ဓဟူးနေ့။
- ရခိုင်သက္ကရာဇ် ၁၃၇၅ ပြည့်နှစ်၊ တာကူးလဆန်း (၇) ရက် ဗုဒ္ဓဟူးနေ့။
- ခရစ်နှစ် ၂၀၁၃၊ ဧပြီလ ၁၇ ရက် ဗုဒ္ဓဟူးနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်း ၁ ရက်နေ့ ဖြစ်ပါသည်။

၅။ **ဝါဆို- ဝါကပ်- လ-ရက်များ**
- မြန်မာ-ရခိုင် ၁၃၇၅ ခုနှစ်တွင် အဓိမာသ-အဓိဝါ မရှိသောကြောင့် ဗုဒ္ဓဘာသာ သာသနာတော် ဝန်ထမ်း၊ ရဟန်းတော်အရှင်သူမြတ်တို့မှာ မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက် (ခရစ်နှစ် ၂၀၁၃ -ဇူလိုင်လ-၂၃ ရက်)အင်္ဂါနေ့
- ရခိုင်သက္ကရာဇ် ၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက် (ခရစ်နှစ် ၂၀၁၃- ဇူလိုင်လ- ၂၃ ရက်)အင်္ဂါနေ့တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြ၍---
- မြန်မာ-ရခိုင် ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက် (ခရစ်နှစ် ၂၀၁၃ -ဩဂုတ်လ-၂၂ ရက်) ကြာသပတေးနေ့တွင် ဒုတိယပစ္ဆိမဝါကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

မြောက်ပိုင်းဒေသများ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ချင်းပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိသည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ထစ်ချုန်း ရွာနိုင်သည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်တင့် ဖြစ်ထွန်းမည်။

အမြှုပ်ဆေးရည်ပေးအပ်ပွဲကျင်းပ

မန္တလေး မတ် ၂၁

အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ဆီ၊ ရေ၊ လေ၊ မီးသတ်ယာဉ်များ တောင့်တင်းခိုင်မာရေးအတွက် ကိုယ့်အားကိုယ်ကိုး စိတ်စေတနာသန့်သန့်ဖြင့် တာဝန်သိစွာ နိုင်ငံပိုင်၊ ပြည်သူပိုင်တို့၏အသက်အိုးအိမ်စည်းစိမ်များကို ကိုယ်ကျိုးမဖက်၊ ရဲရဲဝံ့ဝံ့ စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက်နေသူများဖြစ်သည့်နည်းတူ၊ တာဝန်သိသောပြည်သူများကလည်း လိုအပ်ချက်များ ဖြည့်စွမ်းပေးသည့်အနေဖြင့် မတ် ၁၈ ရက် ညနေ ၅ နာရီက ၃၃ လမ်းနှင့် ၈၅ လမ်းထောင့် ဧရာရွှေပြည်စက်သုံးဆီအရောင်းဆိုင်မှ ဆီမီးလောင်မှုတွင် ငြိမ်းသတ်ရသော အမြှုပ်ဆေးရည်ပေးအပ်ပွဲကို ဆိုင်ရှေ့၌ ပြုလုပ်သည်။

အဆိုပါအမြှုပ်ဆေးရည်ပေးအပ်ပွဲသို့ ခရိုင်အရန်မီးသတ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်မင်း၊ အတွင်းရေးမှူးဦးဝင်းစိန်နှင့် စခန်းခုနစ်ခုမှ စခန်းတာဝန်ခံများ၊ မန်နေဂျာဦးကျော်ကျော်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အရန်မီးသတ် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်မင်းက ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားသည်။ ထို့နောက် အောင်နန်းရိပ်သာအရှေ့၊ အနောက်၊ သီရိဟေမာအရှေ့၊ အနောက်၊ ရတနာဘုမ္မိအနောက်၊ ဒေးဝန်းအရှေ့၊ သီရိမာလာအရှေ့အရန်မီးသတ်စခန်းများအတွက် အမြှုပ်ဆေးရည်ဂါလန် ၄၀ ကို ပေးအပ်ကြောင်းသိရသည်။ (ဝ၂၆)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်ထောင်စုလွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့

နေပြည်တော် မတ် ၂၁

ယနေ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် ပူးတွဲဇယားဖြင့်တင်ပြထားသော ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြု ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က**၂၀၁၃ခုနှစ်ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း**တစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်က ကန့်ကွက်မဲမရှိ အတည်ပြုဆုံးဖြတ်ခဲ့သည်။

ယင်းဥပဒေကြမ်းအပေါ် ရှမ်း မဲဆန္ဒနယ်မှ **ဦးအောင်သိန်း**က "ကျွန်တော့်အမြင်ပြောရရင် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ နေပြည်တော်မှာဆောက်မယ့် ဆေးရုံတွေက လောလောဆယ်အခြေအနေမှာ ပြည်သူတွေအတွက် အကျိုးမရှိဘူးဆိုပြီး ဘဏ္ဍာငွေလျှော့ပစ်လိုက်တယ်၊ အဲဒီငွေတွေကို ပြည်သူအတွက် တကယ်လိုအပ်တဲ့နေရာတွေမှာ သုံးမှာ ဖြစ်ပါတယ်၊ ပညာရေးမှာဆိုလည်း အတူတူပဲ၊ ခရိုင်ပညာရေးမှူးရုံးတို့၊ မြို့နယ်ပညာရေးမှူးရုံးတို့ဆောက်မယ့်နေရာမှာ ဘဏ္ဍာငွေလျှော့ပြီး ဥပမိရုပ်မကောင်းတဲ့ မူလတန်းကျောင်းတွေ ၁၀၀ ကျော်ဆောက်နိုင်အောင် လုပ်ပေးနိုင်ခဲ့တယ်၊ အဲဒါတွေကို ကြည့်ခြင်းအားဖြင့် ၂၀၁၃-၂၀၁၄ ဘတ်ဂျက်ကို ကျေနပ်အားရပါတယ်၊ အခုလိုသာ ဘဏ္ဍာငွေကို အကျိုးရှိရှိအသုံးချသွားမယ်ဆိုရင် နိုင်ငံတော်အတွက်ရော၊ တိုင်းရင်းသား ပြည်သူတွေအတွက်ပါ အကျိုးရှိပြီး ကျွန်တော်တို့နိုင်ငံဟာ တဖြည်းဖြည်းတိုးတက်လာမှာဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

ယင်းနောက် ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သောပစ္စည်း အုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေကြမ်းတို့ကို လွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူ၍ မှတ်တမ်းတင်ဆောင်ရွက်သည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ဆဋ္ဌမ ပုံမှန်အစည်းအဝေးကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ မတ်၂၁ရက်အတွင်း ၃၃ ရက် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်၏ အဓိကလုပ်ငန်း တာဝန်ဖြစ်သော ဥပဒေပြုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေကို တင်ပြလိုပါကြောင်း။

ဆဋ္ဌမပုံမှန် အစည်းအဝေးကာလအတွင်း လွှတ်တော်ကအတည်ပြုပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဥပဒေ(၆)ခုရှိပြီး ယင်းဥပဒေများမှာ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာစနစ်တကျလွှဲပြောင်းရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ၊ တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကိုပြင်ဆင်သည့် ဥပဒေ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ

ရှမ်း မဲဆန္ဒနယ်မှ ဦးအောင်သိန်း။ (မြန်မာ့အလင်း)

ကို ပြင်ဆင်သည့် ဥပဒေတို့ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန် ပေးပို့ထားပြီးဖြစ်သည့် ဥပဒေကြမ်း (၈)ခုမှာ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း၊ ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေကြမ်း၊ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေကြမ်း၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကြမ်း၊ ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကြမ်းတို့ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးဖြစ်သည့် ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ၂၀၁၃ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းတို့ကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကိုလည်း ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့ပါကြောင်း။

ထို့အတူ ပြည်ထောင်စုအစိုးရအဖွဲ့ကပေးပို့သော ပဉ္စမကာလတိုင်းနှစ်အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) (မူကြမ်း)ကို လွှတ်တော်တွင် ဆွေးနွေးမှတ်တမ်းတင်ခြင်းအပါအဝင် မှတ်တမ်းတင်ခြင်း(၁၈)ခု၊ အာမေးနီးယားသမ္မတနိုင်ငံနှင့် သံတမန်ဆက်သွယ်မှုထူထောင်ခြင်း၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ တရားဝင် ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA Loan) ရယူခြင်း၊ "Convention on the Recognition and Enforcement of Foreign Arbitral Awards, 1958 (New York Convention)" သို့ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခြင်း၊ နိုင်ငံတော်၏စီးပွားရေးစနစ်အတွင်း ကြားခံအဖြစ် သတ်မှတ်သုံးစွဲလျက်ရှိသော FEC အား ပြန်လည် ရွေးနုတ်ယူမည့် ကြေညာချက်ထုတ်ပြန်ခြင်းကိစ္စများနှင့် စပ်လျဉ်းသည့် လွှတ်တော်၏ သဘောတူအတည်ပြုချက် ရယူခြင်းများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ၁၂ ဦး ခန့်အပ်တာဝန်ပေးခြင်းကို အတည်ပြုခြင်းများ

တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ။ (မြန်မာ့အလင်း)

ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အလားတူ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အခွန်အကောက်ဆိုင်ရာ ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကော်မတီများနှင့်ကိုယ်စားလှယ်များက အဆိုတင်သွင်းဆွေးနွေးခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံမှပေးပို့သည့်သဝဏ်လွှာအရ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီ သို့မဟုတ် ကော်မရှင်ဖွဲ့စည်း ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း (၁)နှင့်(၂)တို့ကို လွှတ်တော်သို့ တင်သွင်းခြင်းကိစ္စများ ဆောင်ရွက်နိုင်ခဲ့ကြောင်းကို အသိပေးတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကို လာမည့်၂၀၁၃ ခုနှစ် ဇွန်လ ၂၅ ရက် မတိုင်မီ သာမန်အားဖြင့်ခေါ်ယူမည် မဟုတ်ကြောင်းကို အသိပေးအပ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့၏ သက်ဆိုင်ရာနယ်မြေများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြပြီး ပြည်သူတို့၏ဆန္ဒ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ကြပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် တာဝန်ကျေပွန်နိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တမူးမဲဆန္ဒနယ်မှ **ဦးခင်မောင်ရွှေ**က "ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးက နိုင်ငံတော်အတွက် အင်မတန်အရေးကြီးတဲ့ ဥပဒေတွေပြဋ္ဌာန်းနိုင်ခဲ့တယ်၊ အထူးသဖြင့်တော့ လာမယ့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနဲ့ ၂၀၁၃ ခုနှစ် အရအသုံးဆိုင်ရာ ဥပဒေကြမ်းတွေကို အဓိက ဦးစားပေးပြဋ္ဌာန်းနိုင်ခဲ့တယ်၊ ပြီးတော့ အရေးကြီးတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေရော၊ နိုင်ငံတော်ဗဟိုဘဏ်ဥပဒေတွေပါ ပြဋ္ဌာန်းနိုင်ခဲ့တဲ့အတွက် ဒီဆဋ္ဌမအကြိမ်ပုံမှန်အစည်းအဝေးက တကယ့်ကို ထူးခြားအကျိုးများတဲ့ အစည်းအဝေး ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ထင်ပါတယ်၊ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအကျိုးဖြစ်စေတဲ့ ဥပဒေတွေကို လွှတ်တော်မှာ ဆွေးနွေးတိုင်ပင် အတည်ပြုနိုင်ခဲ့တဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ပြောပြခဲ့သည်။

ယနေ့ အစည်းအဝေးကို အစီအစဉ်(၁၀)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

လွှတ်တော်ကအဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်ပြီးဖြစ်သော်လည်း ပီပြင်စွာအရေးယူဆောင်ရွက်မှုများမရှိသေး

နေပြည်တော် မတ် ၂၁

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ယနေ့တွင် ကျင်းပရာ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမျိုးမြင့်က မိမိအနေဖြင့် အမျိုးသားလွှတ်တော်သို့ ပထမအကြိမ် ပဉ္စမပုံမှန်အစည်းအဝေးအထိ စုစုပေါင်း အဆို(၇)ခု တင်သွင်းခဲ့ပါကြောင်း၊ ယင်းအဆိုများအနက် အချို့အဆိုများအပေါ် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများမှ ထိထိရောက်ရောက် မြင်သာထင်သာစွာ အရေးယူဆောင်ရွက်ရန် အချိန်ကာလလုံလောက်စွာ ရရှိထားသည်ဟု သုံးသပ်လိုပါကြောင်း၊ အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သည့် အဆိုများအပေါ် ဝန်ကြီးဌာနများမှ ထောက်ခံပါသည် ကတိကဝတ်ပြုခဲ့ပြီး လွှတ်တော်မှလည်း အဆိုအတည်ဖြစ်ကြောင်းကို ဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ သို့ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပီပြင်စွာအရေးယူဆောင်ရွက်မှုများ မရှိသေးသည်ကို တွေ့ရှိရကြောင်း ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်စတင်သည့် ကာလမှစပြီး ယနေ့အထိ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များဖြစ်သည့်ကိစ္စ၊ ထို့အတူ ပြည်သူတို့၏ တိုင်ကြားစာနှင့်အသနားခံစာ ဆိုင်ရာကိစ္စ၊ နိုင်ငံသားများ၏ အခွင့်အရေးဆိုင်ရာကိစ္စ၊ မူလအခွင့်အရေးနှင့်ဒီမိုကရေစီအရေး ဆိုင်ရာကိစ္စ၊ တောင်သူလယ်သမား၊ အလုပ်သမားကိစ္စစသည်ဖြင့် နစ်နာချက်များ တိုင်ကြားသည့်ကိစ္စအားလုံးကို လွှတ်တော် အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးစီး၍ ကော်မတီမှချက်ချင်း ဆောင်ရွက်သင့်သည့်ကိစ္စ၊ အလျင်အမြန် ဆောင်ရွက်သင့်သည့်ကိစ္စ၊ ဦးစားပေး

မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမျိုးမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဆောင်ရွက်သင့်သည့်ကိစ္စ၊ အချိန်ကာလအားဖြင့် တစ်နှစ်၊ ခြောက်လကြာခဲ့ကြောင်းကို ခွဲခြားသတ်မှတ်ရန်၊ လွှတ်တော်အခွင့်အရေးကော်မတီက သက်ဆိုင်ရာ ကော်မတီများကိုအစည်းအဝေးခေါ်ရန်၊ ယင်းကဲ့သို့ သတ်မှတ်သည့် အခါတွင်လည်း မှန်ကန်ရန်၊ တိကျရန်၊ လေးနက်ရန်၊ အဆိုပါကိစ္စများကို စိစစ်ပြီး အစိုးရအဖွဲ့ရုံးသို့ reminder ထုတ်ပြီး လေးလကြာ၍မှ တုံ့ပြန်မှုတစ်စုံတစ်ရာမရှိခဲ့ပါက ယင်းတို့ကို လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့ပါဆိုသည့်အဆိုကို လွှတ်တော်တွင် တင်သွင်းပြီး ဆုံးဖြတ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အထက်ပါ လွှတ်တော်ဥက္ကဋ္ဌ၏ ညွှန်ကြားချက်ကိစ္စရပ်ကို လွှတ်တော်က သဘောတူသည့်အတွက် လွှတ်တော်၏ လုပ်ထုံးလုပ်နည်း တစ်ရပ်အဖြစ် ဆောင်ရွက်ရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင်ရပ်နားလိုက်ပြီး အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီးလွှတ်တော်စည်းဝေး

နေပြည်တော် မတ် ၂၁

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်လွှတ်တော်ကိုယ်စားလှယ် ၆၃ ဦးတို့တက်ရောက်ကြသည်။ အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အဆိုတင်သွင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကရင်ပြည်နယ် လွှတ်တော်စည်းဝေး

နေပြည်တော် မတ် ၂၁

ပထမအကြိမ် ကရင်ပြည်နယ် လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေးပထမနေ့ကို ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ မတ် ၂၀ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များတက်ရောက်သည်။ အစည်းအဝေးတွင် မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အဆိုများ၊ ဥပဒေမူကြမ်းများတင်သွင်းခြင်းတို့ကိုဆောင်ရွက်ခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆွေးနွေးပွဲသို့တက်ရောက်

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတမဒမ်ငုရင်သီဇွမ်းတို့ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုရင်သီဇွမ်း၏ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် မတ် ၂၀ ရက် နံနက် ၉ နာရီတွင် ဟနွိုင်းမြို့ရှိ သမ္မတအိမ်တော်သို့ ရောက်ရှိရာ ဗီယက်နမ် ဒုတိယသမ္မတက အိမ်တော် မျက်နှာစာ၌ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ရှေးဦးစွာ ဒုတိယသမ္မတများသည် သမ္မတအိမ်တော်ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နှစ်နိုင်ငံဆွေးနွေးပွဲကို သမ္မတအိမ်တော်၌ကျင်းပရာ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးသန့်ကျော်၊ ဦးဆက်အောင်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးသက်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ် ဒုတိယသမ္မတ မဒမ်ငုရင်သီဇွမ်းနှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတဦးဉာဏ်ထွန်းက နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်ခိုင်မာစေရန် လက်တွဲဖော်ဆောင်သွားမည် ဖြစ်ကြောင်း၊ မြန်မာ-ဗီယက်နမ် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ယခုထက်ပိုမိုရှိလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ကို ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးနစ် ပြောင်းလဲကျင့်သုံးပြီးနောက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များအား ဆွဲဆောင်ပေးသည့်နေရာ ဖြစ်ပေါ်စေရန် အမျိုးမျိုးသော စီးပွားရေးဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်မှုရှိသည့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဒုတိယသမ္မတ မဒမ်ငုရင်သီဇွမ်း မြန်မာ အထူးစီးပွားရေးဇုန် ဥပဒေအား ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပိုမိုအထောက်အကူ ပြုနိုင်စေရန်အတွက် ပြန်လည်ပြင်ဆင်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၌ သီလဝါ အထူးစီးပွားရေးဇုန်၊ တနင်္သာရီတိုင်းဒေသကြီး၌ ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ရခိုင်ပြည်နယ်၌ ကျောက်ဖြူ အထူးစီးပွားရေးဇုန်တို့ကို ထူထောင်လျက်ရှိပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ ဒုတိယသမ္မတမဒမ်ငုရင်သီဇွမ်းအား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားရာ ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတ မဒမ်ငုရင်သီဇွမ်းက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အောင်မြင်မှု၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌ ရာထူးလက်ခံရရှိမှုနှင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲလက်ခံကျင်းပရမှုတို့အပေါ် ဝမ်းမြောက်ဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဦးဆောင်မှုဖြင့် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ ယခုထက် တိုးတက်အောင်မြင်စေရန် ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့အပြင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ စိုက်ပျိုးမွေးမြူရေး၊ ဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ သတ္တုတူးဖော်ရေးနှင့် စွမ်းအင်ကဏ္ဍစသည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အထူးစီးပွားရေးဇုန် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်၍ ဗီယက်နမ်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဗီယက်နမ်နိုင်ငံ၏ ပြိုင်ပွဲကျင်းပသည့် အတွေ့အကြုံများ မျှဝေပေးရေး၊ မြန်မာ-ဗီယက်နမ်-လာအို-ကမ္ဘောဒီးယား လေးနိုင်ငံ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကဏ္ဍစုံနယ်ပယ် အရပ်ရပ်တွင် ယခုထက် ပိုမိုရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ဗီယက်နမ်ဒုတိယသမ္မတက သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျနေသဟာယနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါခဲ့ကြသည့် ပြည်ထောင်စု ဝန်ကြီးများသည် ဩစတြေးလျ နေသဟာယနိုင်ငံသို့ ရောက်ရှိစဉ် သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မတ် ၁၈ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် ဩစတြေးလျနေသဟာယနိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားဝန်ကြီးဌာန ဝန်ကြီး Mr. Brenden O' Conner နှင့် ကင်ဘာရာမြို့တော် လွှတ်တော်ဝင်းအတွင်းရှိ ဧည့်ခန်းမ၌ နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးတို့ ပါဝင်သောအဖွဲ့နှင့် ဩစတြေးလျနေသဟာယနိုင်ငံ Allens Link Laters ဥပဒေနှင့် အထွေထွေ အကျိုးဆောင်အဖွဲ့မှ Ezekiel Sekamon, Assistant Professor Michele Ford, Assistant Professor Nigel Finch တို့နှင့် ဥပဒေပညာရှင်များ ပါဝင်သောအဖွဲ့သည် မတ် ၁၉ ရက်တွင် Allens Link Laters အဖွဲ့ရုံးခန်း၌ တွေ့ဆုံ၍ သတ္တုတွင်း ဥပဒေရေးဆွဲရေး၊ ပညာရေးပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က အသစ်ရေးဆွဲပြီးဖြစ်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် ရင်းနှီးမြှုပ်နှံသူ အခွင့်အရေး၊ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ ပြင်ဆင်ပြောင်းလဲမှုများ၊ သတ္တုတွင်းဥပဒေပါ Royalty Moden, Production Sharing Model များကို ရှင်းလင်းပြီး

ကြည့်ရှု

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ စာရွက် စာတမ်း အတု အပ စစ်ဆေးခြင်း လုပ်ငန်း ဆောင်ရွက် နေ မှု ကို လေ့လာ ကြည့်ရှုစဉ်။
(သတင်းစဉ်)

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေး ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေတို့ကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံဆွေးနွေးချက်များအရ ဩစတြေးလျနိုင်ငံမှ သတ္တုတွင်း ဥပဒေရေးဆွဲရေးအတွက် နည်းပညာအကူအညီပေးခြင်း၊ Aus Aid မှ ဒေါ်လာသန်း ၂၀ သုံးစွဲပြီး နည်းပညာအကူအညီ၊ ပညာရှင်နှင့် လေ့လာရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ၂၀၁၃ ခုနှစ် မေလတွင် ဩစတြေးလျနိုင်ငံသို့ လာရောက်ပြီး သတ္တုတွင်းကိစ္စ၊ သတ္တုတွင်း ဘဏ္ဍာရေးနှင့် အမြတ်ခွဲဝေမှုဆိုင်ရာကိစ္စရပ်များ လေ့လာဆွေးနွေးခြင်း၊ ဩစတြေးလျနိုင်ငံရှိ တက္ကသိုလ်များဖြစ်သည့် ဆစ်ဒနီတက္ကသိုလ်၊ ဆစ်ဒနီပညာရေးတက္ကသိုလ်တို့နှင့် ပူးပေါင်း၍ စိုက်ပျိုးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဆေးဝါး၊ လူမှုရေးသိပ္ပံနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေး ဘာသာရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့နှင့် ပုဂ္ဂလိကကဏ္ဍ ပါဝင်ဆောင်ရွက်ရေး (Private Partnership) တို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် သတ္တုတွင်း၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် Aus Aid တို့ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းကိစ္စရပ်များ ချိတ်ဆက် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ကိုလံဘိုစီမံကိန်း ပညာသင်ဟောင်းများ စာရင်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ စာရင်းပြုစုပေးခြင်းတို့ကို Aus Aid မှ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီတို့သည် မတ် ၂၀ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဩစတြေးလျနေသဟာယနိုင်ငံ ဆစ်ဒနီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ တာဝန်ရှိသူများက လေဆိပ်ဧည့်ခန်းမ၌ လူဝင်/လူထွက် စစ်ဆေးမှု၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းအဆင့်ဆင့်အား ခေတ်မီနည်းပညာအသုံးပြုဆောင်ရွက်မှု၊ စာရွက်စာတမ်းအတုအပ စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက လေဆိပ်အတွင်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုလေ့လာကြပြီးနောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို တာဝန်ရှိသူများနှင့် ထပ်မံတွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❀ *ရှေ့ဖုံးမှ*

တည်ဆောက်မှု ကြာမြင့်ချိန်အားဖြင့် တစ်နှစ်ကျော်ကျော် ကာလမျှသာ ကြာမြင့်ခဲ့ပေသည်။ တံတားကြီး၏ အရှည်မှာ ၂၅၀၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၉၈ ပေ ၈ လက်မ၊ တံတားတစ်ဖက်တစ်ချက်၌ အကျယ်သုံးပေစီရှိသော လူသွားလမ်း နှစ်ခု၊ တံတားခံနိုင်ဝန်အဖြစ် ယာဉ်တစ်စီးချင်းဖြင့် တန်ချိန် ၆၀ ခံနိုင်ရည်အားရှိမည်ဖြစ်ပြီး၊ အခန်းပေါင်း ၁၄ ခန်းပါရှိကာ မြေပြင်မှ ကင်းလွတ်အမြင့်မှာ ၁၈ ပေရှိကြောင်း တည်ဆောက်ရေး အင်ဂျင်နီယာတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တံတားဒီဇိုင်းကို စင်ကာပူနိုင်ငံ T.Y.Lin ကုမ္ပဏီက ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး သံထည်ပစ္စည်းများကို အင်ဒိုနီးရှားနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ မှာယူအသုံးပြုခဲ့ခြင်းဖြစ်သည်ဟုလည်းသိရသည်။

တံတားကြီးအား ဂျပန်နိုင်ငံမှ ပညာရှင်တစ်ဦးက ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အနီးကပ်စီစဉ်မှု၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီတို့မှ အင်ဂျင်နီယာများ၊ လုပ်သားများက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဤတံတားကြီးပြီးစီး၍ တံတားကြီးပေါ်မှ ယာဉ်များဖြတ်သန်းသွားလာခွင့်ရသည်နှင့် ယာဉ်ကြောကျပ်တည်းမှုများ၊ ခရီးသွားပြည်သူများ၏ အချိန်ပေး စောင့်ဆိုင်းနေသူများသည်လည်း ပြေလျော့သွားတော့မည်ဖြစ်ရာ အိပ်မက်တံတားကြီးဖွင့်ပွဲအား ကြိုဆိုရေးသားလိုက်ရပါသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၃-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၃၀ နံက်ခင်းသတင်း
- ၈:၁၅ **ကုသမနေ့းတိဘိဘေား**
- ၈:၃၀ တေးသရုပ်ဖော်အစီအစဉ်

ညပိုင်း

- ၄:၁၀ တေးဂီတအစီအစဉ်
- ၄:၂၀ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အက
- ၄:၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၄:၄၅ Road to 27th SEA Games (ပန်ကြပ်ဆီလတ်)
- ၆:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာသစ္စာ** (ဒုတိယတွဲ) (အပိုင်း-၂၂)
- ၇:၀၀ ပြည်တွင်းသတင်း
- ၈:၀၀ ပြည်တွင်းသတင်း ပြည်သူတို့ရဲ့စကားသံများ
- ၁၀:၀၀ ပြည်တွင်းသတင်း

အဖေနှင့်သား

ဇော်လင်း၊ ကျော်သူ၊ ချိုပြုံး၊ မေဝင်းမောင်၊ (ဒါရိုက်တာ-မောင်နှင်းမိုး)

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

ဒုတိယသမ္မတဦးညဏ်ထွန်း ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ရောက်ရှိ

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဗီယက်နမ်နိုင်ငံ ဆက်သွယ်ရေးကုမ္ပဏီ ဗီယက်တဲလ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဒုတိယသမ္မတဦးညဏ်ထွန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုရင်သီဒွမ်း၏ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် မတ် ၁၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ ဗီယက်နမ်လေကြောင်းလိုင်းဖြင့် ထွက်ခွာခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် ည ၉ နာရီ ၄၅ မိနစ်တွင်ရောက်ရှိရာ ဗီယက်နမ်နိုင်ငံသမ္မတရုံး ဒုတိယဥက္ကဋ္ဌ H.E. Mr.Chu Van Yem၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသက်ဦးနှင့် သံရုံးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတဦးညဏ်ထွန်းသည် မတ် ၂၀ ရက် နံနက် ၈ နာရီတွင် ဟနွိုင်းမြို့ရှိ အမျိုးသားတော်လှန်ရေး အာဇာနည်များဗိမာန်နှင့် ဟိုချီမင်းဂူဗိမာန်တို့အား သွားရောက်၍ ပန်းခွေချအလေးပြုပြီး ဟိုချီမင်းဂူဗိမာန်အတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် ဟနွိုင်းမြို့ BIDV Tower ၌ မြန်မာနိုင်ငံတွင်လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြသည့် ဗီယက်နမ်စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစီအစဉ်အရ ဗီယက်နမ် BANK FOR INVESTMENT AND DEVELOPMENT OF VIETNAM ဥက္ကဋ္ဌနှင့် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင်လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများနှင့် ထပ်မံတိုးချဲ့ ဆောင်ရွက်သွားမည့်အစီအစဉ်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ပိုမိုလွယ်ကူစေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အထူးစီးပွားရေးဇုန် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်၍ ထားဝယ်၊ သီလဝါနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များတွင် ပါဝင်လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို အကျယ်တဝင့် ပြန်လည်ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် ဟနွိုင်းမြို့ရှိ စာပေနှင့် ယဉ်ကျေးမှုရှေးဟောင်းတက္ကသိုလ် (Temple of Literature)ကိုသွားရောက်ကြည့်ရှုလေ့လာသည်။

အဆိုပါ စာပေနှင့် ယဉ်ကျေးမှုရှေးဟောင်းတက္ကသိုလ်(Temple of Literature) သည် စာပေပညာရှင်ကြီးများအား အလေးအမြတ်ပြုတည်ထောင်ထားသော ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးသော အမျိုးသားတက္ကသိုလ် အဆောက်အအုံတစ်ခုဖြစ်သည်။

ထိုမှတစ်ဆင့်ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဗီယက်နမ်နိုင်ငံဆက်သွယ်ရေးကဏ္ဍတွင် အကြီးဆုံးကုမ္ပဏီဖြစ်သည့် ဗီယက်တဲလ်ကုမ္ပဏီသို့ သွားရောက်ကြည့်ရှုလေ့လာရာ ကုမ္ပဏီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ကုမ္ပဏီစတင်ပေါ်ပေါက်လာပုံနှင့် လက်ရှိ ပြည်တွင်း ပြည်ပဈေးကွက်ပိုင်ဆိုင်မှုများ၊ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ကုမ္ပဏီ၏ဆက်သွယ်ရေးနည်းပညာဆိုင်ရာထုတ်ကုန်များကို လိုက်လံပြသကြသည်။ **(သတင်းစဉ်)**

(၆) နှစ်ပြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေလက်မှတ် (Foreign Exchange Certificate - FEC) များကို ပြန်လည်ရွေးနုတ်ယူရာတွင် လက်ဝယ်ထားရှိသူနှင့် ပိုင်ဆိုင်သူများ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ကြေညာချက်အမှတ်၊ ၁/၂၀၁၂
၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
(၂၀၁၂ ခုနှစ်၊ မတ်လ ၂၁ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေလက်မှတ် (Foreign Exchange Certificate - FEC) များကို ပြန်လည်ရွေးနုတ်ယူရာတွင် လက်ဝယ်ထားရှိသူနှင့် ပိုင်ဆိုင်သူများ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်ကြေညာခြင်း

၁။ ၂၇-၁-၁၉၉၃ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် ၄/၉၃ ၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေလက်မှတ်များကို ၄-၂-၁၉၉၃ ရက်နေ့မှစ၍ ထုတ်ဝေခဲ့ပါသည်။

၂။ နိုင်ငံတော်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်ကို အပြည့်အဝပြုပြင်ပြောင်းလဲမှု မပြုလုပ်သေးမီ ကမ္ဘာလှည့်ခရီးသည်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားငွေ ကိုင်တွယ်အသုံးပြု၍ လုပ်ငန်းဆောင်ရွက်ရသော စီးပွားရေးကဏ္ဍများအတွက် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ချက်ဖြင့် ကနဦး ငွေရေးကြေးရေးပြောင်းလဲမှုအဆင့်အဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေလက်မှတ်များထုတ်ဝေပြီး ပြည်တွင်း၌ သုံးစွဲခွင့်ပြုခဲ့ပါသည်။

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေးအစီအစဉ်ချမှတ်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်အား ထိန်းကျောင်းမှုရှိသည့် ဈေးကွက်ကိုအခြေခံသော နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ် (Managed Floating Exchange Rate Regime)ကို ၁-၄-၂၀၁၂ရက်နေ့မှစ၍ စတင်ကျင့်သုံးခဲ့ပါသည်။ ၁၀-၈-၂၀၁၂ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂ဖြင့်နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ထုတ်ပြန်ခဲ့ပါသည်။

၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံတော်အတွင်း နိုင်ငံခြားငွေတရားဝင်ရောင်းဝယ်သောဈေးကွက်ဖြစ်ပေါ်လာစေရေးနှင့် နိုင်ငံခြားငွေကြေးဈေးကွက် စနစ်တကျတိုးတက်ဖွံ့ဖြိုးစေရန် ဥပဒေနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) နိုင်ငံခြားသုံးငွေ လုပ်ငန်းတစ်မျိုးမျိုးကို လုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားပါက စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊

(ခ) ဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားကို အခြေခံသည့် ရည်ညွှန်းငွေလဲလှယ်နှုန်းကို နေ့စဉ် ထုတ်ပြန်ကြေညာခြင်း၊

(ဂ) နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူများနှင့် စပ်လျဉ်း၍-

(၁) ဘဏ်များအကြား ငွေကြေးဈေးကွက်တွင် ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(၂) နိုင်ငံခြားသုံးငွေကို အများပြည်သူနှင့် သတ်မှတ်ချက်များနှင့်အညီ ရောင်းဝယ်ခွင့်ပြုခြင်း၊

(၃) လက်ရောက် လွှဲပြောင်းခြင်းမှတစ်ပါး နိုင်ငံခြားငွေဖြင့်ပေးချေခြင်းနှင့် လွှဲပြောင်းခြင်းများကို ကြားခံအဖြစ် ဆောင်ရွက်ခွင့်ပြုခြင်း၊

(၄) နိုင်ငံခြားငွေကို စာရင်းပြောင်းနည်းဖြင့် ရောင်းဝယ်ခွင့်ပြုခြင်း။

(ဃ) လိုင်စင်ရ ငွေလဲကောင်တာအသီးသီးတွင် အမေရိကန်ဒေါ်လာ ၁၀၀၀၀အထိ လည်းကောင်း၊ ယင်းတန်ဖိုးနှင့် ညီမျှသော ယူရိုနှင့် စင်ကာပူဒေါ်လာများကို လည်းကောင်း လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုခြင်း။

၅။ အပိုဒ် ၄ ပါ ဆောင်ရွက်ချက်များအရ နိုင်ငံခြားငွေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ တိုးတက်ပြောင်းလဲလျက်ရှိသည်နှင့်အညီ နိုင်ငံခြားငွေလက်မှတ်ကြားခံထားရှိရန် မလိုအပ်တော့သဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၁-၄-၂၀၁၃ရက်နေ့မှ ၃၀-၆-၂၀၁၃ရက်နေ့အထိ ရက်ပေါင်း(၉၀) ကာလအတွင်း နိုင်ငံခြားငွေလက်မှတ်ကို အောက်ပါအစီအစဉ်အတိုင်း စနစ်တကျ ပြန်လည်ရွေးနုတ်ယူမည်ဖြစ်ပါသည်-

(က) နိုင်ငံခြားငွေလက်မှတ် လက်ဝယ်ရှိသူနှင့် ပိုင်ဆိုင်သူသည် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူထံတွင် နိုင်ငံခြားငွေလက်မှတ်များကို ငွေသားဖြင့် လဲလှယ်ရမည်၊

(ခ) သက်ဆိုင်ရာ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် အောက်ပါအချက် တစ်ရပ်ရပ်ကို နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူ၏ ဆန္ဒနှင့်အညီ ဆောင်ရွက်ပေးနိုင်သည်-

(၁) နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူ စာရင်းဖွင့်လှစ်ထားသောဘဏ်ရှိ အမေရိကန်ဒေါ်လာငွေစာရင်းသို့ထည့်သွင်းပေးခြင်း၊

(၂) နိုင်ငံခြားငွေလက်မှတ်လဲလှယ်သူအမည်ဖြင့် ဘဏ်တွင် သက်ဆိုင်ရာ နိုင်ငံခြားငွေစာရင်း အသစ်ဖွင့်လှစ်ထည့်သွင်းခြင်း၊

(၃) ဗဟိုဘဏ်က နေ့စဉ်ထုတ်ပြန်သည့် ရည်ညွှန်းငွေလဲနှုန်းကို အခြေခံသော ငွေလဲကောင်တာများ၏ နိုင်ငံခြားငွေဝယ်ဈေးနှုန်းဖြင့် ပြောင်းလဲတွက်ချက်ရရှိသော ကျပ်ငွေကို လဲလှယ်သူ ဖွင့်လှစ်ထားသည့် ကျပ်ငွေစာရင်းသို့ ထည့်သွင်းခြင်း၊

(၄) နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူအမည်ဖြင့် သက်ဆိုင်ရာ ဘဏ်တွင် ကျပ်ငွေစာရင်း အသစ်ဖွင့်လှစ်ထည့်သွင်းခြင်း သို့မဟုတ် ကျပ်ငွေဖြင့် ငွေသားထုတ်ပေးခြင်း။

(ဂ) နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များသည် နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူများက သတ်မှတ်ကာလအတွင်း လာရောက်အပ်နှံသည့် နိုင်ငံခြား ငွေလက်မှတ်များကို လဲလှယ်ပေးနေသည့် ကာလအတွင်း၌ဖြစ်စေ၊ ယင်းကာလပြီးဆုံးချိန်၌ဖြစ်စေ နိုင်ငံခြားငွေလက်မှတ်များကို ဗဟိုဘဏ်သို့ အပ်နှံနိုင်သည်၊

(ဃ) နိုင်ငံခြားငွေလက်မှတ်များကို လဲလှယ်ပေးရန် သတ်မှတ်သည့် ကနဦးကာလပြီးဆုံးသည့် ၁-၇-၂၀၁၃ရက်နေ့မှစ၍ နိုင်ငံခြားငွေလက်မှတ်များ သုံးစွဲခွင့်မပြုတော့ပါ၊

(င) နိုင်ငံခြားငွေလက်မှတ်များကို လဲလှယ်ပေးသည့် ကနဦးသတ်မှတ်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် အပ်နှံလဲလှယ်နိုင်ခြင်း မရှိသူများအတွက် ၁-၇-၂၀၁၃ ရက်နေ့မှ ၃၁-၃-၂၀၁၄ ရက်နေ့အထိကာလကို အထူးကိစ္စတစ်ရပ်အနေဖြင့် သတ်မှတ်ဆောင်ရွက်ပေးနိုင်သည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် နိုင်ငံခြားငွေလက်မှတ် လဲလှယ်လိုသူသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသည့် နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကပိုင်ဘဏ်များတွင် အောက်ပါအချက်များကို တင်ပြရမည်-

(၁) နိုင်ငံခြားငွေလက်မှတ် လဲလှယ်မည့်သူ၏ ကိုယ်ရေးအချက်အလက်များ၊

(၂) ၁-၄-၂၀၁၃ ရက်နေ့မှ ၃၀-၆-၂၀၁၃ ရက်နေ့အထိ ကာလအတွင်း အပ်နှံလဲလှယ်ခြင်းမပြုနိုင်သည့် ခိုင်လုံသော အကြောင်းပြချက် ဖော်ပြထားသည့်စာဖြင့် တင်ပြချက်။

၆။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်သူများ လက်ဝယ်ထားရှိပိုင်ဆိုင်သော နိုင်ငံခြားငွေလက်မှတ်များ ပြန်လည်ရွေးနုတ်ခြင်းကို ကနဦးသတ်မှတ်ကာလဖြစ်သည့် ၁-၄-၂၀၁၃ ရက်နေ့မှ ၃၀-၆-၂၀၁၃ရက်နေ့အထိကာလ၌သော်လည်းကောင်း၊ ခိုင်လုံသောအကြောင်းပြချက်ဖြင့် အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ပေးမည့် ၁-၇-၂၀၁၃ ရက်နေ့မှ ၃၁-၃-၂၀၁၄ ရက်နေ့အထိကာလ၌ သော်လည်းကောင်း နိုင်ငံခြားငွေလက်မှတ် အပ်နှံလဲလှယ်ခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယင်းသတ်မှတ်ကာလကျော်လွန်ပါက နိုင်ငံခြားငွေလက်မှတ် အပ်နှံလဲလှယ်ခြင်းကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသံလွှင့်လုပ်ငန်းဆိုင်ရာ သဘောတူလက်မှတ်ရေးထိုး

နေပြည်တော် မတ် ၂၁

ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ကျန်းမာရေးဝန်ကြီးဌာန၊ FM Radio Stations နှင့် UNICEF အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည့် Action Plans on Community on Air Initiative အတွက် သဘောတူလက်မှတ် ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ကုမုဒြာ ဟိုတယ်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးတို့က အမှာစကားပြောကြားကြသည်။

ဒုတိယဝန်ကြီး ဦး ပိုက် ထွေး Action Plans on Community on Air Initiative အတွက် သဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ပတ္တမြား FM၊ ချယ်ရီ FM နှင့် ပုဂံ FM တို့မှ တာဝန်ရှိသူတို့က Action Plans on Community on Air Initiative ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မန္တလေး၌စေတနာအလှူရှင်များက ဆွမ်းဆန်တော် စုပေါင်းလှူဒါန်း

မန္တလေး မတ် ၂၁

စေတနာရှင် အလှူရှင်များက စုပေါင်းလှူဒါန်းသော ဆွမ်းဆန်တော်လှူဒါန်းပွဲအခမ်းအနားကို မတ် ၁၈ ရက် ညနေ ၅ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် အတုလဝတီ သီလရှင်စာသင်တိုက် ရွှေဒင်္ဂါးကျောင်းတိုက်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်၏ ဇနီး ဒေါ်မြတ်ငွေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၏ဇနီးများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆွမ်းဆန်တော်လှူဒါန်းပွဲအခမ်းအနားသို့ ကြွရောက်ကြသည့် အတုလဝတီ၊ သီတလရံသီ၊ သစ္စာကာမိ သီလရှင်စာသင်တိုက်တို့မှ ဆရာကြီးများနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ဧည့်ပရိသတ်အပေါင်းက ဩကာသကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၏ ဇနီး ဒေါ်မြတ်ငွေနှင့် အလှူရှင်များက သီလရှင်စာသင်တိုက်ကြီး သုံးတိုက်မှ သီလရှင်ဆရာကြီးများအား ဆွမ်းဆန်တော်နှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် သီလရှင်ဆရာကြီးများက မေတ္တာသုတ်ရွတ်ဖတ်၊ မေတ္တာပို့ပေးတော်မူကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနာစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ယနေ့ လှူဒါန်းမှုအစုစုတွင် ဆွမ်းဆန်တော်လှူဒါန်းမှုတန်ဖိုး ငွေကျပ် ၁၉၉၉၀၀ နှင့် နဝကမ္မဝတ္ထုငွေကျပ် ၁၂၁၅၀၀၀ တို့ဖြစ်ပြီး စုစုပေါင်း ငွေကျပ် ၁၄၁၄၉၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကျော်ထူး)**

ဘာသာပေါင်းစုံချစ်ကြည်ရေး အခမ်းအနားကျင်းပ

မန္တလေး မတ် ၂၁

ဘာသာပေါင်းစုံ ချစ်ကြည်ရေး အခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အိုရီယင်တယ်လ် ဟောက်စ်ခန်းမ၌ မတ် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပရာ ဆရာတော် သံဃာတော်များ၊ ထေရဝါဒဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဘယာအီဘာသာနှင့် အစ္စလာမ်ဘာသာ အသီးသီးတို့မှ ဘာသာရေးခေါင်းဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**(အောက်ပုံ)**

ရှေးဦးစွာ တောင်ထီးလင်းတိုက်ဆရာတော်၊ မဟာမြိုင်ဆရာတော်၊ ရွှေကိန္နရီဆရာတော်ကြီးများက ဩဝါဒကထာ မိန့်ကြားခဲ့ပြီး ဘာသာအလိုက် ဘာသာရေးခေါင်းဆောင်များက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ Myanmar Peace Centre ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းကပေးပို့သော သဝဏ်လွှာကို ဦးနေမျိုးအောင်က ဖတ်ကြားခဲ့ပြီး မလေးရှားဝန်ကြီးချုပ်ရုံးမှ ပေးပို့သော သဝဏ်လွှာကို Malaysian Relief Agency မှ မြန်မာပြည်ဌာနေကိုယ်စားလှယ် ဦးရှိုင်းက ဖတ်ကြားခဲ့သည်။

ထို့နောက် မြဝတီဆရာတော်ကြီးက ဩဝါဒကထာချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

မန္တလေး အဖေနေ့ ဝတ္ထုတိုပြိုင်ပွဲ ဆုရစာရင်းထုတ်ပြန်ကြေညာ

မန္တလေး မတ် ၂၁

ပဉ္စမအကြိမ်မြောက် မန္တလေး အဖေနေ့ ဝတ္ထုတိုပြိုင်ပွဲဆုရစာရင်းကို အဆိုပါကော်မတီမှ ဖေဖော်ဝါရီ ၁၉ ရက်က ထုတ်ပြန်ကြေညာထားသည်။ ဆုရရှိသူများအား ဆုပေးပွဲကို တပေါင်းလပြည့်နေ့၊ မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မလွန်ညီမူရာခန်းမ၌ ကျင်းပမည်ဟု သိရသည်။

ဆုရွေးချယ်ရေးအဖွဲ့၏ ထုတ်ပြန်ထားသော ဆုရစာရင်းမှာ ပထမဆု ပန်းမြိုင်လယ်စိန်ဝင်း၊ ဒုတိယဆု လင်းရိပ်ဖြူ၊ တတိယဆု သက်ဝေမောင်တို့က ရရှိပြီး နှစ်သိမ့်ဆုရရှိသူများမှာ ရတုသစ်၊ မောင်ခန့်မြေ(ထီလာ)၊ ခန့်ညီဖေ၊ ကျော်နန္ဒ၊ သန္တိမ၊ ဖြူမွန်ခန့်(အင်းဝ)၊ လှိုင်စောဦး(မြို့ရွှေပြည်)၊ မန်းခင်(ပညာရေး)၊ ဒီလှိုင်ဝင်း(မန္တလေး)၊ နေဦးမောင်(ပခုက္ကူ)၊ တောမြေမြင့်(ကျွန်းလှယဉ်)၊ ရွှေကျွန်းခိုင်သစ်တို့က ရရှိကြသည်ဟု သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

တောင်ပေါ်ဒေသဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်နှင့် အလှူငွေပေးအပ်

နေပြည်တော် မတ် ၂၁

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အရှေ့ခြမ်း တောင်ပေါ်ဒေသများရှိ ဘုန်းတော်ကြီးကျောင်း ငါးကျောင်းအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့မှ လှူဒါန်းသော ဆွမ်းဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၆ ရက် နံနက် ၉ နာရီက ဘန့်ဘားအုပ်စု သံမရဲကျေးရွာ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ကိုးတစ်ဖုန်းဆိုးကျေးရွာ တောင်တန်းသာသနာပြုဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒထံမှ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ် တာဝန်ခံ ဗိုလ်မှူးကြီး မြင့်အောင်သန်းနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး နေပြည်တော်ကောင်စီနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့က တောင်ပေါ်ဒေသရှိ ဘုန်းတော်ကြီးကျောင်း ငါးကျောင်းအတွက် ဆွမ်း ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကျော်သူဝင်း(မြန်မာ့အလင်း)**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး နတ်မောက်၌ လက်တွေ့သရုပ်ပြ

နတ်မောက် မတ် ၂၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက် တောင်တွင်းလမ်း ဆည်မြောင်းဦးစီးဌာနရုံးခန်းမ၌ မတ် ၁၆ ရက် နံနက် ၉ နာရီက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောပို့ချခြင်းနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကိုကျင်းပရာ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန နတ်မောက်မြို့နယ် ဆည်မြောင်းဦးစီးဌာန၊ ဦးစီးအရာရှိ(မြို့ပြ) ဦးဝင်းလွင်၊ နတ်မောက်မြို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆန်းဦး နတ်မောက်မြို့ ဆည်မြောင်းဦးစီးဌာနရုံး တာဝန်ရှိဝန်ထမ်းများ၊ မိသားစုများ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်သည်။ အခမ်းအနားတွင် နတ်မောက်မြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဝင်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆန်းဦးက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ကာကွယ်ရေး ပညာပေးရှင်းလင်းပြောကြားခြင်း၊ ဒိုင်းရှင်းစက်ဖြင့် မီးငြိမ်းသတ်လက်တွေ့သရုပ်ပြခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၁၂၇)

ပြည်နယ်/တိုင်းဒေသကြီးအလိုက် တာယာအရောင်းကိုယ်စားလှယ်ဆောင်ရွက်လိုသူများ တင်ဒါခေါ်ယူခြင်း

၁။ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ တာယာစက်ရုံ(ရွာမ)မှ ဥရောပနည်းပညာ Sailun Tyre Technology ဖြင့် အရည်အသွေးမြင့်မားသော အောက်ဖော်ပြပါ တာယာများထုတ်လုပ်၍ ပြည်တွင်း/ပြည်ပဈေးကွက်သို့ ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

(က) Truck & Bus Bias Tyre (TBB)
(ခ) Truck & Bus Radial Tyre (TBR)
(ဂ) Passenger Car Radial Tyre (PCR)

၂။ ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချလိုသော အရောင်းကိုယ်စားလှယ်များအား ပြည်နယ်/တိုင်းဒေသကြီးအလိုက် သီးခြားဖြစ်စေ၊ အချို့ပြည်နယ်/တိုင်းဒေသကြီးအလိုက် တွဲဖက်၍ဖြစ်စေ သတ်မှတ်ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

၃။ ၄င်းအပြင် ထုတ်လုပ်မည့်တာယာများမှာ အရည်အသွေးကောင်းမွန်မှုရှိပြီး Sailun Tyre ကဲ့သို့ ပြည်ပဈေးကွက်ရောင်းတမ်းဝင် ထုတ်လုပ်မည်ဖြစ်၍ ပြည်ပပို့ကုန်အဖြစ် Export လုပ်ငန်းဆောင်ရွက်မည့်သူများ သီးခြားလျှောက်ထားနိုင်သည်။ Export ဆောင်ရွက်လိုသူများအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးမည်။

၄။ အရောင်းကိုယ်စားလှယ်ဆောင်ရွက်လိုသူများသည် မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ညှိနှိုင်းသတ်မှတ်ထားသော စပေါ်ငွေများ အာမခံတင်ထားရှိရမည်။ အရောင်းကိုယ်စားလှယ်လျှောက်လွှာများအား ၂၂-၄-၂၀၁၃ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ အသေးစိတ်သိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

မြန်မာစီးပွားရေးကော်ပိုရေးရှင်း

ဦးဆောင်ညွှန်ကြားရေးမှူးရုံး	၀၁-၂၁၄၁၈၄
စီမံကိန်းများညွှန်ကြားရေးမှူးရုံး	၀၁-၆၅၆၈၉၄
စက်ရုံများဌာန	၀၁-၂၂၁၁၄၄
ကုန်သွယ်ရောင်းဝယ်ရေးဌာန	၀၁-၂၁၆၁၁၈
တာယာစက်ရုံစီမံကိန်း(ရွာမ)	၀၁-၆၁၈၈၄၃/၆၁၈၈၄၄/၆၁၈၈၄၅

တန်ဖိုးနည်းအိမ်ရာစီမံကိန်း ရှင်းလင်းပွဲကျင်းပ

မန္တလေး မတ် ၂၁

မန္တလေး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်အတွင်းရှိ တန်ဖိုးနည်းအိမ်ရာစီမံကိန်း တည်ဆောက်မည့် မြေနေရာနှင့်ပတ်သက်၍ တွေ့ဆုံရှင်းလင်းပွဲကို မတ် ၁၈ ရက် နံနက် ၁၁ နာရီက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက "မြရည်နန္ဒာရပ်ကွက်အတွင်းမှာ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းတစ်ခုကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ စီမံမှုနဲ့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် တည်ဆောက်သွားမှာဖြစ်ပါတယ်။ တန်ဖိုးနည်းအိမ်ရာစီမံကိန်းမြေနေရာအတွင်း ခွင့်ပြုချက်မရှိဘဲ တရားမဝင် ဝင်ရောက်နေထိုင်ကြတဲ့ ပြည်သူတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာက တာဝန်ရှိသူတွေအနေနဲ့ စီမံကိန်းနယ်မြေအတွင်း ဝင်ရောက်နေထိုင်မှုမပြုရေး အကြိမ်ကြိမ်ခေါ်ယူညှိနှိုင်းဆွေးနွေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံကိန်းကြီး တည်ဆောက်ပြီးစီးရင် ရောင်းမှားဝယ်မှားဖြစ်ခဲ့တဲ့ ပြည်သူတွေကို အဓိကထားပြီးတော့ အဆောက်အအုံရဲ့ ကျသင့်တဲ့ တန်ဖိုးငွေနဲ့ ဦးစားပေးပြီးတော့ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ ရောင်းမှားဝယ်မှားဖြစ်ခဲ့ကြတဲ့ ပြည်သူတွေ တန်ဖိုးနည်းအိမ်ရာမှာ အမှန်တကယ် ဝယ်ယူခွင့်ရရှိစေရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က စာရင်းဇယား ကောက်ယူရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးပြီး စနစ်တကျစာရင်းကောက်ယူမှာဖြစ်တဲ့အတွက် မိမိတို့ပိုင်ဆိုင်ထားတဲ့ အထောက်အထားတွေကို တင်ပြသွားဖို့ လိုအပ်သလို စာရင်းဇယားကောက်ယူရေး အဖွဲ့ကိုလည်း ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ တန်ဖိုးနည်းအိမ်ရာစီမံကိန်းအနေနဲ့ မန္တလေးမြို့တော်ရဲ့ မြို့တစ်မြို့ပုံစံ ဖန်တီးဆောက်လုပ်မှာဖြစ်တဲ့အတွက် အဲဒီစီမံကိန်းကြီးအတွင်းမှာ မြို့အင်္ဂါရပ်နဲ့အညီ လမ်းဖောက်လုပ်ခြင်း၊ လျှပ်စစ်မီး၊ အားကစားကွင်း၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဈေး၊ လူနေအဆောက်အအုံများ ပါဝင်ဆောက်လုပ်ပေးမှာ ဖြစ်ပါတယ်။ စီမံကိန်းကြီးအမြန်ဆုံး ပြီးစီးရန် စီမံကိန်းလုပ်ငန်းခွင်အတွင်း လာရောက်ဆောင်ရွက်ကြတဲ့ တာဝန်ရှိသူတွေကို နှောင့်ယှက်ဟန့်တားမှုမပြုလုပ်ဘဲ ဝိုင်းဝန်းကူညီဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး စိန်ထွန်း၊ ခရိုင်၊ ဥပဒေအရာရှိ ဦးကျော်ကျော်အောင်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ မြေယာဌာနမှူး ဦးခင်မောင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်ဝင်းတို့က တန်ဖိုးနည်းအိမ်ရာတည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက်၍ တရားမဝင် ဝင်ရောက်နေထိုင်သူများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးကျော်သူရ၊ ဦးဝင်းကို၊ ဒေါ်ရွှေလန့်(ခ)ဒေါ်ရှမ်းမတို့က အဆိုပါ မြေကွက်အတွင်း ရောင်းမှားဝယ်မှား ဖြစ်ခဲ့ကြမှု အခြေအနေများနှင့် ၎င်းတို့၏ အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

မန္တလေး မတ် ၂၁

မန္တလေးခရိုင် အမရပူရမြို့နယ် ဆင်စွယ်ပွတ်တန်းရပ်ရှိ လင်းဇင်းကုန်းသုသာန်တွင် ထိုင်းဘုရင်ဟောင်း Kyaw Bwa Htauk ၏ အုတ်ဂူကို ဖေဖော်ဝါရီလ တတိယပတ်အတွင်းမှ စတင်၍ ရှာဖွေလေ့လာလျက်ရှိရာ ထိုင်းဘုရင်ဟောင်းနှင့် ဆက်စပ်သည့် ပစ္စည်းများကို တွေ့ရကြောင်းနှင့် ကမ္ပည်းကျောက်စာကိုသာ တွေ့ရှိရန် ကျန်တော့ကြောင်း သိရသည်။

ထိုင်းဘုရင်ဟောင်း အုတ်ဂူရှာဖွေရေးအဖွဲ့မှ ဒုတိယအဖွဲ့ ခေါင်းဆောင် မစ္စတာ မစ်ကီဟတ်စ်ကို တွေ့ဆုံမေးမြန်းခဲ့ရာ "ထိုင်းဘုရင်ဟောင်းအုတ်ဂူနဲ့ပတ်သက်တဲ့ ဆက်စပ်အထောက်အထားပစ္စည်းတွေကို ပြီးခဲ့တဲ့ မတ် ၁၅ ရက်က တွေ့ရှိခဲ့ပါတယ်။ တွေ့ရှိတဲ့ ပစ္စည်းတွေကို မတ် ၁၈ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန မန္တလေး မြို့တော်ဝန်ကို ထိန်းသိမ်းထားနိုင်ရန်အတွက် အပ်နှံထားခဲ့ပါတယ်။

အုတ်ဂူအတွင်းမှဆက်စပ်ပစ္စည်းများ

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ထိုင်းဘုရင်ဟောင်းအုတ်ဂူ တူးဖော်ရှာဖွေမှု ၉၉ ရာခိုင်နှုန်း ပြီးစီးနေပြီ

လောလောဆယ် အဲဒီပစ္စည်းတွေကို DNA စစ်ဆေးဖို့ အစီအစဉ်မရှိသေးဘဲ ထိုင်းနိုင်ငံမှ သမိုင်းပညာရှင်နှင့် ရှေးဟောင်းသုတေသနပညာရှင်များ ညှိနှိုင်းပြီး ဆုံးဖြတ်မှာဖြစ်ပါတယ်။ ဆက်စပ်ပစ္စည်းတွေကို အရိုးအိုးစေတီရဲ့ အရှေ့မြောက်ထောင့်ရှိ အရံစေတီတော်အတွင်းမှ တူးဖော်ရရှိခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီစေတီကို စောစောပိုင်းတုန်းက မဏ္ဍလာတိုင်သို့ ထင်မှတ်ခဲ့ပါတယ်။ အမှန်တကယ်ကတော့ အရံစေတီတစ်ဆူသာဖြစ်ပါတယ်။ အရိုးအိုးစေတီဟာ ဘိုးတော်ဘုရားခေတ်ကတည်းက တည်ထားခဲ့တာကို တွေ့ရှိတဲ့ပစ္စည်းများအရ အသေအချာပြောနိုင်ပါတယ်။

"ကျွန်တော့်အနေနဲ့ပြောရရင် တူးဖော်ရှာဖွေမှုလုပ်ငန်းဟာ ၉၉ ရာခိုင်နှုန်း အောင်မြင်နေပြီလို့ ဆိုရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တွေ့ရှိရတဲ့ပစ္စည်းတွေကြောင့်ဖြစ်ပါတယ်။ တစ်ရာခိုင်နှုန်းကတော့ ကမ္ပည်းကျောက်စာတွေ့ရှိဖို့ပဲ ဖြစ်ပါတယ်။ မြေအောက်တစ်နေရာရာမှာ တွေ့ရှိမယ်လို့ယုံကြည်ပါတယ်။ အရိုးအိုးစေတီရဲ့ အရှေ့ဘက်ကို အမှိုက်တွေရှင်းလိုက်တော့ ထူးခြားတဲ့ Site Plan ကုန်းတစ်ကုန်း ထပ်မံရှာဖွေတွေ့ရှိခဲ့ပါတယ်။ အဲဒီကုန်းမှာ တွေ့ရှိရတဲ့ အုတ်တွေက အလျားလိုက် မဟုတ်ဘဲ ထောင်လိုက်စီထားပါတယ်။ အဲဒီအုတ်တွေက အရိုးအိုးစေတီအုတ်လောက် သက်တမ်းမရှိဘဲ ထပ်မံတိုးချဲ့ တည်ဆောက်ခဲ့တဲ့ အဆောက်အအုံတစ်ခုလို့ ယူဆရပါတယ်။ အရိုးအိုးစေတီကို မိုးဒဏ်မခံရအောင် အမိုးပြုလုပ်ပေးထားပြီး ထပ်မံရှာဖွေခြင်းမပြုလုပ်တော့ပါဘူး။ မဏ္ဍလာတိုင်များကိုလည်း ရှာဖွေမှုမပြုတော့ပါဘူး။ မကြာမီအချိန်မှာ ရှာဖွေမှုကို ခေတ္တရပ်ဆိုင်းပြီး သင်္ကြန်ပြီးမှ ရှာဖွေတူးဖော်မှုကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ အခုလိုရှာဖွေတူးဖော်မှုမှာ အခက်အခဲမရှိဘဲ သက်ဆိုင်ရာဌာနအားလုံးက ဝိုင်းဝန်းကူညီလို့ အဆင်ပြေပါတယ်"ဟု ပြောကြားခဲ့သည်။ ရှာဖွေတွေ့ရှိခဲ့သော ဆက်စပ်ပစ္စည်းများသည် ရာသီဥတုဒဏ်နှင့် ခြစားမှုဒဏ်ကြောင့် ပျက်စီးမှုများရှိသော်လည်း ၇၀ ရာခိုင်နှုန်း ကောင်းမွန်နေဆဲဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ပြည်တွင်းသတင်း

အေးမြသာယာ အဆင့်မြင့်ခေတ်မီဈေးသစ် ပြည်နယ်ဝန်ကြီးချုပ် ပန္နက်တင်

မြစ်ကြီးနား မတ် ၂၁

မြစ်ကြီးနားမြို့သည် ကချင်ပြည်နယ်၏ မြို့တော်ဖြစ်သည်နှင့် အညီ ဒေသဖွံ့ဖြိုးမှုနှင့်အတူ လူဦးရေ တိုးတက် များပြားလာသဖြင့် ကုန်စည်များ ရောင်းဝယ်ဖောက်ကားနိုင်ရန် အေးမြသာယာရပ်ကွက်ရှိ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးမြေပေါ်တွင် မဥ္ဇူသာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်မည့် အဆင့်မြင့်ခေတ်မီဈေးသစ်အား ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အေးမြသာယာ အဆင့်မြင့်ခေတ်မီဈေးသစ် တည်ဆောက်ခြင်း၊ ပန္နက်တင်မင်္ဂလာ အခမ်းအနားကို မတ် ၁၈ ရက် နံနက် ၈ နာရီက အဆိုပါအဆင့်မြင့်ခေတ်မီ ဈေးသစ် တည်ဆောက်မည့် မြေနေရာ၌ ကျင်းပသည်။

အစီအစဉ်အရ မင်္ဂလာအချိန်တွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီး ဦးအလေးပါး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် မဥ္ဇူသာ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်စန္ဒာမိုးတို့က အဆိုပါဈေးသစ်တည်ဆောက်မည့် သတ်မှတ်နေရာများတွင် ပန္နက်တင်ပေးကြပြီး နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် မဥ္ဇူသာဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

(ပြည်နယ်ပြန်/ဆက်)

ခရမ်းသီးစိုက်တောင်သူများ အရှုံးပေါ်၍ ခရမ်းသီးခြောက်ပြုလုပ်ကာ ပို့ကုန်အဖြစ်ပို့

ယခုနှစ်တွင် ခရမ်းသီးစိုက်တောင်သူများ အထွက်နှုန်းကောင်းသော်လည်း ဈေးနှုန်းကျဆင်းသဖြင့် ခရမ်းသီးများကို ခွဲခြမ်းပြီး အခြောက်လှန်းကာ အညာပို့ကုန်အဖြစ် သိုလှောင် ပို့ဆောင်နေရကြောင်း သိရသည်။

“ဒိုင်ကခရမ်းသီးတစ်ပိဿာ၃၀၀ အထက်ကို တက်မလာဘူး။ အရင်နှစ်က မိုးခေါင်ခဲ့တဲ့အတွက် အခြားသီးနှံလည်းအလုပ်မဖြစ်လို့ ခရမ်းစောစောစိုက်တာ၊ ဈေးကလည်း မရဘူး၊ ရေသွင်းခ၊ အသီးဆွတ်ခနဲ့ တွက်ခြေမကိုက်လို့ ခရမ်းသီးခြောက်လုပ်ရောင်းဖို့ ပြင်နေကြတာ” ဟု မုံရွာမြို့ မြေနဲရွာမှ ခရမ်းသီးစိုက်တောင်သူက ပြောပြသည်။

ယင်းခရမ်းသီး ဈေးနှုန်းများကျဆင်းရခြင်းကို ခရမ်းသီးပွဲရုံပိုင်ရှင်တစ်ဦးက “အထက်ပိုင်း၊ ဟုမ္မလင်း၊ နမ့်တောက ဒီနှစ် ရွှေလုပ်ကွက်တွေ မကောင်းတော့ ကုန်စိမ်းသီးနှံအဆွဲနည်းတယ်။ ဒီခရမ်းသီးကို အဓိကဝယ်လက်က အထက်ပိုင်းကိုပို့တာ သူတို့ မဝယ်ရင် ဒီမှာစုပုံပြီး ဈေးကျတာပဲ”ဟု ပြောပြသည်။

ခရမ်းသီးကို မုံရွာမြို့နယ်ရှိ ကွမ်းစိုက် တောင်သူများကလည်း သီးညှပ်အဖြစ် တစ်ပိုင်တစ်နိုင် စိုက်ပျိုး လာသောကြောင့် ကုန်စိမ်းထွက်အား ကောင်းနေခြင်း ဖြစ်သည်။

အောင်နိုင်ထွန်း

စားသုံးသူအကာအကွယ်ပေးရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေး Mobile Team ကွင်းဆင်းစစ်ဆေး

မြိတ် မတ် ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြိတ်နယ်စပ် ကုန်သွယ်ရေးဦးစီးဌာန ကုန်ပစ္စည်းများတင်ပို့ခြင်း၊ တင်သွင်းခြင်းများကို ခွင့်ပြုချက်ရယူပြီး ခွင့်ပြုချက်ပါ စည်းကမ်းဖောက်ဖျက်ခြင်းတို့ကို အရေးယူဆောင်ရွက်နိုင်ရန် စားသုံးသူအကာအကွယ်ပေးရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ တရားမဝင်ကုန်သွယ်မှုများ လျှော့နည်းပပျောက်ရေးအတွက် Mobile Team ထုတ်နုတ် အင်အားအဖွဲ့သည် ပြည်တွင်းပို့ကုန်သွင်းကုန်များ လုပ်ကိုင်လျက်ရှိသော မြိတ်မြို့ ဆိပ်ငယ်တံတားမှ ခုနစ်မိုင်ခန့်အကွာ မြိတ်မြို့ (မီးပြ) ရေလယ်ရှိ MT-Kokuei Mary No.3 ဆီတင်သင်္ဘောသို့ မတ် ၂၀ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ Mobile Team အဖွဲ့သည် MT-Kokuei Mary No.3 ဆီတင်သင်္ဘောသို့ ရောက်ရှိစစ်ဆေးရာ သင်္ဘောပေါ်တွင်ပါရှိသော လိုင်စင်ဖြင့် သယ်ဆောင်လာသည့် ဒီဇယ်ဆီ တန် ၄၀၀ ကို စစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(မြိတ်ခရိုင် ပြန်/ဆက်)

မူဆယ်တွင် ဒေသခံပြည်သူများသို့ တိုင်၊ မျော၊ ထင်း (၁၂)ကြိမ်မြောက် အခမဲ့ဖြန့်ဝေပေးအပ်

မူဆယ် မတ် ၂၁

နိုင်ငံတော်၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ် လက်တွေ့အကောင်အထည်ဖော်မှု အနေဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက ပြည်သူများအား တိုင်၊ မျော၊ ထင်း အခမဲ့ပေးဝေခြင်းကို မတ် ၁၉ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာ၌ ကျင်းပခဲ့သည်။

မတ်၂၀ရက်တွင် နမ့်အွမ်ကျေးရွာအနီးရှိ ကျေးရွာသုံး ထင်းစိုက်ခင်း အမှတ်(၃/၉၅) ဧက ၁၂၀မှ ရှိသည့် တိုင် ၄ဒသမ ၁ တန်၊ မျော ၁ ဒသမ ၇၂ တန်၊ ထင်း ၁၂၃ တန် စုစုပေါင်း ၁၃၃ ဒသမ ၃၂ တန်တို့အား နမ့်အွမ်ကျေးရွာအုပ်စုအတွင်းရှိ နမ့်အွမ်၊ ဆိုင်းခေါင်၊ စုစည်းကျေးရွာများတွင် နေထိုင်သော အိမ်ထောင်စု ၄၄ စုရှိ ဒေသခံပြည်သူ ၁၁၀အား တစ်အိမ်ထောင်လျှင် သုံးတန်နှုန်းဖြင့် အခမဲ့ဖြန့်ဝေပေးအပ်ခဲ့သည်။ အဆိုပါ ပေးအပ်ပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးစိုင်းအိုက်ပေါင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းငွေငွေ၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း၊ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဝင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဟန်မင်းနောင်နှင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ယခု (၁၂)ကြိမ်မြောက်အပါအဝင် ဒေသခံပြည်သူများသို့ စုစုပေါင်း ၆၀၄ ဒသမ ၀၇ တန် ဖြန့်ဝေပြီးစီးကြောင်း သိရှိရသည်။ **အယ်လ်စိုး(Iprd)**

ကျောက်တော်မြို့တွင် ဓာတ်အားတိုးချဲ့ဖြန့်ဖြူး

ကျောက်တော် မတ် ၂၁

ရခိုင်ပြည်နယ် ကျောက်တော်မြို့တွင် ယခင်က 400 KVA Perkin ဒီဇယ်ဓာတ်အားပေးစက်မောင်းနှင်၍ မြို့တွင်းသို့ ၄၀၀ ဗို့ဓာတ်အားလိုင်းများဖြင့်သာ ဓာတ်အားဖြန့်ဖြူးပေးခဲ့သည်။ ၄၀၀ ဗို့ဓာတ်အားလိုင်း အစွန်အဖျားတွင် ဗို့အားကျဆင်းလျက်ရှိသည်။ သို့ဖြစ်၍ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှစ၍ လျှပ်စစ်ဓာတ်အားသုံးစွဲသူများ ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရေးအတွက် 400 KVA Perkin ဒီဇယ်ဓာတ်အားပေးစက်၏ ၄၀၀ ဗို့အထွက်တွင် 315 KVA, 0.4/11 KV ဗို့အားမြှင့် ထရန်စဖော်မာတပ်ဆင်ပြီး မြို့တွင်းသို့ 11 KV ဓာတ်အားလိုင်း ပေ ၂၀၀၀ တည်ဆောက်၍ 160 KVA, 11/0.4 KV ထရန်စဖော်မာဖြင့် ဗို့အားပြည့်မီစွာ မတ် ၁ ရက်မှစ၍ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။ ဆက်လက်၍ 50 KVA ထရန်စဖော်မာတစ်လုံး ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သူ(ပုဏ္ဏားမြီ)**

ပန်ဆိုင်း(ကျူကုတ်)တွင် မီးသတ်ကားတာယာပေးအပ်

မူဆယ် မတ် ၂၁

ရှမ်းပြည်နယ် မူဆယ်ခရိုင် ပန်ဆိုင်း(ကျူကုတ်)မြို့နယ်ခွဲတွင် နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်လျက်ရှိရာ ပန်ဆိုင်း(ကျူကုတ်)မြို့နယ်တွင်ရှိသော မီးသတ်ကားတွင် လိုအပ်သည့် ကားတာယာနှစ်လုံးကို အလှူရှင် ဦးဝင်းမြင့်က မတ် ၁၉ ရက်တွင် ပေးအပ်လှူဒါန်းရာ ခေတ္တမြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးနေထွန်းသန်းက လက်ခံရယူကြောင်းသိရသည်။‘

အယ်လ်စိုး(Iprd)

ဒေါ်သီတာအောင် ၁၄/ပသန(နိုင်)၀၈၃၃၄၀ သိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဝင်း ၃/လဘန(နိုင်)၀၃၅၃၁၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်သန်းသန်းဝင်းပိုင်ဆိုင်သော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၄၈၊ ဒုတိယထပ်(သုံးလွှာ) ခေါင်းရင်းခြမ်းတိုက်ခန်းကို ဒေါ်သီတာအောင်အား ၉-၉-၂၀၁၂ ရက်မှ ၈-၃-၂၀၁၃ ရက်အထိ ခြောက်လငှားရမ်းခဲ့ရာ ငှားရမ်းကာလကုန်ဆုံးသည့် ၈-၃-၂၀၁၃ ရက်တွင် ကျွန်ုပ်မိတ်ဆွေ ဒေါ်သန်းသန်းဝင်းထံ တိုက်ခန်းပြန်လည်အပ်နှံရမည် ဖြစ်သော်လည်း ဒေါ်သီတာအောင်မှ တစ်စုံတစ်ရာဆက်သွယ်မှု မရှိဘဲ ငှားရမ်းထားသည့်တိုက်ခန်းမှ ထွက်ခွာသွားကြောင်း ညွှန်ကြားလာပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ဒေါ်သီတာအောင်မှ ကျွန်ုပ်မိတ်ဆွေ ဒေါ်သန်းသန်းဝင်းထံသို့ တိုက်ခန်းလက်ရောက်ပေးအပ်ပါရန်နှင့် ယင်းသို့ပေးအပ်ခြင်းမပြုပါက သက်ဆိုင်ရာလူကြီးမင်းများ၏ အကူအညီဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်သန်းသန်းဝင်းက တိုက်ခန်းအား ပြန်လည်လက်ရောက်ရယူမည်ဖြစ်ကြောင်းနှင့် ဒေါ်သီတာအောင်၏ ပစ္စည်းများကိုလည်း တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးမြင့် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (လိုင်စင်အမှတ်-၇၃၅၈)
အမှတ် ၅၀၊ ပထမထပ်၊ အခန်းအမှတ် (A-1)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၆၄၆၆၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၁၃၇၈၊ အနော်ရထာလမ်းဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ နှစ် ၆၀မြေငှားဂရန်တွင် ဦးနိုင်နိုင်ဦး ၉/တသန(နိုင်)၀၀၀၈၁၇အမည်ဖြင့် မှတ်သားတည်ရှိပြီး ၄င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ယင်းမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အထက်ဖော်ပြပါ မြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မိုးရွှေ၊ ဥပဒေဘွဲ့၊ မဟာဥပဒေဘွဲ့၊ တရားလွှတ်တော်ရှေ့နေ
တိုက် -၉/၁၁၊ အခန်းအမှတ် ၁၀၃/C (ပထမထပ်)၊
၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၉၄၄၅၇

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရလပ(မ) ၂၂၊ မြေကွက်အမှတ် ၁၁၅၄၊ မြေအကျယ် ပေ(၄၀×၆၀)ရှိ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိက ဤကြော်ငြာပါသည့်ရက်မှ လေးရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းမြင့်
B.Sc (Chem), H.G.P, R.L, Dip In French (I.F.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၆၇)
တိုက် ၇၆၄၊ အခန်း ၁၀၁၊ အောင်မင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၂၁၉၃၈

အများသိစေရန်ကြေညာချက်

ကျွန်တော်၊ ကျွန်မတို့ မောင်နှမရှစ်ဦးဖြစ်သော (၁)ဒေါ်ကျင်မြင့် ၁၂/သဃက(နိုင်)၀၄၆၅၇၃၊ (၂)ဒေါ်အေးအေးသွယ် ၁၂/သဃက(နိုင်)၀၄၆၈၉၄၊ (၃)ဦးကျော်ကျော် ၁၂/သဃက(နိုင်)၀၄၆၅၆၈၊ (၄)ဒေါ်ရီရီမြင့် ၁၂/သဃက(နိုင်)၀၂၉၈၆၃၊ (၅)ဒေါ်မြင့်မြင့်အေး ၁၂/သဃက(နိုင်)၀၂၉၈၆၄၊ (၆)ဒေါ်မြင့်မြင့်ကြည် ၁၂/သဃက(နိုင်) ၀၄၇၁၄၂၊ (၇)ဒေါ်ယဉ်ယဉ်ထွေး ၁၂/အစန(နိုင်)၁၂၇၅၇၄၊ (၈)ဒေါ်စန်းစန်းမြင့် ၁၂/သဃက(နိုင်)၀၄၄၄၃၆ တို့သည် ဦးကျော်သူရ ၁၂/တမန(နိုင်)၀၇၆၁၄၈ အား ကန်ထရိုက်တိုက်ဆောက်လုပ်ရန် လွှဲအပ်ခဲ့သော ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၀၇၀/၁၂)၊ (၄၀၆၉/၁၂)တို့အား ၁၆-၂-၂၀၁၂ ရက်တွင်လည်းကောင်း၊ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၄၂၃/၁၂)ကို ၈-၃-၂၀၁၂ရက်တွင်လည်းကောင်း အသီးသီးလွှဲအပ်ခဲ့၍ ဦးကျော်သူရထံ လွှဲအပ်ခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာသုံးစောင်ကို ယနေ့မှစ၍ ပြန်လည်ဖျက်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကျင်မြင့် ပါ ရှစ်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးဖေ (စဉ်-၇၄၅၇)
တိုက် ၂၆/၅၊ အခန်း ၃၀၃၊ သုနန္ဒာ ၁လမ်း၊ သုမင်္ဂလာအိမ်ရာ၊ စ/သုမင်္ဂလာရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ပြင်ဆင်ဖတ်ရှုပေးပါရန်

၁-၃-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၁၂၊ ကော်လံ ၃ အောက်ဆုံးတွင် အများသိစေရန် ကြော်ငြာထားခြင်းအပေါ်တွင် ပိုင်ဆိုင်ကြောင်းစကားရပ်အစား ဦးကျော်သန်းမှ တရားဝင်ဝယ်ယူနေထိုင်ပြီး အချင်းဖြစ်နေအိမ်နှင့် မြေ၏မျက်နှာစာ ၂၅ ပေ၏ တစ်ဝက်ကို ယခုအခါ အနောက်ပိုင်း ခရိုင်တရားရုံးတော်၌ ကိုယ်စားလှယ်စာရသူ ဒေါ်ချိုချိုက တရားလိုပြုလုပ်ပြီး ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို တရားမကြီးမှုအမှတ် ၁၇/၂၀၁၃ အရ ဦးစောအား တရားစွဲဆိုထားပါကြောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ကိုယ်စားလှယ်စာရသူ
ဒေါ်ချိုချို ၁၂/စခန(နိုင်)၀၁၀၉၆၄

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့၊ မြို့မ ၂ လမ်းနေ ဦးလောင်ချိန်(ခ)ဦးသန်းနိုင် ၇/အဖန(ဧည့်)၀၀၀၀၉၀နှင့် ဒေါ်အတီး(ခ)ဒေါ်စန်းကြည် ၇/အဖန(ဧည့်)၀၀၀၀၁၂တို့၏သား မောင်အောင်နိုင်ထူး ၇/အဖန(ဧည့်)၀၀၀၁၆၂ သည် လူကြီးမိဘဆိုဆုံးမခြင်းကို နားထောင်ခြင်းမရှိဘဲ ၁၃-၃-၂၀၁၃ရက်တွင် နေအိမ်မှ ၄င်းဆန္ဒအတိုင်း ထွက်ခွာသွားပြီး မည်သို့မျှဆက်သွယ်မရပါသဖြင့် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ပေးတော့မည်မဟုတ်ကြောင်းနှင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၄င်းနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးလောင်ချိန်(ခ)ဦးသန်းနိုင်
ဒေါ်အတီး(ခ)ဒေါ်စန်းကြည်

ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃ သုဝဏ္ဏ၊ မြေကွက်အမှတ် ၆၁/ခ၊ မြေကွက်တည်နေရာအမှတ် ၆၁/ခ၊ မဥ္ဇူလမ်း၊ (က)ရပ်ကွက်၊ ၂၃ သုဝဏ္ဏမြို့၊ နှင်းဆီကုန်း၊ သင်္ဃန်းကျွန်းမြို့နယ် ဦးမျိုးသန့် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမျိုးသန့် ၁၂/သဃက(နိုင်)၁၂၇၆၂၄ ကွယ်လွန်သဖြင့် ဒေါ်ခင်သန်း ၁၂/သဃက(နိုင်)၁၂၇၆၃၈မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ သေစာရင်း ထပ်ဆင့်ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် မေတ္တာဖြင့်ပေးကမ်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

[redacted]

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဒဂုံမြောက်ပိုင်း၊ (၄၅)ရပ်ကွက်၊ မြေတိုင်းလမ်း၊ အမှတ် ၂၁၉၊ ပေ (၄၀×၆၀) ကားဂိုဒေါင်ပါ၊ အိပ်ခန်းနှစ်ခန်း၊ တိုက်သစ်၊ ပြင်ဆင်ပြီး လူနေရန်အသင့်၊ ရေမီးစုံ ကျပ်သိန်း ၉၀၀။

ဆက်သွယ်ရန်
ဖုန်း-၀၉-၇၃၀၇၄၅၉၉

ကန့်ကွက်နိုင်ပါကြောင်း

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	အကြောင်းအရာ
	ဒေါ်မိုးသက်ခိုင် +၁	၁၄/ဟသတ(နိုင်) ၀၄၆၉၄၉	အမှတ် (၁၃၈)၊ သီရိ ၂ လမ်း၊	လှိုင်	၁၂-A	၃၃၀	ဒေါ်စိန်လှ +၄	ဂရန်သက်တမ်းတိုး

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကမ္ဘောဇဘဏ်လီမိတက် တာချီလိတ်ဘဏ်ခွဲ (၂) မယ်ခေါင်ဘဏ်ခွဲဖွင့်

တာချီလိတ် မတ် ၂၁

ကမ္ဘောဇဘဏ်လီမိတက်၏ (၁၀၀)မြောက်ဘဏ်ခွဲဖြစ်သော တာချီလိတ်ဘဏ်ခွဲ(၂) မယ်ခေါင်ဘဏ်ခွဲဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် အမှတ်(၂) ထိုင်း-မြန်မာချစ်ကြည်ရေးတံတားအနီးရှိ အဆိုပါ ဘဏ်ခွဲ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းလွင်၊ ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ မယ်ဆိုင်ဒေသရှိ မိတ်ဖက်ဘဏ်များဖြစ်သော Bangkok Bank, Krun Thai Bank, Kasikorn Bank, Siam Commercial Bank, Thai Military Bank နှင့် Thanachet Bank များမှ ဌာနေကိုယ်စားလှယ်များ၊ တာချီလိတ်မြို့ပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ညီနောင်မိတ်ဖက်ဘဏ်များမှ ဘဏ်ခွဲတာဝန်ခံများက ကမ္ဘောဇဘဏ်လီမိတက် ရုံးချုပ်ဌာနအသီးသီးမှအကြီးအကဲများ၊ တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့တို့မှ ဖိတ်ကြားထားသော ထိုင်းနှင့် မြန်မာ ဧည့်သည်တော်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။ ရှေးဦးစွာ ကမ္ဘောဇဘဏ်လီမိတက်မှ ဒါရိုက်တာဒေါ်နန်းလိုင်းခမ်းက အမှာစကားပြောကြားပြီး ကမ္ဘောဇဘဏ်လီမိတက် နိုင်ငံတကာဘဏ်လုပ်ငန်းဆိုင်ရာဌာနမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က ကမ္ဘောဇဘဏ်လီမိတက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တာချီလိတ်မြို့ ဒေသခံ မြို့မိမြို့ဖများနှင့် ကုန်သွယ်လုပ်ငန်းရှင်များကိုယ်စား တာချီလိတ်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းအသင်းချုပ်ဥက္ကဋ္ဌ ဦးမြင့်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကမ္ဘောဇဘဏ်လီမိတက်၏ (၁၀၀)မြောက်ဘဏ်ခွဲဖြစ်သော တာချီလိတ်(၂)မယ်ခေါင်ဘဏ်ခွဲကို ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းနှင့်အတူ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းဖောင်းလိန်၊ လားဟူတိုင်းရင်းသူ ဒေါ်ရှန်မွေး၊ အခါတိုင်းရင်းသူ ဒေါ်ဘူးဂျနှင့် ဗမာတိုင်းရင်းသူ ဒေါ်မြနန္ဒာမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် ဘဏ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် နိုင်ငံတကာနှင့် ချိတ်ဆက်လုပ်ကိုင်ဆောင်ရွက်ရသော နိုင်ငံခြားဘဏ်လုပ်ငန်းကို နိုင်ငံတကာရှိ ဘဏ်များနှင့်လည်းကောင်း၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများနှင့်လည်းကောင်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတကာ ကုန်သွယ်ရေးလုပ်ငန်းများနှင့် နိုင်ငံတကာနှင့် ငွေလွှဲပေးပို့လက်ခံမှုများအပါအဝင် နိုင်ငံတကာ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို အာရှ၊ ဥရောပနှင့် အမေရိကတို့မှ နိုင်ငံတကာ ထိပ်တန်းဘဏ်ကြီးများနှင့် အဓိကထား၍ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အမေရိကန်နိုင်ငံမှ နိုင်ငံတကာငွေလွှဲလုပ်ငန်းအဖွဲ့အစည်း Western Union နှင့် ပူးပေါင်း၍ ကမ္ဘာအရပ်ရပ်ရှိ ဒေသအနှံ့အပြားမှ မြန်မာနိုင်ငံသို့ လွှဲငွေများ လွှဲပို့ပေးခြင်းလုပ်ငန်းကို ဝန်ဆောင်မှုများပေးလျက်ရှိသည်။

ကမ္ဘောဇဘဏ်လီမိတက်၏ ပုံမှန်ဘဏ်လုပ်ငန်းများဖြစ်သော အပ်ငွေလက်ခံခြင်း၊ ချေးငွေထုတ်ချေးခြင်း၊ ပြည်တွင်းငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ချက်လက်မှတ်နှင့် ငွေပေးအမိန့်များ အသုံးပြုခြင်းတို့အပြင် ATM Card,

MPU Debit Card ဝန်ဆောင်မှုများ၊ အငှားဝယ်စနစ် (Hire Purchase)၊ မေတ္တာလက်ဆောင်ချက်လက်မှတ် (Gift Cheque)၊ နိုင်ငံခြားငွေလဲလှယ်မှုလုပ်ငန်းနှင့် နိုင်ငံခြားဘဏ်လုပ်ငန်းဝန်ဆောင်မှုများကိုပါ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ကမ္ဘောဇဘဏ်လီမိတက်သည် ကမ္ဘာလှည့်ခရီးသည်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ စည်ကားရာ မြို့ကြီးများဖြစ်သော ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့များတွင်သာမက ကမ္ဘာလှည့် ခရီးသည်များ သွားရောက်လည်ပတ်ရာ တောင်ကြီး၊ ညောင်ရွှေ၊ ဟဲဟိုး၊ ညောင်ဦး၊ သံတွဲမြို့များနှင့် နယ်စပ်မြို့များ ဖြစ်သည့် စစ်တွေ၊ တာချီလိတ်၊ ထားဝယ်၊ သံတွဲ၊ ကော့သောင်းမြို့များတွင်လည်း ငွေလွှဲကောင်တာ ၃၂ ခု အထိ ထိဖွင့်လှစ်ထားပြီဖြစ်သည်။ ထို့အပြင် ATM ငွေထုတ်စက်များကိုလည်း ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ကလော၊ ပြင်ဦးလွင်မြို့များနှင့်လူစည်ကားရာ နေရာဒေသများ၊ Shopping Mall များ၊ ဆေးရုံများ၊ ကမ္ဘောဇဘဏ်လီမိတက်ဘဏ်ခွဲများတွင် တပ်ဆင်ထားရှိပြီး MPU Card နိုင်ငံတကာသုံး Visa နှင့် Master Card များ အသုံးပြု၍ လွယ်ကူအဆင်ပြေစွာ ငွေထုတ်ယူနိုင်သကဲ့သို့ ယင်း MPU Card နိုင်ငံတကာသုံးနှင့် Visa Card နှင့် Master Card များအသုံးပြု၍ ဈေးဝယ်နိုင်သော POS Terminal အလုံးနှစ်ရာကျော်ကိုလည်း တပ်ဆင်ထားပြီးဖြစ်သည်။ ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့် မြန်မာနိုင်ငံနေရာဒေသအနှံ့အပြားတွင် ထပ်မံ၍ဘဏ်ခွဲသစ်များသာမက Mini Bank များကိုလည်း ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ နိုင်ငံတော်အနေဖြင့် စီးပွားရေးကဏ္ဍအပါအဝင်အဘက်ဘက်မှခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန်တွင် ခေတ်မီဘဏ်လုပ်ငန်းများကို နိုင်ငံတကာနှင့်အညီ ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေးနှင့် ပြည်သူလူထု၏အကျိုးစီးပွားကို မြှင့်တင်နိုင်ရေးအတွက် ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် ခေတ်မီတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ကိုစိုးညွန့်

ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းက အမှာစကားပြောကြားစဉ်

လက်ပံတန်းစွယ်တော်မြတ် အပူဇော်ခံမည်

လက်ပံတန်း မတ် ၂၁

လက်ပံတန်းမြို့နယ် ဇီးဖြူကုန်းကျေးရွာအုပ်စု ဇီးဖြူကုန်းရွာမကျေးရွာ နိဂြောဓာရုံ ကျောင်းတိုက်အတွင်း ဗုဒ္ဓမြတ်စွယ်တော်အား ပဲခူးတိုင်းဒေသကြီး သံဃနာယက (မဟာဒွါရ)ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝရသာမိ၊ နိဂြောဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိဓဇနှင့် ဆရာတော်ကြီးများဦးစီး၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးဘုန်းမြင့်နှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ ကြီးကြပ်၍ အများပြည်သူကြည်ညိုသဒ္ဓါပွားနိုင်ရန် မတ် ၂၄ ရက်မှ ၃၁ ရက်အထိ စည်ကားသိုက်မြိုက်စွာဖြင့် ကျောင်းတိုက်အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကိန်းဝပ်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။ **(၀၉၈)**

စစ်တွေမြို့တွင် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးလုပ်ငန်းရှင်ဆုရွေးချယ်

ရခိုင် မတ် ၂၁

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်များအား ရွေးချယ်ခြင်းအသိပေးပွဲကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ မတ် ၁၈ ရက် ညနေ ၃ နာရီက ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးမြအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်အခွန်ဦးစီးမှူးက ရွေးချယ်ခြင်းစည်းကမ်းချက်များနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရွေးချယ်ခြင်းခံရသော လုပ်ငန်းရှင်များကို ကြေညာသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်ဆုကို ရခိုင်ပြည်နယ်အတွက် စစ်တွေမြို့ အင်းပေါက်ဝကုမ္ပဏီလီမိတက်အားလည်းကောင်း၊ ပို့ကုန်အကောင်းဆုံးလုပ်ငန်းရှင်ဆုကို ရွှေရည်ဝင်းကုမ္ပဏီအားလည်းကောင်း ရွေးချယ်ထားကြောင်း ကြေညာသည်။ ထို့နောက် သတင်းဌာနများ၏ မေးမြန်းချက်များကို ပြည်နယ်အခွန်ဦးစီးမှူးက ရှင်းလင်းဖြေကြားသည်။

လေးဝတီထွန်းစောခိုင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၇၃၄၈ Hummer H_3၊ အမျိုးအစား စတေရှင်ဝက်ဂွန်ယာဉ်လက်ဝယ်ရှိသူ ဦးဇာနည်ထွန်း ၁၂/ရကန(နိုင်)၀၅၉၁၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁၊ မြေကွက်အမှတ် ၈၄ကို မူလအမည်ပေါက် ဒုတပ်ကြပ်ကျော်စိုးကိုယ်စား ဒေါ်ကြည်ကြည်ဝင်းမှ မြေပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် မြေချပါမစ် (အိမ်ရာဆောက်လုပ်ခွင့်၊ မှီခိုသူစာရင်း)ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

မြေယာရုံးခွဲ (၅+၉) မြောက်ဥက္ကလာပမြို့နယ်

ပျောက်ဆုံးကြောင်း

ဦးသန်းလှိုင်၏သား ကျွန်တော်ဝင်းနိုင်ထွန်း ၅/ယမပ(နိုင်)၀၀၀၇၉၆၏ PP No.M 534480 စာအုပ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၇၀၃၇၈

ပျောက်ဆုံးကြောင်း

မသင်းသင်းလှိုင် ၁၃/တခလ(နိုင်) ၀၀၃၀၈၅ PP.No M-846204 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၁၄၇၂၄

ကန့်ကွက်ကြောင်းသတိပေးကြေညာခြင်း

မြန်မာ့အလင်းသတင်းစာ၏ ၁၅-၃-၂၀၁၃ ရက်စွဲပါ ဒေါ်လှအေး၏ အများသိစေရန် သတိပေးကြေညာခြင်းအပေါ် ဖြေရှင်းချက်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အိမ်အမှတ် ၈၉တွင် နေထိုင်လျက်ရှိသော ကျွန်ုပ်၏အမှုသည် ဦးမျိုးသန့် ၁၂/သဃက(နိုင်)၁၂၅၁၉၄နှင့် အိမ်အမှတ် (၁/ခ)၊ ဥယျာဉ်လမ်း၊ (ခ)ရပ်ကွက်တွင် နေထိုင်သူ ဒေါ်ခင်အုံးမြင့် ၁၂/သဃက (နိုင်)၁၃၂၃၉၄တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကန့်ကွက်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာန၌ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းအမှတ် ၄၅၊ ဦးပိုင်အကွက် ၉၊ လူနေရပ်ကွက် ခြံအမှတ် ၆၊ လုပ်သားလမ်းနှင့် ပန်းရိုက်လမ်းထောင့်၊ သင်္ဃန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်ပေါ်ရှိမြေကွက်သည် ကွယ်လွန်သူ ဦးဘိုးချိုနှင့် ဒေါ်မရုံအမည်ပေါက်လျက်ရှိပြီး ၄င်းမှမွေးဖွားသောသားငါးယောက်အနက် ဦးအဗ္ဗုရင်နှင့် ဦးဆူလေမန်တို့နှစ်ဦးကွယ်လွန်သွားကြသောအခါ သားသမီးများကျန်ရစ်ခြင်း မရှိဘဲ ဦးမာမက်၊ ဦးဂဖူးနှင့် ဦးရှကူးတို့ကွယ်လွန်သွားသောအခါ ၄င်းတို့သုံးဦး၏သားသမီးများနှင့် မြေး၊ မြစ်များ ကျန်ရစ်၍ အမွေဆိုင်ပစ္စည်းအပေါ် ခံစားခွင့်ရှိကြသူများဖြစ်ပါသည်။

အချင်းဖြစ်အမွေဆိုင်မြေကွက်ပေါ်တွင် ဦးရှကူး၏သားသမီးများနေထိုင်လျက်ရှိရာ သမီး ဒေါ်မမကြီး၊ ဒေါ်ခင်မေစီနှင့် ၄င်း၏သားသမီးများဖြစ်သော ဦးထိန်လင်း၊ ဒေါ်ခင်စန်းရီ၊ ဒေါ်ခင်ဝင်းတို့က နေထိုင်ခွင့်ပေးထားခြင်းအပေါ် အလွဲသုံးစားပြုလုပ်ပြီး အထက်အပိုဒ်ပါ မြေကွက်ကြီး၏ အစိတ်အပိုင်းဖြစ်သော မြေအကျယ် (၂၂×၃၈)ပေမြေကွက်နှင့် နောက်ထပ် (၃×၇)ပေမြေအစိတ်အပိုင်းတို့ကို ၂၂-၅-၂၀၁၂ ရက်နှင့် ၇-၈-၂၀၁၂ ရက်တို့တွင် ဒေါ်လှအေးဆိုသူထံသို့ လွှဲပြောင်းရောင်းချလိုက်ခြင်းဖြင့် အမွေဆိုင်ပစ္စည်းကို အလွဲသုံးစားပြုလုပ်ခဲ့ကြသူများဖြစ်၍ တာဝန်ရှိနေပါသည်။

အမွေဆိုင်မြေကွက်အစိတ်အပိုင်းကို ဒေါ်လှအေးမှ ဝယ်ယူခြင်းသည်လည်း(လုံးဝ) တရားဝင်ပိုင်ဆိုင်ခွင့်မရရှိနိုင်၍ ကန့်ကွက်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

ထို့ကြောင့် အမွေဆိုင်ဖြစ်သော ကျွန်ုပ်အမှုသည်များက အထက်ရည်ညွှန်းချက်ပါ မြေကွက်ကို ခွဲစိတ်၍ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းကျူးကျော်ဝင်ရောက်နေထိုင်ခြင်းအပါအဝင် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုလုပ်ရန်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအား ထပ်မံပြင်ဆင်တိုးချဲ့ဆောက်လုပ်ခြင်းများ မပြုရန် သတိပေးတားမြစ်အပ်ပါသည်။

တားမြစ်ချက်များအား ဆန့်ကျင်ဆောင်ရွက်ပါက ဆောင်ရွက်သူ၏တာဝန်ဖြစ်ပြီး အမွေဆိုင်များ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးအောင်သိန်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၇၀၃)
အမှတ် ၁၄၆၊ မြေညီထပ်၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၀၆၂၆
Legal Performance Aid Centre

နိုင်ငံတကာအားကစားသတင်း

၂၀၁၄ ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲတွေလာပြီ

၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဥရောပဇုန်ခြေစစ်ပွဲတွေကို မတ် ၂၂ရက်နဲ့ ၂၃ ရက်တွေမှာ ယှဉ်ပြိုင်ကစားပါလိမ့်မယ်။ ဥရောပ ပြည်တွင်းလိဂ်ပြိုင်ပွဲတွေ တစ်ပတ်ရပ်နားထားတာမို့ ကလပ်အသီးသီးမှာ ခြေစွမ်းပြနေတဲ့ ဘောလုံးသမားအများအပြားပါဝင်ဆင်နွှဲကြမှာဖြစ်တာမို့ ပွဲကောင်းတွေအဖြစ် အားပေးကြရဦးမှာ ဖြစ်ပါတယ်။

အုပ်စု (A)

ဘယ်လ်ဂျီယံ၊ ခရိုအေးရှား၊ မက်ဆီဒိုးနီးယား၊ ဆားဘီးယား၊ ဝေလနဲ့ စကော့တလန်တို့ ပါဝင်တာဖြစ်တဲ့အတွက် ခရိုအေးရှားနဲ့ ဆားဘီးယား၊ မက်ဆီဒိုးနီးယားနဲ့ ဘယ်လ်ဂျီယံ၊ စကော့တလန်နဲ့ ဝေလအသင်းတို့ ပွဲဦးထွက် ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ ဝေလ၊ ခရိုအေးရှား၊ ဘယ်လ်ဂျီယံတို့ကို ပြိုင်ဘက်တွေ ခက်ခဲစွာ ရင်ဆိုင်ရမှာပါပဲ။

အုပ်စု (B)

အီတလီ၊ ဘူလ်ဂေးရီးယား၊ ချက်၊ အာမေးနီးယား၊ ဒိန်းမတ်နဲ့ မော်လ်တာအသင်းတွေပါဝင်ပြီး ဘူလ်ဂေးရီးယားနဲ့ မော်လ်တာ၊ ချက်နဲ့ဒိန်းမတ်အသင်းတို့ ယှဉ်ပြိုင်ကစားပါလိမ့်မယ်။ ချက်နဲ့ ဒိန်းမတ်ပွဲက အကြိတ်အနယ်ရှိပြီး ဘူလ်ဂေးရီးယားတို့လည်း အခြေအနေကောင်းနိုင်ပါတယ်။

အုပ်စု (C)

ဂျာမနီ၊ ဆွီဒင်၊ အိုင်ယာလန်၊ ဩစတြီးယား၊ ကာဇက်စတန်နဲ့ ဖာရိုကျွန်းစုအသင်းတွေပါဝင်နေပါတယ်။ ကာဇက်စတန်နဲ့ ဂျာမနီ၊ ဩစတြီးယားနဲ့ ဖာရိုကျွန်းစု၊ ဆွီဒင်နဲ့ အိုင်ယာလန်အသင်းတွေ ယှဉ်ပြိုင်ကြမှာဖြစ်ပြီး ဂျာမနီနဲ့ ဆွီဒင်အသင်းတွေ အသာစီးရနိုင်တဲ့ အနေအထားရှိပါတယ်။

အုပ်စု (D)

နယ်သာလန်၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ တူရကီ၊ အက်စတိုးနီးယားနဲ့ အင်ဒိုရာအသင်းတွေပါဝင်ကြပါတယ်။ အင်ဒိုရာနဲ့ တူရကီ၊ ဟန်ဂေရီနဲ့ ရိုမေးနီးယား၊ နယ်သာလန်နဲ့ အက်စတိုးနီးယားတို့ ယှဉ်ပြိုင်ကြမှာဖြစ်ပြီး ဒီအုပ်စုမှာ နယ်သာလန်၊ ရိုမေးနီးယားနဲ့ တူရကီတို့က အားသာချက်ရှိနေပါတယ်။

အုပ်စု (E)

ဆွစ်ဇာလန်၊ နော်ဝေ၊ အိုက်စလန်၊ အယ်လ်ဘေးနီးယား၊ ဆလိုဗေးနီးယားနဲ့ဆိုက်ပရပ်စ်အသင်းတွေ ပါဝင်ကြပါတယ်။ ဆလိုဗေးနီးယားနဲ့အိုက်စလန်၊ နော်ဝေနဲ့ အယ်လ်ဘေးနီးယားအသင်းတွေ ကစားကြမှာဖြစ်ပြီး နော်ဝေနဲ့ အယ်လ်ဘေးနီးယားတို့ အကြိတ်အနယ် နွှဲရပါလိမ့်မယ်။

အုပ်စု (F)

ရုရှား၊ အစ္စရေး၊ ပေါ်တူဂီ၊ မြောက်အိုင်ယာလန်၊ အဇာဘိုင်ဂျန်နဲ့ လူဇင်ဘတ်တို့ပါဝင်ပြီး အစ္စရေးနဲ့ ပေါ်တူဂီ၊ လူဇင်ဘတ်နဲ့ အဇာဘိုင်ဂျန်၊မြောက်အိုင်ယာလန်နဲ့ ရုရှားတို့ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒီအုပ်စုမှာ ပေါ်တူဂီနဲ့ရုရှားအသင်းတွေ အခြေအနေ ကောင်းနိုင်ပါတယ်။

အုပ်စု (G)

ဘော့စနီးယား-ဟာဇီဂိုးဗီးနား၊ ဂရိ၊ ဆလိုဗက်ကီးယား၊ လစ်သူယေးနီးယား၊ လတ်ဗီးယားနဲ့ လက်ချင်စတိန်းအသင်းတွေပါဝင်ပြီး လက်ချင်စတိန်းနှင့်လတ်ဗီးယား၊ ဆလိုဗက်ကီးယားနဲ့ လစ်သူယေးနီးယား၊ ဘော့စနီးယား-ဟာဇီဂိုးဗီးနားနဲ့ ဂရိတို့ယှဉ်ပြိုင်ကြမှာဖြစ်ပြီး ဂရိနဲ့ဆလိုဗက်ကီးယားအသင်းတွေ နိုင်ပွဲရအောင်ကြိုးစားပါလိမ့်မယ်။

အုပ်စု (H)

မွန်တီနီဂရိုး၊ အင်္ဂလန်၊ ပိုလန်၊ မော်လ်ဒိုဗာ ၊ ယူကရိန်း၊ ဆန်မာရီနိုအသင်းတွေ ပါဝင်ပြီး မော်လ်ဒိုဗာနဲ့ မွန်တီနီဂရိုး၊ ပိုလန်နဲ့ ယူကရိန်း၊ ဆန်မာရီနိုနဲ့ အင်္ဂလန်တို့ ကစားရပါလိမ့်မယ်။ ဒီပွဲစဉ်တွေမှာ အင်္ဂလန်နဲ့ ပိုလန်တို့ ရလဒ်ကောင်းတွေ ရှာဖွေနိုင်ကြပါလိမ့်မယ်။

အုပ်စု (I)

စပိန်၊ ပြင်သစ်၊ ဂျော်ဂျီယာ၊ ဘီလာရုစ်နဲ့ ဖင်လန်အသင်းတွေပါဝင်ကြပြီး စပိန်နဲ့ ဖင်လန်၊ပြင်သစ်နဲ့ ဂျော်ဂျီယာတို့ ကစားကြပါလိမ့်မယ်။ ဒီအုပ်စုမှာတော့ စပိန်နဲ့ ပြင်သစ်တို့ ရလဒ်တွေပြတ်သားအောင် စွမ်းဆောင်နိုင်ပါလိမ့်မယ်။ မတ် ၂၃ ရက်မှာ အုပ်စု(E) က ဆိုက်ပရပ်စ်နဲ့ ဆွစ်ဇာလန်တို့ ယှဉ်ပြိုင်ကြမှာမို့ ဆွစ်ဇာလန်တို့ ခြေကုန်ထုတ်ရမယ့် ပွဲဖြစ်နေပါတယ်။ ။

မိုးမြင့်လင်းလက် - ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- ✤ လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်ကို ဘာစီလိုနာအသင်းက လာမည့်နွေရာသီတွင် ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- ✤ မန်စီးတီးတိုက်စစ်မှူး အဂူရိုကို ရီးရဲမက်ဒရစ်က လာမည့်နွေရာသီတွင် ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းဖြင့်ခေါ်ယူရန် စီစဉ်နေပြီဖြစ်သည်။
- ✤ ချယ်လ်ဆီးအသင်းသည် အက်သလက်တီကိုအသင်း တိုက်စစ်မှူး အသက် ၂၇ နှစ်အရွယ်ရှိ ဖယ်လ်ကာအိုကို ခေါ်ယူနိုင်ရေးဆွေးနွေးမှုများ ပြုလုပ်တော့မည်ဖြစ်သည်။
- ✤ ဘရာဇီးကစားသမားဒီဒီအား မန်ယူအသင်းမှ ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။
- ✤ ဘီလ်ဘာအိုအသင်းနောက်ခံလူ ဖာနန်ဒိုအမ်မိုဘီကာကို အာဆင်နယ်အသင်းက ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- ✤ ချယ်လ်ဆီးမှ ဝက်စ်ဘရွန်းအသင်းသို့ အငှားချထားသော အသက် ၁၉ နှစ်အရွယ် လူကာလူက ဗီလာအသင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ကလစ်ချ်ကို ချန်ပီယံခါးပတ်များ ကာကွယ်မည်

ယူကရိန်းဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ ဗလာဒီမာကလစ်ချ်ကိုသည် လာမည့် မေ ၄ ရက်တွင် ဂျာမနီနိုင်ငံ မန့်ဟိန်းမြို့၌ ၎င်း၏ဟဲဗီးဝိတ်ချန်ပီယံခါးပတ်များဖြစ်သည့် ဒဗလျူဘီအေ၊ အိုင်ဘီအက်ဖ်နှင့် ဒဗလျူဘီအိုတို့ကို ကာကွယ်ရန် ပြိုင်ဘက် အီတလီသား ဖရန့်ဘက်ကိုပီယာနက်တာနှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဟု ဆိုသည်။ အသက် ၃၆ နှစ်ရှိ ကလစ်ချ်ကိုသည် ၎င်း၏ ချန်ပီယံခါးပတ်များကို (၁၄) ကြိမ်မြောက်အဖြစ် ကာကွယ်ထိုးသတ်မည်ဖြစ်သည်။ ပီယာနက်တာသည်လည်း ၂၉ ပွဲ ရှုံးပွဲမရှိ စံချိန်တင်ထားသူဖြစ်၍ လက်ဝှေ့ပရိသတ်များ အထူးစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ယခုနှစ်ဘောလုံးရာသီ နည်းပြအများဆုံးထုတ်ပယ်ခံရ

ယခုနှစ်ဘောလုံးရာသီသည် နည်းပြအများဆုံး စံချိန်တင်ထုတ်ပယ်ခံရသည့် ရာသီဖြစ်ကြောင်း လိဂ်မန်နေဂျာများအသင်းက ပြောသည်။ ဘလက်ဘန်းနည်းပြ မိုက်ကယ်အပလီတန် ထုတ်ပယ်ခံရပြီးနောက် ငါးနှစ်အတွင်း ဘောလုံးနည်းပြများ ထုတ်ပယ်ခံရမှု အမြင့်မားဆုံးဖြစ်ခဲ့သည်ဟု ဆိုသည်။ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီအတွင်း နည်းပြအဖြစ်မှ ထုတ်ပယ်ခံရသော နည်းပြဟောင်း ၁၀၃ ဦးအထိရှိခဲ့ကြောင်း လိဂ်မန်နေဂျာများအသင်းအမှုဆောင်အရာရှိ ရစ်ချတ်ဘီဘန်က ပြောသည်။ အပလီတန်သည် ယခုနှစ်ရာသီအတွင်း ထုတ်ပယ်ခံရသည့် ၃၂ ဦးမြောက် မန်နေဂျာဖြစ်သည်။

ဗြိတိန်သျှုတင်းနစ်မယ် မီယာမီတွင် နိုင်ပွဲရ

ဗြိတိသျှ နာမည်ကြီးတင်းနစ်မယ်လော်ရာရော့ဆင်သည် မီယာမီမာစတာတင်းနစ်ပြိုင်ပွဲ ပထမအကျော့တွင် အီတလီနိုင်ငံမှ ကာမီလာဂျော်ဂျီအား ၆-၂၊ ၄-၆၊ ၆-၃ ဖြင့်နိုင်ပြီး ဒုတိယအကျော့ ပြိုင်ပွဲသို့ တက်ရောက်သွားသည်။ ကမ္ဘာ့အဆင့် ၄၃ ရှိ ရော့ဆင်သည် မိနစ် ၂၀ အတွင်း ပထမဆုံးပြိုင်ပွဲ ပွဲငယ်ကို အနိုင်ကစားနိုင်ခဲ့သည်။ သို့သော်လည်း ဂျော်ဂျီသည် ယခုနှစ်အတွင်း တစ်ပွဲမျှအနိုင်မရသေးပေ။ အသက် ၁၉ နှစ်ရှိ ရော့ဆင်သည် ဒုတိယအကျော့ပြိုင်ပွဲတွင် ပြင်သစ်မှ အလက်ဇီကိုမက်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကောင်းမြတ်သူ - ရေးသားသည်

Happy Birthday စုံစုံ

ဘိုးဘိုးကြီး မုံရွာဆရာမိုးရဲ့ တတိယမြောက်မြေးရတနာလေး မောင်မိုးပြည့်စုံဟိန်း(ခ)စုံစုံရဲ့ ၂၂-၃-၂၀၁၃ရက်တွင် ကျရောက်သော တစ်နှစ်ပြည့်မွေးနေ့မင်္ဂလာမှသည် နှောင်နှစ်ပေါင်း(၁၂၀)ကျော်တိုင် ဘိုးဘိုး၊ ဖေဖေ၊ မေမေ၊ ကိုကိုတို့နဲ့အတူ တိုင်းပြည်အကျိုး၊ ဘာသာ၊ သာသနာအကျိုး သယ်ပိုးထမ်းဆောင်နိုင်သော သားကောင်းရတနာလေးဖြစ်ပြီး ကောင်းသောဆန္ဒများ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

ဘိုးဘိုး-မုံရွာဆရာမိုး
ဖေဖေ-ဗိုလ်ကြီးကျော်ကိုကိုရှိန်း-မေမေဒေါ်မိုးပြည့်ပြည့်ဖြိုး
ကိုကို-ကျော်ကိုကိုဆက်နိုင်(Brain Leaders Aplomp Total Parami)
ကိုကို-သုဝေယံရှိန်း(ခ)သုသု
မေမေ-သက်၊ မေမေမော်
(မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မိသားစု)

ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ တဝန်ဖန်ရကျေးရွာ၊ ဘားအံတက္ကသိုလ်မှ စောအောင်ကြည်ညွန့် ၃/လဘန(နိုင်)၁၁၄၉၆၀၏ ဖခင်အမည်မှန်မှာ ဦးသိန်းခင်(ခ)ဦးမောင်သိန်းခင်(ခ)ဦးကုလားယူး ဖြစ်ပါကြောင်း။

ဦးသိန်းခင်(ခ)ဦးမောင်သိန်းခင်(ခ)ဦးကုလားယူး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ငမိုးရိပ်၊ မြေကွက်အမှတ် ၃၃၀၊ မြေကွက်တည်နေရာ အမှတ် ၃၃၀၊ ငမိုးရိပ် ၇ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်း ဒေါ်ခင်ညွန့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်ညွန့်ထံမှ အရပ်ကတိအရောင်းအဝယ် စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ (၁) ဒေါ်အေးအေးဝင်း ၁၂/သဃက(နိုင်)၀၅၁၃၇၀၊ (၂) ဦးကျင်ထွန်း ၁၂/မဂတ(နိုင်)၀၇၈၄၇၃ တို့က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင် ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ပျောက်ဆုံး

ကျွန်တော် ကိုရဲဝင်းထွန်း၏ နိုင်ငံကူးလက်မှတ် A-016702 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၀၅၁၆၈

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၀)မှ သူငယ်ချင်းများသို့

စစ်တက္ကသိုလ်တွင် ပညာသင်ကြားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့သည့် အာစရိယပူဇော်ကန်တော့ပွဲကို စစ်တက္ကသိုလ်အမှတ်စဉ် ၂၆/၂၇/၂၈/၂၉/၃၀/၃၁ တို့ ပူးပေါင်း၍ ၃၁-၃-၂၀၁၃ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး Western Park Royal ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၆-၄-၂၀၁၃ရက် နံနက် ၉နာရီတွင် ကျဆုံး၊ သေဆုံး သူငယ်ချင်းများအားရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းပဒေသာပင် ထပ်မံစိုက်ထူလှူဒါန်းခြင်းကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မိုးကုတ်ဆွမ်းစားဆောင်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

သူငယ်ချင်းများအားလုံးတက်ရောက်နိုင်ရန် နှိုးဆော်အကြောင်းကြားပါသည်။

ဖြစ်မြောက်ရေးအဖွဲ့- ကျော်ဗလ ဖုန်း-၀၉-၈၆၅၁၆၈၇၊ မိုးကျော်ဝေ ဖုန်း-၀၉-၄၂၀၇၂၀၁၁၇၊ ကိုကိုဦး ဖုန်း-၀၉-၈၆၃၄၇၅၇၊ ဇော်မြင့်ဝင်း ဖုန်း-၀၉-၇၃၁၅၂၂၈၆၊ မောင်မောင်ထွေးဆွေ ဖုန်း-၀၉-၈၅၉၉၀၁၁၊ လှသိန်းမောင် ဖုန်း-၀၉-၅၅၀၅၁၁၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နေ ဦးသန်းဝင်း ၁၂/သဃက(နိုင်)၁၃၇၉၀၈က ၎င်းပိုင် မှော်ဘီမြို့နယ်၊ ရွှေမြယာကျေးရွာရှိ ကွင်းအမှတ် ၆၈၂/ခ၊ ဦးပိုင်အမှတ် ၁၈/၃၊ ဧရိယာ ၀ ဒသမ ၁၆ဧကရှိ ခြံမြေအား ရောင်းချလိုပါသဖြင့် ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၂-၄-၂၀၁၃ရက်အထိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ ကန့်ကွက်နိုင်ပါသည်။ **ဦးသန်းဝင်း ၁၂/သဃက(နိုင်)၁၃၇၉၀၈**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၈၆၊ မြေကွက်အမှတ်-၂၄၁၊ ၂၅၁ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်နှစ်ကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၆၊ မြေကွက်အမှတ်-၃၃၃ ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်တို့အား အမည်ပေါက်ပိုင်ရှင်များထံမှ ဆက်စပ်စာချုပ်ဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်လျက် ပြန်လည်ရောင်းချ ပိုင်ခွင့်ရှိသူများဖြစ်သော ဦးခင်မောင်နိုင် ၁၄/ငပတ(နိုင်)၀၂၅၂၄၁နှင့် ဦးကျော်မျိုးလွင် ၁၂/သလန(နိုင်)၀၀၃၂၀၅တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းသတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် (LL.B)
စဉ်-၂၅၁၆၅

ဦးအေးမင်းသူ (LL.B)
(စဉ်-၂၆၁၉၉)

အထက်တန်းရှေ့နေများ
အမှတ်-၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပြည်ကြီးတံခွန်မြို့နယ်တရားမရုံးတော်၌
၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃

ဦးကာမာလ်	**နှင့်**	ဦးစိုင်းဖေဝင်း
ဒီကရီအနိုင်ရသူ		**တရားရှုံး**

ဦးစိုင်းဖေဝင်း(ယခုနေရပ်လိပ်စာမသိ)ယခင်နေရပ်လိပ်စာ ရဲအတတ်သင်သိပ္ပံကျောင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၃၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးကာမာလ်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်စုံတစ်ရာရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၈ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ခုနှစ် မတ် ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်ဝါဝါသိန်း
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မိုးညှင်း၊ မိုးကောင်း၊ ဟိုပင် ဘူတာရုံများ အဆင့်မြှင့်တင်

မိုးညှင်း မတ် ၂၁

ကချင်ပြည်နယ်၌ မြန်မာ့မီးရထားမှ မိုးညှင်းဘူတာရုံနှင့်၊ မိုးကောင်းဘူတာရုံများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ ဟိုပင်ဘူတာရုံကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်လည်းကောင်း အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လိုလားတောင့်တ

မိုးညှင်းဘူတာရုံတွင် ဘဏ္ဍာနှစ်အတွင်းပြီးစီးရန် လက်ရှိအမိုးအကာ ဆေးသုတ်မွမ်းမံခြင်းနှင့် ဘူတာစကြံပလက်ဖောင်း အလျားပေ ၅၀၀၊ အကျယ်ပေ ၃၀၊ အမြင့် ၁ ပေ ခြောက်လက်မကို မြန်မာ့မီးရထားအင်ဂျင်နီယာ(၂)ဦးဝင်းနိုင်နှင့်အဖွဲ့က ဆောင်ရွက်လျက်ရှိသည်။ မိုးညှင်းဘူတာသည် ညပိုင်းနှင့် နံနက်စောစော မီးရထားဆိုက်ရောက်ချိန် လျှပ်စစ်မီးအလင်းရောင်မရှိ၍ ခရီးသွားပြည်သူများ စိတ်အေးချမ်းစေရန် လျှပ်စစ်မီးထွန်းပေးရန် ရထားစီးခရီးသည်များနှင့် ကြိုပို့ပြည်သူတို့က လိုလားနေကြကြောင်း သိရသည်။

ဆက်လက်ဆောင်ရွက်

မိုးကောင်းဘူတာရုံ စင်္ကြံပလက်ဖောင်းအလျား ၂၇၇ ပေ၊ အကျယ် ၃၂ ပေ၊ အမြင့် ၁ပေ ၉ လက်မနှင့် အမိုးသွပ်များ လဲလှယ်ဆေးသုတ်မွမ်းမံခြင်း စသည့်လုပ်ငန်းများမှာ ပြီးစီးနေပြီဖြစ်သည်။ ဟိုပင်ဘူတာအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(ဝ၆၃)

ပညာရေးဒုတိယဝန်ကြီး ပုဏ္ဏားကျွန်းသို့ ရောက်ရှိ

ပုဏ္ဏားကျွန်း မတ် ၂၁

ရခိုင်ပြည်နယ် ပညာရည်မြင့်မားရေးကို ဦးတည်လျက် ပညာရေး ဒုတိယဝန်ကြီး ဦးအေးကြူသည် မတ် ၁၉ ရက် နံနက် ၁၁ နာရီတွင် ရခိုင်ပြည်နယ်အစိုးရ လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မြင့်နှင့်အတူ ပုဏ္ဏားကျွန်းသို့ ရောက်ရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် မြို့နယ်ပညာရေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးသည် မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် အပြန်အလှန်ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး မီးလောင်ပျက်စီးခဲ့သော မြို့မအထက စာသင်ခန်းများကို မူလပုံစံအတိုင်း ပြန်လည်တည်ဆောက်ရေးနှင့် ဟောင်းနွမ်းပျက်စီးနေသော ကျောင်းဆောင်သစ် တစ်ခုလုံးကို ပြန်လည်မွမ်းမံ ဆောင်ရွက်ပေးမည်ဖြစ်ပြီး မြို့ပေါ်ရှိ ဆောက်လုပ်ဆဲကျောင်းဆောင်သစ်များနှင့် ပြုပြင်မွမ်းမံရန်လိုအပ်သည့် ကျောင်းဆောင်များကို အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြို့ပေါ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သူ(ပုဏ္ဏားမြို)

ပန်းတနော်မြို့နယ် ကျုံတုန်းကလေးရွာမှ ရှေးဟောင်းမဟာမြတ်မုနိ ကြေးသွန်းဘုရားကြီးပွဲတော် ကျင်းပမည်

ပန်းတနော် မတ် ၂၁

ပန်းတနော်မြို့နယ် ကျုံတုန်းကလေးကျေးရွာ အစုကွင်းတွင်တည်ထားကိုးကွယ်ထားသော လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်က ရှေးဟောင်းမဟာမြတ်မုနိ ကြေးသွန်းဘုရားကြီး၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို မတ် ၂၃ ရက်မှ ၂၆ ရက် (တပေါင်းလပြည့်) နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင် ၆၀/၆ ဖာလုံရှိကျုံတုန်းကလေးကျေးရွာ အစုကွင်း၌ တည်ရှိသော ရှေးဟောင်းမဟာမြတ်မုနိ ကြေးသွန်းဘုရားကြီးသည် မြန်မာသက္ကရာဇ် ၁၂၇၃ ခုနှစ်က တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်း ဘုရားတစ်ဆူဖြစ်သည်။ ပုံတော်နှင့်အရွယ်အစား ဉာဏ်တော်ပမာဏသည် မန္တလေးမဟာမြတ်မုနိ ရုပ်ရှင်တော်ပုံအတိုင်းဖြစ်ပြီး အတိုင်းအထွာမှာ တစ်မိုက်ခန့်သာ ငယ်ကာ သွန်းလောင်းပူဇော်ခဲ့သည့် ဘုရားကြီးဖြစ်သည်။

ယခုတည်ရှိ တင်လှူပူဇော်ထားသော မဟာမြတ်မုနိကြေးသွန်းဘုရားကြီး၏ မကိုဋ်မှာမင်းတုန်းမင်းကြီး၏ ကောင်းမှုတော်မကိုဋ်ဖြစ်သည်။ ယင်းမကိုဋ်တော်ကို မင်းတုန်းမင်းတရားကြီးက မန္တလေးမဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်သို့ တင်လှူပူဇော်ခဲ့ပြီးနောက် သားတော်သီပေါမင်း နန်းစံစဉ် နောက်ထပ်ရွှေစင်ရွှေသားမကိုဋ်တော်ကြီးကို အသစ်တင်လှူပူဇော်ခဲ့ရာ မင်းတုန်းမင်းတရားကြီးလှူဒါန်းခဲ့သော မကိုဋ်တော်ကို ပြတိုက်တွင် ကိန်းဝပ်စံပွာယ်စေခဲ့သည်။ ယင်းမကိုဋ်တော်ကို သွားရောက်အလှူခံခဲ့ရာ ၁၂၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်တွင် အလှူခံရရှိခဲ့ပြီး ကျုံတုန်းကလေးကျေးရွာအစုကွင်းရှိ မဟာမြတ်မုနိ ကြေးသွန်းဘုရားကြီးတွင် လွှဲပြောင်းတင်လှူပူဇော်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံး ကြေးသွန်းမဟာမြတ်မုနိ ဘုရားကြီးဟုလည်း ဆိုကြသည်။

သတင်းမှတ်စု -စန်းယု(ဓနအောင်)

ယခုအခါ မဟာမြတ်မုနိ ကြေးသွန်းဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပမည်ဖြစ်ရာ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများ၊ ဇာတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ မဟာမြတ်မုနိ ကြေးသွန်းဘုရားကြီးအား ထာဝရလျှပ်စစ်မီး ပူဇော်နိုင်ရေးအတွက် ကုသိုလ်ပြုပါဝင်လှူဒါန်းလိုသူများအနေဖြင့် ကျုံတုန်းကလေးကျေးရွာ ဆရာတော် ဘဒ္ဒန္တပညာဇောတ ဖုန်း-၀၉-၄၂၂၄၆၄၁၃၈ နှင့် ဦးမင်းလွင် ၀၁-၅၄၃၄၂၄ တို့အား ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အခွင့်အခါကောင်းအဖြစ် ကုသိုလ်အကျိုးမျှော်ပြီး နှိုးဆော်ရေးသားလိုက်ရပါသည်။

ခုံတိုးမြို့သာကျေးရွာတွင် ကုန်ထုတ်လမ်းဖောက် တောင်သူများ ကျေနပ်ဝမ်းမြောက်

ကလေး မတ် ၂၁

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးလက်ကုန်ထုတ်လမ်းသည် မရှိမဖြစ်အရေးကြီးလှသည်ကို သိရှိသော ကလေးမြို့နယ် ခုံတိုးမြို့သာကျေးရွာမှ တောင်သူများသည် အရှည်ပေပေါင်း ၁၀၉၉၅ ပေ၊ အကျယ် ၁၅ ပေ ရှိသော လယ်ယာကုန်ထုတ်လမ်းကို ဖေဖော် ဝါရီ ၂ ရက်မှစတင်၍ ပြုပြင်ဖောက်လုပ်လျက်ရှိသည်။

အဆိုပါလမ်းသည် ရှေးယခင်ကတည်းက လမ်းသာရှိခဲ့ပြီး ပြုပြင်မှုမရှိခဲ့ခြင်း၊ လမ်းအိုတော့ချောက်ရှိဆိုသည့်အတိုင်း ပျက်စီးယိုယွင်းနေခဲ့သည်မှာ အချိန်ကြာခဲ့ပြီဖြစ်ရာ မိုးရာသီကာလများတွင် သွားလာ၍မရသဖြင့် တောင်သူများ အခက်အခဲကြုံရခြင်း၊ ကွင်းလမ်းများကိုသာ အသုံးပြုသွားလာရခြင်းများကြောင့် အချိန်ကုန်လူပန်းဖြစ်ခဲ့ကြရသည်။

ထိုကဲ့သို့ အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းဦးက ဦးဆောင်စည်းရုံးကာ ကျေးရွာတောင်သူတို့၏ လှူဒါန်းငွေ ကျပ် ၅၆၀၆၀၀ နှင့် လယ်ယာကုန်ထုတ်လမ်းကို နှစ်နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုပထမနှစ်တွင် ကျောက်သားများခင်းပြီးဖြစ်ရာ လုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

လယ်ယာကုန်ထုတ်လမ်းကောင်းမွန်လာခြင်းနှင့် ပတ်သက်၍ ဒေသခံတစ်ဦးက "တောင်သူတွေကတော့ ကျေနပ်ဝမ်းသာနေကြတယ်ဗျ၊ မိုးရာသီဆိုရင် အခက်အခဲမရှိတော့ဘူးပေ့ါဗျာ၊ ကိုယ့်လယ်ယာထွက်သီးနှံတွေကို အချိန်မရွေးသိမ်းဆည်းလို့ရပြီပေ့ါ၊ တခြားသူတွေရဲ့ အခင်းထဲကလည်း ဖြတ်စရာမလိုတော့ဘူးပေ့ါ၊ အလွန်လည်းကောင်းပါတယ်" ဟု ရှင်းပြခဲ့သည်။

ကျေးရွာပြည်သူများ၏ အားတက်သရော ပါဝင်ဆောင်ရွက်ခြင်း၊ လမ်းကော်မတီ အဖွဲ့အစည်းများ၏ ကာယစွမ်းအား၊ ဉာဏစွမ်းအား တို့ဖြင့် ကြိုးစားဆောင်ရွက်ခဲ့ကြခြင်းတို့ကြောင့် အောင်မြင်မှုရရှိခဲ့ခြင်း ဖြစ်ကြောင်း၊ ရှေ့ဆက်၍လည်း အဆိုပါလမ်းကို အမြဲကောင်းမွန်အောင် ပြုပြင်သွားရန်လိုအပ်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

(သျှင်နေမင်း-ဂန့်ဂေါ)

သက္ကယ်ချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင် ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်

ရန်ကုန် မတ် ၂၁

ပုသိမ်မြို့နှင့် ငပုတောမြို့ကို ဆက်သွယ်ထားသော ကားလမ်းပေါ်ရှိ သက္ကယ်ချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ပင်မတံတား သံပေါင်တပ်ဆင်ခြင်းကို မတ် ၇ ရက်မှ ဧပြီ ၆ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်စဉ် ယာယီရေလယ်သံတိုင်နှစ်တိုင်၏ အကျယ်မှာ ပေ ၇၀ နှင့် အမြင့်မှာ ၃၂ ပေရှိသဖြင့် ယင်းရေလမ်း၏ကင်းလွတ်အကျယ်မှာ ပေ ၃၀ နှင့် အမြင့်မှာ ပေ ၃၀ ဖြစ်သည်။

ရေယာဉ်များဖြတ်သန်းရမည့် အဆန်ရေလမ်း၏ လယ်ယာဘက်ရေလယ်တိုင်တွင် အဖြူရောင်မြားနှင့် လက်ဝဲဘက် ရေလယ်တိုင်တွင် အနီရောင်မြားပြသထားသကဲ့သို့ အစုန်ရေလမ်း၏ လယ်ယာဘက်ရေလယ်တိုင်တွင် အနီရောင်မြားနှင့် လက်ဝဲဘက်ရေလယ်တိုင်တွင် အဖြူရောင်မြားတို့ကို ပြသထားသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် အစိမ်းရောင် တြိဂံအမှတ်အသားပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်းပြသထားသည်။

အဆိုပါ တံတားရေလမ်းကို ဖြတ်သန်းကြမည့် ရေယာဉ်များသည် ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲရေယာဉ်များဖြတ်သန်းခြင်းမပြုကြရန် လိုအပ်သည်။ တံတားရေလမ်းတွင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာ၌ လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် စက်ရှိန်လျှော့ခုတ်မောင်းကြရန်နှင့် ပမ္မဝတီမြစ်မှ ပုသိမ်မြစ်သို့လည်းကောင်း၊ ပုသိမ်မြစ်မှ ပမ္မဝတီမြစ်သို့လည်းကောင်း ခုတ်မောင်းကြမည့် အနံပေ ၃၀နှင့် အမြင့်ပေ ၃၀ အထက်ရှိ ရေယာဉ်ကြီးများသည် သက္ကယ်ချောင်းရေလမ်းကို ဖြတ်သန်းခြင်းမပြုကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကြော်ငြာစာ

နိုင်ငံတော်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်နှင့်ဝန်ထမ်းများအတွက် ပေးအပ်ထားသော မြေကွက်များတွင် မြေချပါမစ်(မူရင်း)ထုတ်ယူထားခြင်းမရှိသေးသည့် ဒဂုံမြို့သစ် မြေတိုင်းအမှတ် ၁၂၈၊ ၁၃၉(အီး-၁၁)၊ ၁၄၆၊ ၁၄၇၊ ၁၅၇(အီး-၁၃)အကွက်များ၊ ဂရန်(မူရင်း)နှင့် မြေချပါမစ်(မူရင်း)လဲလှယ်ထုတ်ပေးပြီးဖြစ်သည့် (၃၉-အေ)(၃၉-ဘီ)မြေကွက်များအနက်မှ အောက်ဖော်ပြပါမြေကွက်များ၏ မြေချပါမစ်မူရင်းများအား ကြော်ငြာသည့်ရက်မှစ၍ စာရင်းတွင် ပယ်ဖျက်ပြီးဖြစ်သဖြင့် လက်ဝယ်ရှိသူများမှ မြေချပါမစ်(မူရင်း)များအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသို့ ပြန်လည်အပ်နှံရန်နှင့် ၂၀၁၃ခုနှစ် ဧပြီ ၁၂ရက်နောက်ပိုင်း လက်ဝယ်တွေ့ရှိပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၃၉(အေ)- ၁၈၉၊ ၂၁၅၊ ၂၃၅၊ ၂၄၂၊ ၂၆၆၊ ၂၈၄၊ ၂၈၆၊ ၂၉၈၊ ၃၀၄၊ ၃၁၉၊ ၃၃၇၊ ၃၇၃၊ ၃၉၆၊ ၄၀၂၊ ၄၀၃၊ ၄၀၅၊ ၄၀၇၊ ၄၁၀၊ ၄၂၄၊ ၄၂၆၊ ၄၃၁၊ ၄၃၉၊ ၄၄၄၊ ၄၆၀၊ ၄၆၇၊ ၄၇၁။

၃၉(ဘီ)- ၃၆၉၊ ၃၇၀၊ ၃၉၄၊ ၃၉၇၊ ၄၁၁၊ ၄၁၂၊ ၄၁၄၊ ၄၁၆၊ ၄၂၅၊ ၄၂၉၊ ၄၃၁၊ ၄၄၁၊ ၄၄၆၊ ၄၆၇၊ ၄၇၂၊ ၄၇၄၊ ၄၇၇၊ ၄၈၅၊ ၄၉၀၊ ၄၉၂၊ ၄၉၅၊ ၅၀၂၊ ၅၁၂၊ ၅၁၇၊ ၅၇၅၊ ၅၈၆၊ ၅၈၉၊ ၅၉၂၊ ၅၉၃၊ ၅၉၉၊ ၆၀၃၊ ၆၀၅၊ ၆၀၆၊ ၆၀၇၊ ၆၀၉၊ ၆၁၂၊ ၆၁၃၊ ၆၂၁၊ ၆၂၅၊ ၆၂၇၊ ၆၃၆၊ ၆၃၇၊ ၆၄၄၊ ၆၄၉၊ ၆၅၀၊ ၆၅၉၊ ၆၆၅၊ ၆၆၆။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး

ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ရှမျှော်ခင်းလမ်းသွယ်နေ ဦးမိုဟာမက်ဖာရုမှ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ရှမျှော်ခင်းလမ်းသွယ်၊ အမှတ် မ/၃၀၁နေ ဦးအလီအက်ကဘာ ၉/မရမ(နိုင်)၀၅၇၁၉၅ထံသို့ လွှဲအပ်ထားသော ၃-၁၁-၂၀၀၈ ရက်စွဲပါ ကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၆/၂၀၀၈)အား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

ဦးမိုဟာမက်ဖာရု
၁၃/ကလန(နိုင်)၀၀၆၈၅၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀(က)
မော်လမြိုင်ခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂

ဒေါ်လှရီ **နှင့်** ၁။ ဒေါ်ကျံပါ(ခ)ဒေါ်ခင်သန်း ၂။ ဦးညီပု ၃။ ဒေါ်တင်တင်အေး ၄။ ဒေါ်မြင့်မြင့်အေး ၅။ ဦးအေးသွင် ၆။ ဒေါ်တင်တင်ရီ ၇။ ဦးဟန်ထွန်း ၈။ မခင်သင်းသင်းမိုး ၉။ မခင်နှင်းနှင်းစိုး

တရားလို **တရားပြိုင်များ**

ယခင်အမှတ် ၉၊ ဇင်ယော်လမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့နေ (ယခုနေရပ်လိပ်စာမသိ)နေ တရားပြိုင် (၆) ဒေါ်တင်တင်ရီ သိစေရမည်။

သင့်အပေါ်၌ တရားလိုက မော်လမြိုင်မြို့၊ အမှတ်(၁၅/အေ)၊ ကွင်းရပ်၊ ဇင်ယော်လမ်းရှိ မြေကွက်အား တရားလိုကပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်စွဲဆိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေ ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၉ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ယဉ်ယဉ်သိန်း)
ဒုတိယခရိုင်တရားသူကြီး(၂)၊ မော်လမြိုင်ခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က)
မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၅

ဒေါ်နီနီဝင်း **နှင့်** ၁။ ဦးစိန်လှ ၂။ ဒေါ်စိန်ခင် } အတူနေလင်မယား

တရားလို **တရားပြိုင်များ**

ချောင်းဆုံမြို့၊ အနောက်ပိုင်းရပ်ကွက်(ယခုနေရပ်လိပ်စာမသိ)နေ အမှတ်(၁) တရားပြိုင် ဦးစိန်လှနှင့် အမှတ်(၂) တရားပြိုင် ဒေါ်စိန်ခင်(အတူနေ လင်မယား)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်နှင့်ခြံမြေအရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်ပေးစေရန်နှင့် လက်ရောက်ရလိုမှု (သို့မဟုတ်) အိမ်နှင့်မြေရောင်းချထားသော ငွေကျပ်သိန်း ၃၀ ပြန်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၉ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မောင်မောင်သိန်း)
ဒုတိယမြို့နယ်တရားသူကြီး
ချောင်းဆုံမြို့နယ်တရားရုံး

ကြော်ငြာ

(၁)နှစ်ပြည့် မွေးနေ့ဆုတောင်း

ကောင်းကင်ထက်မှာ "လင်း" လက်နေတဲ့ လမင်းကြီးဟာ "ခန့်" ညားစွာနဲ့ ကမ္ဘာကြီးကို အလင်းရောင်တွေ "ဟိန်း" ထွက်နေအောင် ပေးဆောင်နိုင်သလို (၁)နှစ်ပြည့်မှသည် နောင်နှစ်ပေါင်းများစွာ သိတတ်လိမ္မာ ဉာဏ်ပညာနှင့် သားလေးဂုဏ်သတင်း ဤကမ္ဘာမြေ၌ ဟိန်းစေသတည်း။

ဘိုးဘိုး - ဦးစောထွန်းမောင်
ဘွားဘွား - ဒေါ်ခင်မေထူး
ဦးဦး - ခိုင်မြဲခန့်
ဦးဦး - ဝေယံဦး

တစ်ဦးတည်း ဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ကညင်ကုန်းကျေးရွာအုပ်စု၊ တော်ကွဲ ကျေးရွာနေ ဦးကျော်ရွှေ ၁၄/ပတန(နိုင်) ၀၅၅၀၆၆နှင့် မဇင်မာဦး ၁၄/ပတန(နိုင်) ၁၅၃၁၉၇နှင့် မဇင်နိုင်ဦး ၁၄/ပတန(နိုင်)၁၅၈၇၀၆တို့၏ ဖခင် အမည် ဦးကျော်ဆွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် ၅၄နေ (ဦးထင်မြ-ဒေါ်မြကြည်)တို့၏တစ်ဦးတည်းသောသား၊ (ဦးချစ်၊ ဦးချစ်လက်ဖက်ရည်ဆိုင်၊ ရန်ကုန်တက္ကသိုလ်ပင်မ)-ဒေါ်အုံး(စေတနာရှင်ကဖီး)တို့၏သားသမက်၊ ဒေါ်ခင်အေးမြင့်၏ခင်ပွန်း၊ ကိုမိုးသီဟ-မခင်ရူပါချော၊ မချောယင်ယင်ချစ်၊ မောင်ရဲကျော်ထင်တို့၏ဖခင်သည် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြည် (အလက၊ ငြိမ်း) နတ်မောက်မြို့
အသက်(၆၂)နှစ်

နတ်မောက်မြို့နယ်အသင်း၏ နာယကကြီးဖြစ်သော ဦးစိန်အောင်-ဒေါ်တင်ရွှေ၊ (ဦးခင်မောင်သိန်း)-ဒေါ်တင်မေတို့၏ညီမသည် ၂၁-၃-၂၀၁၃ရက်တွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်၍ လိုက်ပါပို့ဆောင်နိုင်ရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့(နတ်မောက်မြို့နယ်အသင်း၊ ရန်ကုန်မြို့)

ဦးတင်လှိုင်
ဦးစီးအရာရှိ(ငြိမ်း)၊မြေတိုင်းဦးစီးဌာန
အသက်(၇၆)နှစ်

(ဦးဘသိန်း - ဒေါ်ထွေး)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသင်္ဂီလမ်း၊ တိုက် B2 ၊ အခန်း 4B နေ (စစ္စတာ ဒေါ်ရသီသော်မဆင်၊ သူနာပြုဆရာမကြီး၊ငြိမ်း၊ ကြည့်မြင်တိုင် အရိုးအထူးကုဆေးရုံကြီး)၏ခင်ပွန်း၊ ဦးသိန်းတန်-ဒေါ်ကြူကြူလှိုင်၊ ဦးအောင်ကြည်ဦး-ဒေါ်စီစီလှိုင်၊ ဦးမြင့်ဝေ-ဒေါ်ရီရီလှိုင်တို့၏ဖခင်၊ မသုနန္ဒာဆက်၊ မောင်တင့်နိုင်ထူး၊ မောင်ချမ်းမင်းအေး-မအေးစုမွန်၊ ဗိုလ်ကြီးကျော်သူရ-မခိုင်ခိုင်ကြည်ဦး၊ မခိုင်ဆုသီ၊ မောင်ဝေဖြိုးမင်းတို့၏အဘိုး၊ မဟေဇင်ချမ်း၊ မယွန်းနဒီလှိုင်(Pinky)တို့၏ဘိုးဘိုးကြီးသည် ၂၁-၃-၂၀၁၃ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁း၁၅နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
ဦးထွန်းကြည်
(ဟင်္သာတ၊ လှော်ကထား)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၈၄၊ စက်မှု ၃ လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်သန်းနွဲ့၏ခင်ပွန်း၊ဦးကြင်ရွှေ-ဒေါ်သန်းသန်းဝင်း၊ ဒေါ်အေးအေးစန်း၊ ဦးဝင်းမြင့်-ဒေါ်စိုးစပယ်၊ ဦးမြင့်အောင်၊ ဒေါ်ထွေးထွေးဦး၊ ဦးသန်းထွန်း-ဒေါ်သန်းအေး၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်အေးတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၃ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၃ရက် (အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဗီယက်နမ်နိုင်ငံသမ္မတအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျိုးသန်စန်းအား မတ် ၂၀ ရက် ညနေ ၄ နာရီခွဲတွင် ဟန္နိုင်းမြို့ရှိ သမ္မတအိမ်တော်၌ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသန့်ကျော်၊ ဦးဆက်အောင်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးသက်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်သမ္မတနှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

ထိုသို့ တွေ့ဆုံရာတွင် မဟာမဲခေါင်ဒေသခွဲအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ဦးစားပေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့် ကဏ္ဍ ၁၂ ရပ်ကို အရှိန်အဟုန်မြှင့်တင်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လယ်ယာစိုက်ပျိုးရေးနည်းပညာကဏ္ဍတွင် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရေး၊ လယ်ယာထွက်ကုန်သားငါးနှင့်ရော်ဘာထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်ဆောင်ရွက်သည့် အသေးစားနှင့် အလတ်စားစက်ရုံများ မြန်မာနိုင်ငံတွင်လာရောက်ထူထောင်ရေး၊ နှစ်ဦးနှစ်ဖက်ပိုမိုအကျိုးရှိစေမည့်ဝန်ဆောင်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်းများတွင်မျှတစွာရင်းနှီးမြှုပ်နှံနိုင်ရေး၊ ဟိုတယ်နှင့်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျိုးသန်စန်းနှင့် တွေ့ဆုံစဉ်။
(သတင်းစဉ်)

ယနေ့မာတိကာ

အောင်မြင်နေသူများသည် စာပေကို လေ့လာဖတ်ရှုမှု ကောင်းခဲ့ကြသူများဖြစ်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်

ခေါင်းကြီး စာမျက်နှာ-၂

တောင်ကိုရီးယား ဆိုက်ဘာတိုက်ခိုက်ခံရမှု တရုတ် IP လိပ်စာတစ်ခုနှင့် ဆက်နွယ်နေ

စာမျက်နှာ-၄

လက်ပံတန်းစွယ်တော်မြတ် အပူဇော်ခံမည်

စာမျက်နှာ-၁၃

ဗြိတိသျှတင်းနစ်မယ် မီယာမီတွင် နိုင်ပွဲရ

စာမျက်နှာ-၁၄

အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

မြန်မာဘောလုံးအသင်း ကမ္ဘာ့အဆင့်မြင့်တက်လာ

ဇူးရစ် မတ် ၂၁

မြန်မာဘောလုံး အသင်းသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ၂၀၁၃ ခုနှစ် မတ်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ၁၅၅နေရာ၌ ရပ်တည်ခဲ့ရာ ပြီးခဲ့သည့် ဖေဖော်ဝါရီလကထက် အဆင့်ရပ်တည်မှု မြှင့်တက်လာခဲ့သည်။

မြန်မာဘောလုံး အသင်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက ကမ္ဘာ့အဆင့် ၁၆၄ ရှိခဲ့ပြီး ဇန်နဝါရီလက အဆင့် ၁၆၂၌ရှိခဲ့သည်။ ဖီဖာ၏လစဉ်အလိုက် ထုတ်ပြန်သော ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအနက် ပြီးခဲ့သည့်နှစ် ဧပြီမှ ယခုနှစ်မေလအထိ အဆင့်သတ်မှတ်ချက်အကောင်းဆုံး ၁၅၅ နေရာဖြစ်ခဲ့သည်။

မြန်မာဘောလုံးအသင်း သမိုင်းတွင် အကောင်းဆုံးကမ္ဘာ့အဆင့်သတ်မှတ်ချက်ရရှိခဲ့မှုမှာ ၁၉၉၆ ခုနှစ် ဧပြီလ၌ဖြစ်ပြီး ကမ္ဘာ့အဆင့် ၉၇ ၌ ရပ်တည်နိုင်ခဲ့သည်။ ထို့အတူ အနိမ့်ဆုံး ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ ၂၀၁၂ ခုနှစ် အောက်တိုဘာလကဖြစ်ပြီး အဆင့် ၁၈၄ ဖြစ်ခဲ့သည်။

မောင်ကေလင်း-ရေးသည်

အရှေ့တောင်အာရှနိုင်ငံများမှ ဘောလုံးအသင်းများ၏ ယခုမတ်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်မှုတွင် ဗီယက်နမ် အဆင့် ၁၂၉၊ ထိုင်းအဆင့် ၁၃၅၊ မလေးရှားအဆင့် ၁၆၄၊ တီမောအဆင့် ၁၈၆၊ ဖိလစ်ပိုင်အဆင့် ၁၄၅၊ အင်ဒိုနီးရှားအဆင့် ၁၆၆၊ ကမ္ဘောဒီးယားအဆင့် ၁၈၅၊ စင်ကာပူအဆင့် ၁၆၂၊ လာအိုအဆင့် ၁၆၈၊ ဘရူနိုင်းအဆင့် ၁၈၆ တို့ဖြစ်ကြသည်။ (ဆင်ဟွာ)

မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း စာ-၃

ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း စာ-၃

မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း စာ-၃

MNL အမှတ်ပေး ပြိုင်ပွဲကို မတ် ၂၃ ရက်တွင် ပြန်လည်စတင်မည်

➤ သတင်း-ညီမြတ်သော်တာ

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)က ကြီးမှူးကျင်းပလျက်ရှိသည့် MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲကို ပွဲစဉ် (၅) အပြီးတွင် ခေတ္တရပ်နားထားရာမှ ပွဲစဉ် (၆) ကို မတ် ၂၃၊ ၂၄ ရက်တို့တွင် ပြန်လည်စတင်တော့မည်ဖြစ်သည်။

ထိပ်တိုက်တွေ့ဆုံ

ယခုတစ်ပတ်ပြန်လည်ယှဉ်ပြိုင်မည့် ပွဲစဉ်(၆)တွင် ပွဲကောင်းများပါဝင်နေပြီး အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။ ပွဲစဉ် (၆)၏ အကောင်းဆုံးပွဲဟု ခေါ်ဆိုနိုင်သောပွဲမှာ တောင်ကြီးမြို့၏ KBZ ကွင်းတွင် ယှဉ်ပြိုင်ရမည့် ကမ္ဘောဇအသင်းနှင့် ရတနာပုံအသင်းတို့ တွေ့ဆုံသောပွဲဖြစ်သည်။

ပွဲစဉ်(၆)

၂၃-၃-၂၀၁၃

ကမ္ဘောဇ-ရတနာပုံ	KBZ ကွင်း
ဇေယျာဝတီ-ရန်ကုန်	အောင်ဆန်းကွင်း
မကွေး-ဟံသာဝတီ	သုဝဏ္ဏကွင်း
ဇေယျာရွှေမြေ-ရခိုင်	မုံရွာကွင်း

၂၄-၃-၂၀၁၃

နေပြည်တော်-မနောမြေ	NPTကွင်း
Southern-ဇွဲကပင်	သုဝဏ္ဏကွင်း

မိတ္ထီလာမြို့၌ သာမန်ဈေးအရောင်းအဝယ်အချင်းများရာမှလူအုပ်စုဖြင့် အဆောက်အအုံများ၊ ဈေးဆိုင်ခန်းများ ဖျက်ဆီးမှုများ ဖြစ်ပွားခဲ့ မတ် ၂၀ ရက် ည ၈ နာရီမှ စ၍ ပုဒ်မ ၁၄၄ ထုတ်ပြန်တားဆီးထား မြို့နယ်၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဖောက်ဖျက်ပြီး ဆူပူအကြမ်းဖက်ခြင်း၊ မီးရှို့ခြင်း၊ သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းများကို ဦးဆောင်ပြုလုပ်ခဲ့သူများအား တရားဥပဒေအရ ထိထိရောက်ရောက်အရေးယူဖော်ထုတ်သွားမည်

နေပြည်တော် မတ် ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ မတ် ၂၀ ရက် နံနက်ပိုင်းတွင် သာမန်ဈေးအရောင်းအဝယ် အချင်းများရာမှ ရိုက်နှက်မှုဖြစ်ပွားခဲ့ပြီး မကျေနပ်သူများက လူအုပ်စုဖြင့် အဆောက်အအုံနှင့် ဈေးဆိုင်ခန်းအချို့ဖျက်ဆီးမှုများ ဖြစ်ပွားခဲ့သဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းမှုမပျက်ပြားစေရေးအတွက် မိတ္ထီလာမြို့နယ်အုပ်ချုပ်ရေးမှူးက မတ် ၂၀ ရက် ည ၈ နာရီမှ စတင်၍ မိတ္ထီလာမြို့၌ ပုဒ်မ ၁၄၄ ထုတ်ပြန်တားဆီးထားကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မတ် ၂၀ ရက် နံနက် ၉ နာရီခွဲခန့်တွင် မိတ္ထီလာမြို့ မြို့မအရှေ့ပြင်ဈေးရှိ ရွှေဆိုင်တစ်ဆိုင်သို့ မိတ္ထီလာမြို့နယ် ပွွန်ကောက်ကျေးရွာနေ ဦးခင်မောင်ဝင်း၊ ဇနီးမအေးနိုင်နှင့် မညိုသန်းတို့သုံးဦးက ရွှေဆံကုတ်တစ်ခုအားရောင်းချရန် သွားရောက်ခဲ့ကြောင်း၊ ရွှေဆိုင်ပိုင်ရှင် ဦးထွန်းထွန်းဦး(ခ)အာရှစ်၊ ဇနီး မမြင့်မြင့်အေး၊ ဆိုင်လုပ်သားညီညီ(ခ)မင်းအောင်တို့က ရွှေဆံကုတ်အား ငွေကျပ် (၁၀၅၀၀၀) ပေးမည်ဟု ဈေးညှိနှိုင်းသဘောတူပြီး မှတ်ကျောက်တင်ရန် ဈေးအတွင်းယူသွားခဲ့ကြောင်း၊ ဈေးအတွင်းမှပြန်ရောက်ချိန်တွင် ရွှေဆံကုတ်မှာပဲ့နေပြီး ဆိုင်ရှင်တို့က ငွေကျပ် (၅၀၀၀၀) သာပေးတော့မည်ဟုပြောဆိုရာ ဆိုင်ရှင်မိသားစုနှင့် ရွှေဆံကုတ်ရောင်းချသူမိသားစုတို့အချင်းများပြီး ကိုယ်ထိလက်ရောက်ရိုက်နှက်မှုများဖြစ်ပေါ်ခဲ့သဖြင့် ကိုခင်မောင်ဝင်းမှာ

စာမျက်နှာ ၅ ကော်လံ ၁ ✻

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မူဆယ်နှင့် နမ့်ခမ်းကြား အဓိကတံတားပန်ခမ်း ဆောက်လုပ်ပြီးစီးနေ

မူဆယ် မတ် ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သည် တစ်နိုင်ငံလုံးနယ်စပ်ကုန်သွယ်မှု အများဆုံးဆောင်ရွက်နိုင်သော နယ်စပ်မြို့ဖြစ်ပြီး ၂၄ နာရီ ပြည်ထောင်စုလမ်းမပေါ်တွင် ကုန်တင်ကားကြီး၊ ကားငယ်များဖြင့် ပြည့်လျက်ရှိသည်။

စောင့်ဆိုင်းကြရ

ထိုသို့ နယ်စပ်ကုန်သွယ်မှုဖြစ်ထွန်းနေသော မူဆယ်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်သွားလမ်း အဓိကတံတားဖြစ်သော "ပန်ခမ်းတံတား" သံမဏိသံပေါင်၊ သစ်သားခင်းသည် ဟောင်းနွမ်းဆွေးမြည့်နေပြီး တစ်လမ်းသွားတံတား ဖြစ်နေခြင်းကြောင့် ယာဉ်ကြောတစ်ဖက်နှင့် တစ်ဖက်စောင့်ပြီး အလှည့်ကျ ကူးသွားရသဖြင့် အချိန်ကြန့်ကြာမှုကြောင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးသည့်အပြင် ခရီးသွားပြည်သူများ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းကြရသည်။

အထောက်အကူပြု

တံတားဟောင်းဘေးယှဉ်လျက် သံကူကွန်ကရစ်အမျိုးအစား တံတားကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ပြီး နိုင်ငံတော်က အသစ်ဆောက်လုပ်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သဖြင့် မကြာမီဖွင့်လှစ်မည်ဖြစ်ရာ ခရီးသွားပြည်သူများ ကုန်စည်စီးဆင်းမှု မြန်ဆန်၍ နယ်စပ်ကုန်သွယ်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်တော့မည်ဖြစ်သည်။

အဆိုပါ တံတားသည် ၁၉၅ ပေရှည်ကာ သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ တံတားအကျယ် ၃၁ ပေ၊ ယာဉ်နှစ်လမ်းသွား လမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက် သုံးပေစီရှိပြီး ယာဉ်တစ်စီးချင်း ခံနိုင်ဝန်သည် တန် ၆၀ ဖြစ်ကြောင်း သိရသည်။

အယ်လ်စိုး(IPRD)

မိတ္ထီလာမြို့နယ် စည်ပင်ကျေးရွာ သောက်သုံးရေကန်တူးဖော် ဆောင်ရွက်

မိတ္ထီလာ မတ် ၂၁

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ် နှစ်ရာခိုင်နှုန်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးလက်ရေပေးရေး လုပ်ငန်းဖြစ်သော ရေဝေအုပ်စု ကန်သာကျေးရွာ မြေသားမိုးရေလှောင်ကန်တူးဖော်ခြင်း(၂၀၀×၂၅၀×၅ပေ) လုပ်ငန်းအား ကုန်ကျငွေကျပ် ၇၇၉၁၀၀၀ ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိရာ မတ် ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်မြေအမှတ်(၂)ဦးကျော်အေးနှင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင် **(အပေါ်ပုံ)** တို့က ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါမိုးရေလှောင်ကန်ပြီးစီးသွားပါက မိုးရေတစ်နှစ်ပတ်လုံး သိုလှောင်နိုင်မည်ဖြစ်သဖြင့် အိမ်ခြေ ၁၀၃အိမ်၊ လူဦးရေ ၆၁၆ ဦးရှိသော ကန်သာကျေးရွာအတွက် သောက်သုံးရေလုံလောက်စွာ ရရှိတော့မည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ရွှေကျီးနား မဟာစေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

ကချင်ပြည်နယ် ဗန်းမော်မြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင်ရွှေကျီးနား မဟာစေတီတော်မြတ်ကြီး၏ ၁၄၁ ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပမြဲဖြစ်သော တပေါင်းလပြည့်ကျော် ၂ ရက် (မတ် ၂၈ ရက်)မှ လပြည့်ကျော် ၁၁ ရက် (ဧပြီ ၆ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သာသနာသက္ကရာဇ် ၂၁၈ ခုနှစ် စံပါနဂိုရ်ဘုရင် စိတ္တရာဇာနှင့် သားတော် ဝိလာသမင်းနှစ်ပါးတို့သည် အိန္ဒိယနိုင်ငံသို့ သွားရောက်ကာ သီရိဓမ္မာသောကမင်းကြီးထံမှ ဓာတ်တော်လေးဆူပင့်လာခဲ့ကြပြီး ဗန်းမော်မြို့နယ်တွင် တည်ထားကိုးကွယ်ခဲ့ရာ ကောင်းစင့်ကျေးရွာ၌ ရွှေကျီးနားစေတီ၊ မြစေတီကျေးရွာ ငါးဆောင်ချမ်းရပ်ကွက်၌ မြစေတီစေတီ၊ ဗန်းမော်မြို့၌ သိမ်မဟာစေတီ၊ ကောင်းတုံကျေးရွာ ရွာဦးထိပ်၌ ရွှေစည်းခုံစေတီတို့ တည်ထားကိုးကွယ်လျက်ရှိကြောင်း သိရှိရသည်။ **(မောင်ရီ)**

မတ် ၁၈ ရက်က ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအတွက် အမှတ် ၂၁၄ လမ်း ၄၀ (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့နေ မိခင်ကြီး ဒေါ်လန်းအား ရည်စူး၍ ဦးကျော်မြင့်-ဒေါ်ခင်မိုးဆွေ၊ သမီးမစန်းစန်းဝေ၊ မတင်ဝင်းရီ၊ သား မောင်တင်ကိုကိုဝင်း၊ မောင်သက်ညီညီလွင် မိသားစုတို့က အလှူငွေ ကျပ် ၅၀၀၀၀၀ ကို ဆံတော်ရှင်စေတီတော် အဝေးရောက်အကျိုးတော်ဆောင် ဦးဆန်းထံသို့ လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ပြောင်းစိုက်တောင်သူများနှင့် ပြောင်းကုန်သည်အချို့ ငွေကျပ်သိန်းတစ်သောင်းခြောက်ထောင်ကျော် လိမ်လည်ခံရ

လားရှိုး မတ် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ် ကျေးရွာများမှ ပြောင်းစိုက်တောင်သူအချို့နှင့် ပြောင်းဖူးကုန်သည်အချို့သည် ယခုနှစ်ပြောင်းစိုက်ရာသီတွင် လိမ်လည်ခံကြရကြောင်း လားရှိုးလက်ကား ကုန်စည်ဒိုင်မှ ကြားသိရသည်။

အစေ့ထုတ်ပြောင်း စိုက်ပျိုးခြင်းသည် အထွက်နှုန်းကောင်းခြင်း၊ တစ်ဖက်နိုင်ငံမှ ဈေးကောင်းပေးဝယ်ခြင်းကြောင့် ပြောင်းစိုက်တောင်သူများသည် ပိုမိုစိုက်ပျိုးလျက်ရှိကြောင်း၊ ယခင်နှစ်က အစေ့ထုတ်ပြောင်းတစ်ပိဿာလျှင် ကျပ် ၅၀၀ ကျော်အထိ ဈေးကောင်းရလိုက်ကြသည့်အတွက် ပြောင်းစိုက်တောင်သူများ တွက်ခြေကိုက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ပြောင်းစိုက်ရာသီအတွင်း အစေ့ထုတ်ပြောင်း အများအပြားစိုက်ပျိုးခဲ့ကြသော လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြောင်းစိုက်တောင်သူများ၊ ပြောင်းကုန်သည်များက ပြောင်းကုန်သည်တစ်ဦးထံ အပ်နှံရောင်းချခဲ့ရာ ၎င်းက လက်ငင်းငွေချေစနစ်ဖြင့်မဟုတ်ဘဲ တင်ပို့ပြီးမှ ငွေပေးချေမည်ဟုဆိုကာ ပြောင်းစိုက်တောင်သူ ၄၂ ဦးထံမှ ပြောင်းဖူးတန်ဖိုး ငွေကျပ်သိန်း တစ်သောင်းခြောက်ထောင်ကို လိမ်လည်ခဲ့ကြောင်း လားရှိုးလက်ကား ကုန်စည်ဒိုင် တာဝန်ရှိသူထံမှ သိရသည်။

ငွေကျပ် သိန်းတစ်သောင်းခြောက်ထောင်ဖိုးကို လိမ်လည်သွားသူသည် လားရှိုးမြို့တွင် နေထိုင်သူဖြစ်ကြောင်း၊ လားရှိုးလက်ကားကုန်စည်ဒိုင်တွင် အသင်းသားတစ်ဦးဖြစ်ပြီး ပဲ၊ ပြောင်းကုန်သည်တစ်ဦးဖြစ်ကြောင်း၊ ယခု ပြောင်းစိုက်တောင်သူများ ပြောင်းကုန်သည် ၄၂ ဦးကို ငွေပေးချေခြင်းမပြုဘဲ မိသားစုများပါခေါ်ဆောင် ရှောင်တိမ်းနေကြောင်း ပြောင်းကုန်သည်တစ်ဦးထံမှ သိရသည်။

ပြောင်းစိုက် တောင်သူများ ပြောင်းကုန်သည်များက ငွေကျပ်သိန်းတစ်သောင်းခြောက်ထောင်ကျော်ဖိုးလိမ်လည်သွားသူအပေါ် အမှုဖွင့်အရေးယူရန် စီစဉ်လျက်ရှိကြောင်း လက်ကားကုန်စည်ဒိုင်မှ သိရသည်။

မမ(လားရှိုး)

ပညာရဲရင့် ပွဲလယ်တင့်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ကြီးမြို့၊ မြို့နယ်တရားရုံးတော်၌

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၆၂

ဒေါ်ယုံ(ခ)ဒေါ်လီဖန်ယုံ **နှင့်** ဒေါ်ခင်ဝင်းဝင်း
အမှတ်(၄၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
တောင်ကြီးမြို့။

တရားလို **တရားပြိုင်**

အထက်အမည်ပါ တရားပြိုင်ဖြစ်သော ဒေါ်ခင်ဝင်းဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မန္တလေးမြို့နေ ဒေါ်ယုံ(ခ)ဒေါ်လီဖန်ယုံက လိမ်လည်အတုပြုလုပ်ခဲ့သော ၂-၁-၂၀၀၂ရက်စွဲပါ မြေနှင့်အဆောက်အအုံအား မေတ္တာဖြင့်ပေးကမ်းခြင်း စာချုပ်မှတ်ပုံတင်အမှတ် ၁၇/၂၀၀၂စာချုပ်နှင့် ယင်းစာချုပ်ကို အခြေပြုပြီး ထပ်မံချုပ်ဆိုခဲ့သော ၁၂-၉-၂၀၀၃ ရက်စွဲပါ ပေးကမ်းခြင်းစာချုပ် မှတ်ပုံတင်အမှတ် ၃၃၉/၂၀၀၃တို့ကို ပယ်ဖျက်ပေးစေလိုမှုနှင့် လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၉ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးသန်း)

မြို့နယ်တရားသူကြီး၊ တောင်ကြီးမြို့နယ်တရားရုံး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာပြည်အလွတ်တန်းချန်ပီယံ စောငမန်း (ရွှေဖူး) ကို မန္တလေးသားမြနန်းတော်စိန်ခေါ်ပြီ

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ MDG Co., Ltd နှင့် T&T Martial Art Promotion Group မှ စီစဉ်ပြီး Cobra အချိုရည်က အဓိကကူညီပံ့ပိုးသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို မတ် ၂၉ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပမည်ဟု သိရသည်။

ရန်ကုန်ပွဲများဆိုလျှင် မွန်းလွဲ ၂ နာရီကစပြီး ညနေ ၆ နာရီတွင် ပွဲသိမ်းပြီဖြစ်သော်လည်း မန္တလေးရိုးရာလက်ဝှေ့ ပြိုင်ပွဲများမှာမူ ညပိုင်းတွင်သာ ကျင်းပမြဲဖြစ်သည်။

ထိုးသတ်မည့် တွဲဆိုင်းများကို လေ့လာကြည့်မည်ဆိုလျှင် ထိုးသတ်မည့်လက်ဝှေ့ကျော်များသည် မန္တလေးနယ်ခံက ထက်ဝက်ကျော်ပါသည်ကို သိရှိရ၍ မန္တလေးလက်ဝှေ့ကျော်များ၏ အားကိုယူပြီး မန္တလေးပရိသတ်ကို ဆွဲဆောင်ထားသည်ဟု ယူဆရသည်။ ထိုးသတ်မည့် တွဲဆိုင်းများမှာ မြန်မာပြည်အလွတ်တန်းချန်ပီယံ စောငမန်း (ရွှေဖူး)နှင့် အထက်မြန်မာပြည် လက်ဝှေ့ကျော် မြနန်းတော်(မန္တလေး)၊ သားသား (T&T)နှင့် ဖိုးသားကြီး (မန္တလေး)၊ အားမာန် (T&T)နှင့် မိုးမခ(စွမ်းကေကေ)၊ မိုးသီး(ရွှေဖူး)နှင့် မိုက်လက်သီး(မတ္တရာ)၊ စောသဲဦး(ရွှေဖူး)နှင့် ဝိုင်ဝိုင်း(မန္တလေး)၊ မောင်ကောင်း (T&T)နှင့် ဖိုက်ကေ(ကျားဖြူ)၊ ကျွဲကြီး(ကျားဖြူ)နှင့် နဂါးမာန်(စဥ့်ကိုင်) စသည့် တွဲဆိုင်းများအပြင် နယ်ခံလက်ဝှေ့သမားများ ယှဉ်ပြိုင်ထိုးသတ်မည့် သုံးချီစိန်ခေါ်ပွဲများ ပါဝင်သည်ဟု သိရသည်။

ပွဲစီစဉ်သူများက ရန်ကုန်မှလာပြီး စီစဉ်ကြ၍ မန္တလေးသားဆရာဒဿ၏ ပြေးလွှားလှုပ်ရှားကူညီမှုများကို တွေ့ရှိရသည်။ ယခုထိုးသတ်မည့်ပွဲ မတိုင်မီ ရက် ၄၀ တွင် စောငမန်း (ရွှေဖူး)က ထိုးသတ်ထားရသည်မို့ စောငမန်းအတွက် ပွဲနီးသည်ဟုဆိုနိုင်သည်။ သို့သော်လည်း ၎င်း၏ သရဖူကာကွယ်ပွဲအတွက် ပြင်ဆင်ထားပေလိမ့်မည်။ မြနန်းတော်ကမူ ပွဲဝေးနေသူ မန္တလေးမြို့ခံဖြစ်သည့်အတွက် ပွဲက ကြည့်ကောင်းပေမည်။ မန္တလေးမြေမှ မန္တလာသား၏ စိန်ခေါ်မှုကို လေ့လာရန် အောင်မြေမန္တလာကွင်းက ကြိုဆိုနေကြောင်း သိရှိရသည်။

ခင်ခင်ဝင်း(ပညာရေး)

ဒိုက်ဦးမြို့နယ်အတွင်း စီးပွားဖြစ် စိုက်ပျိုးသည့် ပန်းစိုက်ခင်း

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကတုတ်နှင့် ကတုတ်ရွာမကျေးရွာတို့တွင် ယခင်ကတစ်ဦးစ၊ နှစ်ဦးစ ပန်းစိုက်ပျိုးရာမှ ယခုအခါ စိုက်ပျိုးသူဦးရေ ၇၀ ခန့်အထိ ပန်းကို အများအပြားစိုက်ပျိုးလုပ်ကိုင်လာကြသည်။ အဓိကအားဖြင့်ပန်းကို အုပ်စုနှစ်မျိုးခွဲ၍ မြေယာပြုပြင်ပြီး စိုက်ပျိုးကြသည်။

ပန်းမျိုးများကို တောင်ကြီး၊ ဟဲဟိုးမြို့များမှ သွားရောက်ဝယ်ယူပြီး ပန်းစိုက်ရန်ပြုလုပ်ထားသော ပန်းပေါင်အတွင်း၌ တစ်ပင်နှင့်တစ်ပင် ငါးလက်မ တန်းခြား၍ တစ်တန်းတွင် ခြောက်ပင် ပြည့်ဝင်အောင် စိုက်ပျိုးကြသည်။ ပန်းစိုက်ပေါင်ပေါ်တွင် စိုက်ပျိုးထားသော ပန်းပင်များကို ၂၅ ရက်မှ ရက် ၃၀ ဝန်းကျင်တွင် ခေါင်ညွှန့်ဆိတ်ပေးရသည်။ ပန်းစိုက်ပျိုးရာတွင် အပင်စိုက်ခါစ ၁၀ ရက်ခန့်အထိ တစ်နေ့လျှင် ရေသုံးကြိမ် လောင်းပေးရပြီး ၁၀ ရက်ပြည့်ပြီးနောက် အမြစ်သွယ်လာပါက တစ်နေ့လျှင် ရေနှစ်ကြိမ်သာ လောင်းပေးရသည့်အတွက် ရေရရှိသောနေရာများတွင် အဓိကထား၍ စိုက်ပျိုးကြသည်။

တင်ပို့ရောင်းချ

ယင်းကျေးရွာများ၌ ကြွေဖြူ ရွှေစိမ်း၊ ဆန်းမား၊ ဂျပန်၊ အိုဆာကာ အစရှိသော ဂန္ဓမာပန်းမျိုးများကိုစိုက်ပျိုးပြီး ရာသီအလိုက် ကြွေဖြူ ရွှေစိမ်း၊ ပန်းမျိုးကို စက်တင်ဘာလနှင့် အောက်တိုဘာလများ၌ စတင်စိုက်ပျိုးကာ အပူဒဏ်ခံနိုင်ရည်ရှိသော ကီလိုအုပ်စု ဂျပန်၊ အိုဆာကာ ပန်မျိုးများကို ဇန်နဝါရီလတွင် ထပ်မံစိုက်ပျိုးသည်။ ကြွေဖြူ ဂန္ဓမာပန်းမျိုးမှာ အပွင့်ကိုသာ ဦးစားပေးစိုက်ပျိုးသည့်အတွက် အပင်တွင် မလိုလားအပ်သော အဖူးများကို ခြွေပေးရသည်။ ရွှေစိမ်း အစရှိသော ပန်းမျိုးမှာ အခိုင်လိုက်ရယူရန် စိုက်ပျိုးရသည့်အတွက် အညွန့်ခြွေပေးရန်မလိုဟုသိရသည်။ ပန်းများစိုက်ပျိုးပြီး သုံးလေးလပတ်ဝန်းကျင် ရက် ၁၀၀ ခန့်တွင် ပန်းများစတင်ပွင့်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပြီဖြစ်သည်။ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် ပွင့်သောပန်းများမှာ ဈေးကွက်ဝင်ပြီး ဈေးကောင်းရ၍ ပန်းများကို ပဲခူး၊ ညောင်လေးပင်၊ ဒိုက်ဦးမြို့များသို့ တင်ပို့ရောင်းချကြသည်ဟု သိရသည်။

ယခုအခါ ဒိုက်ဦးမြို့နယ်အတွင်း ရှိကတုတ်၊ ကတုတ်ရွာမကျေးရွာ ပန်းစိုက်ဒေသများတွင် ပန်းကို

သတင်းဓာတ်ပုံ-ပိန်းဇလုပ်(သိန်းညွန့်)

စီးပွားဖြစ်စိုက်ပျိုးလာခြင်းဖြင့် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး အသွင်သို့ ကူးပြောင်းလာခဲ့ချေပြီ။ တစ်နိုင်တစ်ပိုင် ပန်းစိုက်ပျိုးထုတ်လုပ်သူတို့၏ ဝီရိယစွမ်းအား နည်းပညာများဖြင့် ကျေးရွာနေပြည်သူများ မိသားစုဝင်ငွေရရှိကာ စီးပွားဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အောင်မြင်ဖြစ်ထွန်းနေသော ပန်းမျိုးစုံစိုက်ပျိုးမှုမြင်ကွင်း။

မနောရောအဝေးပြေး ပို့ဆောင်ရေး ဝန်ဆောင်မှုအသင်း ဗန်းမော်-မြစ်ကြီးနားမော်တော်ယာဉ်လိုင်းသစ်ပြေးဆွဲ

ကချင်ပြည်နယ် ဗန်းမော်မြို့ မနောရော အဝေးပြေးပို့ဆောင်ရေး ဝန်ဆောင်မှုအသင်းမှ ဗန်းမော်-မြစ်ကြီးနား မော်တော်ယာဉ်လိုင်းသစ် ပြေးဆွဲဖွင့်လှစ်ခြင်း အခမ်းအနားကို မတ် ၁၈ ရက် နံနက် ၈ နာရီက မင်းကုန်းရပ်ကွက် သာသနာ့ဗိမာန်ရှေ့ ဗိုလ်ချုပ်လမ်း ဗန်းမော်-မြစ်ကြီးနား ကားလမ်းပေါ်၌ ကျင်းပခဲ့ရာ အမှတ် (၂၁) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် ကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် ဖုန်းမြတ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဆွေ၊ ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထွက်ခွာမည့် မော်တော်ယာဉ်များကို အမှတ် (၂၁) စစ်ဆင်ရေး ကွပ်ကဲရေးမှူးက အမွှေးနံ့သာရည် ပက်ဖျန်းပေးပြီး ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများက ခရီးသွားပြည်သူများအား သောက်ရေသန့်ဘူးပေးဝေပြီး မော်တော်ယာဉ်များ မြစ်ကြီးနားသို့ တစ်ပြိုင်တည်း ထွက်ခွာသွားကြသည်။ ဗန်းမော်-မြစ်ကြီးနား ကားလမ်းမိုင် ၁၂၀ ခရီးတွင် ဟိုင်းလတ်ယာဉ်စီးခ ရှေ့ခန်း လူတစ်ဦးငွေကျပ် ၁၀၀၀၀၊ နောက်ခန်း လူတစ်ဦး ငွေကျပ် ၈၀၀၀ နှင့် ပါဂျဲရိုး၊ ဗင်ကားယာဉ်စီးခ လူတစ်ဦး ငွေကျပ် ၁၅၀၀၀ ဖြစ်ကြောင်း သိရသည်။

ဝမ်းပန်းတသာရှိ

၂၀၁၁ ခုနှစ် ဇူလိုင်လမှစ၍ မော်တော်ယာဉ်များသွားလာမှု ရပ်ဆိုင်းခဲ့ရာမှ ယခုအခါ နယ်မြေအေးချမ်းသာယာလာပြီဖြစ်၍ ဗန်းမော်-မြစ်ကြီးနားမော်တော်ယာဉ်လိုင်းသစ် ပြေးဆွဲပေးခဲ့သဖြင့် ဒေသခံပြည်သူများ ဝမ်းပန်းတသာရှိနေကြသည်။

ဆီမီးခုံ -နန်းရီ

ကျောက်ဆင်းတု ၂၃ဆူ တွေ့ရှိ

ဗန်းမော် မတ် ၂၁

ဗန်းမော်မြို့ အိုက်ခေါ်တော်စေတီနှင့် ရွှေကျီးနားစေတီတော် အာရုဏ်ခံအဆောက်အအုံကို အုတ်ကာ၊သွပ်မိုး၊ သမံတလင်းခင်းအဖြစ် ပြန်လည်ဆောက်လုပ်ရန်အတွက် မတ် ၉ ရက် နံနက် ၉ နာရီက ယင်းအဆောက်အအုံအတွင်းရှိပလ္လင်ကို ဖျက်ဆီးတူးဖော်ခဲ့ရာ ပလ္လင်အောက်ငါးပေခန့်အရောက်၌ ကျောက်ဆင်းတုတော်၊ မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရှေးဟောင်းသမိုင်းဝင် မတ်ရပ်ကျောက်ဆင်းတုတစ်ဆူ၊ လျှောင်းတော်မူ တစ်ဆူ၊ထိုင်ဆင်းတုတော် အလတ်နှစ်ဆူ၊ အသေး ၁၉ ဆူ စုစုပေါင်း၂၃ ဆူ တူးဖော်ရရှိခဲ့ကြောင်း သိရသည်။

ဆီမီးခုံ -နန်းရီ



အများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၅ လမ်း၊အမှတ် ၁၆၅/၁၆၇(ပထမထပ်)တွင် ဖွင့်လှစ်တည်ရှိသော ဒီဇိုင်းပရင်းတင်းဆားဗစ်ဆက်စ်ကုမ္ပဏီလီမိတက် Design Printing Services Co.,Ltd. (DPS)သည် အောက်ဖော်ပြပါကုမ္ပဏီအမှတ်တံဆိပ်များကို မိမိတစ်ဦးတည်းမူပိုင်အဖြစ်မှတ်ပုံတင်ပြီး၊ မြေပုံအမျိုးမျိုး(ပထဝီဝင်အချက်အလက်များကို ကွန်ပျူတာဖြင့်ရေးဆွဲကာ) သက်ဆိုင်ရာဌာနများ၏ အတည်ပြုချက်ရယူလျက် မြန်မာပြည်တစ်ဝန်းတွင် ၁၉၉၆ခုနှစ်မှ စတင်ဖြန့်ချိရောင်းချလျက်ရှိသည်။

ယခုအခါ DPS မှ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ပါ အဆိုပါမြေပုံအမျိုးမျိုးကို DPS ၏ သဘောတူခွင့်ပြုချက်မရှိဘဲ မိတ္တူကူးယူအတုပြုလုပ်ပြီး ဈေးကွက်အတွင်းဖြန့်ချိရောင်းချမှုများပြုလုပ်နေကြောင်း အထောက်အထားများခိုင်လုံစွာရရှိထားပြီးဖြစ်သည်။

DPS ၏ ကုန်အမှတ်တံဆိပ်ပါရှိသည့် ထုတ်ဝေပြီးမြေပုံအမျိုးမျိုးအနက် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပြုလုပ်၍ဖြစ်စေ အတုပြုလုပ်ခြင်းမပြုကြရန် ၂၀-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်အဖြစ်လည်းဖော်ပြသတိပေးပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ DPS ၏ ကုန်အမှတ်တံဆိပ်ပါရှိသည့် ထုတ်ဝေပြီးမြေပုံအမျိုးမျိုးကို အတုပြုလုပ် ဖြန့်ချိရောင်းချနေမှုများအား ပြန်လည်ရုပ်သိမ်းကြပါရန်နှင့် ဆက်လက်ဆောင်ရွက်နေပါက တည်ဆဲတရားဥပဒေများအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

Design Printing Services Co.,Ltd.(DPS) ၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးသောင်းငွေ BA(Law), LL.B (စဥ်-၂၆၃၅)
ဒေါ်ယဉ်ယဉ်အေး BA(Law),LL.B,LL.M (စဥ်-၇၅၆၇)
ဦးဝင်းမောင်သန်း B.A(Law), LL.B (စဥ်-၃၀၆၆)

တရားလွှတ်တော်ရှေ့နေများ
မင်းရာဇာ ဥပဒေရေးရာဝန်ဆောင်မှုလုပ်ငန်း
အမှတ် ၂၃၆၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၆၉၀၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃စီ/၊ မြေကွက်အမှတ် ၁၇၊ ဧရိယာ ၀ဒသမ၀၇၅ဧကရှိ နှစ်၉၀ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၃၀၀)ဟုခေါ်တွင်သည့်မြေကွက်နှင့်နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ရှင်များဖြစ်ကြသော ဒေါ်သန်းသန်းအေး ၁၂/တမန(နိုင်) ၀၁၂၈၈၉+၃ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, D.B.L, D.M.L, D.I.L,D.L.P,WIPO(Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon(IC),HGP,R.L,D.B.L.
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၄) နှစ်(၃၀)ပြည့် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အလှူတော်မင်္ဂလာဖိတ်ကြားခြင်း

၁။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၄)၏ နှစ်(၃၀)ပြည့် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ကျေးဇူးကြီးမားလှသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ဩဝါဒခံယူခြင်းနှင့် ကွယ်လွန်/ကျဆုံးသွားကြပြီးသော ဆရာကြီး ဆရာမကြီးများ၊ သူငယ်ချင်းများအားရည်စူး၍ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး ကောင်းမှုကုသိုလ်များကို အမျှပေးဝေခြင်း သူငယ်ချင်းမိသားစုများတွေ့ဆုံခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသောကြောင့် ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

၂။ ဆရာကြီး ဆရာမကြီးများထံသို့ ဖိတ်စာပေးပို့ထားပြီးဖြစ်ပါသည်။ ဆရာကြီး ဆရာမကြီးများအနေဖြင့် ဖိတ်စာအချိန်မီမရောက်ရှိပါကလည်း အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် (ကျင်းပရေးကော်မတီ)-

ကျော်နိုင်ဦး ဖုန်း-၀၉-၈၆၀၀၁၆၈၊ သောင်းကြိုင် ဖုန်း-၀၉-၅၁၀၂၀၆၀၊ ထွန်းမင်း ဖုန်း-၀၉-၅၀၂၃၀၀၃၊ လှစိုး ဖုန်း-၀၉-၅၀၃၉၉၃၀၊ ကျော်ဇေယျ ဖုန်း-၀၉-၅၀၁၉၄၆၉၊ သန်းထွန်းအောင် ဖုန်း-၀၉-၅၀၀၈၃၁၈၊ စည်သူ ဖုန်း-၀၉-၅၀၅၉၉၇၅၊ ခင်မောင်ဝင်း ဖုန်း-၀၉-၂၀၀၀၉၅၀၊ ခင်မောင်ထွေး ဖုန်း-၀၉-၈၃၀၄၅၁၉၊ စိုးလွင် (နေပြည်တော်) ဖုန်း-၀၉-၅၁၂၁၆၉၁၊ သန်းကျော်ထူး (နေပြည်တော်) ဖုန်း-၀၉-၈၆၁၀၀၇၁။

နေ့ရက် ။ ။ ၂၀၁၃ ခုနှစ် မတ် ၃၁ရက် (တနင်္ဂနွေနေ့)
အချိန် ။ ။ နံနက် ၁၀ နာရီ
နေရာ ။ ။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊
စွယ်တော်မြတ်စေတီအနီး၊ ကမ္ဘာအေး၊ ရန်ကုန်၊
(နံနက် ၉ နာရီအရောက် ကြွရောက်ပါရန်)

ရန်ကုန်မြို့မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် မဟာသကြၤန်တရားစခန်း

မူလသစ္စာ ဒီပကဝိပဿနာအဖွဲ့ချုပ်၏ကျေးဇူးရှင်ဆရာကြီး ဦးကြည်၏ဥပနိဿယအတိုင်း ဆရာကြီး၏ လက်ရင်းတပည့်များဖြစ်ကြသော ဓမ္မကထိက ဆရာဦးခင်မောင်ရီ၊ ဦးမောင်အုန်း၊ ဦးသိန်းဆွေ(ရန်ကုန်)တို့က ဓမ္မာနုပဿနာသတိပဋ္ဌာန် တရားတော်များကိုဟောပြောပြသလျက် (၁၀၆)ကြိမ်မြောက် မဟာသကြၤန်တရားစခန်းကို ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားအရှေ့မုခ်၊ ကြားတောရလမ်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဓမ္မာရုံတော်ကြီးတွင် ၂၀၁၃ခုနှစ် ဧပြီ ၁၂ရက်မှ ၁၈ရက်၊ ၁၃၇၄ခုနှစ် တန်ခူးလဆန်း ၂ရက်မှ ၈ရက်ထိဖွင့်လှစ်မည်ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်လိုသူများ ၁၁-၄-၂၀၁၃ရက် ညနေ ၅ နာရီထက်နောက်မကျဘဲ အရောက်လာကြရပါမည်။ ကိုယ်ပိုင်ရိပ်သာ ဆောက်လုပ်နေပြီဖြစ်ပါ၍ ပါဝင်လှူဒါန်းနိုင်ပါသည်။

အသေးစိတ်သိလိုသူများ ဦးချစ်ရင် နာယက ဖုန်း-၀၉-၅၀၅၂၁၁၅၊ ဦးသန်းစိန် နာယက ဖုန်း-၀၉-၇၃၀၀၀၃၉၃၊ ဦးမောင်အုန်း ဓမ္မကထိက ဖုန်း-၀၉-၄၂၁၀၁၆၃၅၁၊ ဦးခင်မောင်ရီ ဓမ္မကထိက ဖုန်း-၀၉-၇၃၀၆၅၆၈၅၊ ဦးသိန်းဆွေ ဓမ္မကထိက ဖုန်း-၀၉-၅၀၆၃၁၁၈၄၊ ဦးမြသောင်း ဥက္ကဋ္ဌ ဖုန်း-၂၉၂၀၅၀၊ ဦးညွန့်လှိုင် ဒုဥက္ကဋ္ဌ ဖုန်း-၅၄၆၈၃၈၊ ဦးသန်းလွင် ဒုဥက္ကဋ္ဌ ဖုန်း-၅၀၀၁၂၉၊ ဦးစိန်ဝင်း အတွင်းရေးမှူး ဖုန်း-၀၉-၄၉၃၂၆၅၉၃၊ ဦးစိုးဝင်း ဘဏ္ဍာရေးမှူး ဖုန်း-၅၆၄၇၄၄ တို့သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။





ကန့်ကွက်နိုင်ပါကြောင်း

မူဆယ်မြို့နယ်၊ ကောင်းမှုးတုံရပ်ကွက်၊ ငွေဆင်ကွင်း၊ ဦးပိုင်အမှတ် (၆၅+၆၇+၉၇+၉၈)၊ ဧရိယာ ၀ ဒသမ ၇၀၇ဧကအား ဦးရန်ကြားဝေ ၁၃/လရန(နိုင်)၁၀၃၆၀၇ အမည်ဖြင့် ၁၁-၁၂-၂၀၀၀မှ ၁၀-၁၂-၂၀၅၀ထိ နှစ် ၅၀ မြေငှားဂရန်ကို အမှုတွဲ အမှတ် (၂၉၉/မဆ/ ၂၀၀၀)ဖြင့် ရရှိခဲ့ပါသည်။ အဆိုပါမြေငှားဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် ဦးရန်ကြားဝေက မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြေငှားဂရန်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအပြည့်အစုံဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။

မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဖုန်း-၀၈၂-၅၀၅၀၃၊ ၀၈၂-၅၀၆၉၀

Taxi မောင်းလိုသူများဆက်သွယ်ပါ

Toyota Probox, 1.3 cc ခါတ်ဆီ၊ 2007 Mdl မောင်းရန်၊ စပေါ် ၃ သိန်းခွဲ၊ နံနက် ၆နာရီမှ ည ၈ နာရီ၊ ကျပ် ၁၁၀၀၀၊ တောင်ဥက္ကလာပ။

ဖုန်း-၀၉-၅၀၂၀၃၈၀၊ ၀၁-၅၆၁၉၇၀

ပျောက်ဆုံးကြောင်းအကြောင်းကြားစာ

ကျွန်တော် မောင်စည်သူစိုး၏ နိုင်ငံကူးလက်မှတ် က-၇၃၀၂၃၂မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၇၃၀၇၇၄၉၆

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်/ငှားမည်

လှည်းတန်းအနီး		
(17' x 55') 2BR, 2A/ C, Pk	**1F**	**650 Ls**
ပါရမီလမ်း(လှိုင်)		
(14' x 50')Hall, RC ခင်း:	**4F**	**260 Ls**
ဦးထွန်းလင်းခြံလမ်း		
(17' x 70') Hall, RC ခင်း:	**4F**	**5Ls**
အုတ်ကျင်းဘုတာရုံလမ်း		
(15' x 50') Hall, RC ခင်း:	**1F**	**320Ls**
ပေါက်တောဝ(အစ)		
(45' x 65') 3BR, ဂရန်	**1RC**	**1700Ls**

ဖုန်း-၀၉-၄၂၁၀၇၄၆၁၂၊ ၀၉-၄၂၁၁၀၉၁၇၄

ကန့်ကွက်နိုင်ပါကြောင်း

မူဆယ်မြို့နယ်၊ ကောင်းမှုးတုံရပ်ကွက်၊ ငွေဆင်ကွင်း၊ ဦးပိုင်အမှတ် (၅၃+၅၅+၆၄+၆၆)၊ ဧရိယာ ၀ ဒသမ ၅၆၆ဧကအား ဒေါ်မေခွမ် ၁၃/လရန(နိုင်)၀၆၉၅၂၉ အမည်ဖြင့် ၁၁-၁၂-၂၀၀၀မှ ၁၀-၁၂-၂၀၅၀အထိ နှစ် ၅၀ မြေငှားဂရန်ကို အမှုတွဲ အမှတ် (၂၇၇/မဆ/ ၂၀၀၀)ဖြင့် ရရှိခဲ့ပါသည်။ အဆိုပါမြေငှားဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် ဒေါ်မေခွမ်က မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြေငှားဂရန်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအပြည့်အစုံဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။

မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဖုန်း-၀၈၂-၅၀၅၀၃၊ ၀၈၂-၅၀၆၉၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
သဃၤန်းကျွန်းမြို့နယ်တရားရုံးတော်၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၅

ဦးစိန်မြ — နှင့် — ဒေါ်အေးအေးသန်း
တရားလို — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃၤန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ပြည်ထောင်စုရိပ်မွန်၊ အမှတ် ၁၄ တွင်နေထိုင်သော(ယခုနေရပ်လိပ်စာမသိ) ဒေါ်အေးအေးသန်းအား သိစေရမည်။

သင့်အပေါ်၌ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၉ ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ကျော်သောင်းအောင်(တ/၂၄၅၅)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
သဃၤန်းကျွန်းမြို့နယ်တရားရုံး

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က-(၅)လမ်း၊ မြေကွက် အမှတ် (၅၆၀/က)၊ အကျယ်အဝန်း ပေ (၁၀×၆၀)ဟုခေါ်တွင်သော အိမ်အမှတ် ၆၂၊ က-(၅)လမ်း၊ မြို့သစ် (က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်ရှိ အုတ်ညှပ်သစ်သားနှစ်ထပ်အိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ကြောင်းကြေညာသူများထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံကန့်ကွက်နိုင်ပြီး၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းလင်းအောင် LL.B,D.B.L.,D.M.L ဒေါ်ဖြူဖြူခိုင် LL.B, D.B.L.,D.M.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇/ဘီ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ ကြက်ခြံ၊ အမှတ်(၁၃/၇၃)တွင် အဆမ်းရှိန်း ကက်သလစ်ဘုရားရှိခိုးကျောင်းအဖြစ် လွန်ခဲ့သော ၁၉၈၅ခုနှစ်ကတည်းကတည်ထားခဲ့ပါသည်။ ယခုအခါတွင် အဆိုပါဘုရားကျောင်းပိုင် မြေဧရိယာ အလျား(၈၃ပေ၊ ၈လက်မ)၊ အနံ (၂၆ပေ၊ ၈လက်မ)ရှိ မြေကွက်မှာ အဆမ်းရှိန်းကက်သလစ် ဘုရားရှိခိုးကျောင်းပိုင်မြေအဖြစ် အမည်ပေါက်ရရှိရေးအတွက် သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် တင်ပြလျှောက်ထားမည်ဖြစ်ပါသည်။

ထိုသို့ လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများအနေဖြင့် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်စာချုပ်စာတမ်းအထောက်အထားများ ခိုင်လုံစွာပြသ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးစိုင်းလုံအေး (ဓမ္မဆရာ)
၁၃/တခလ(နိုင်)၀၀၅၁၂
အဆမ်းရှိန်းကက်သလစ် ဘုရားရှိခိုးကျောင်း
အမှတ် (၁၃/၇၃)ကြက်ခြံ၊ ပုန်းထွန်ရပ်ကွက်၊ တာချီလိတ်မြို့၊ ဖုန်း-၀၈၄၅၂၁၆၄

ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ ပါလျှံရန်အောင်မြေ(၂)၊ အမှတ်(ပလ-၂/၆၉) တွင် လွန်ခဲ့သော ၁၅-၃-၁၉၉၃ရက်မှစတင်၍ ယေဇူးရှေ့နုလုံးတော် ကက်သလစ်ဘုရားရှိခိုးကျောင်းအဖြစ်တည်ထားခဲ့ပါသည်။ ယခုအခါ အဆိုပါဘုရားကျောင်းပိုင်မြေဧရိယာ အလျား (၁၂၅ပေ၊ ၄၆လက်မ)၊ အနံ (၁၃၂ပေ၊ ၆၈လက်မ)ရှိ မြေကွက်အား ယေဇူးရှေ့နုလုံးတော် ကက်သလစ်ဘုရားရှိခိုးကျောင်းပိုင်မြေအဖြစ် အမည်ပေါက် ရရှိရေးအတွက် သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် တင်ပြလျှောက်ထားမည်ဖြစ်ပါသည်။

ထိုသို့ လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများအနေဖြင့် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်စာချုပ်စာတမ်း အထောက်အထားများ ခိုင်လုံစွာပြသ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးလွိုးဂျီ (ဓမ္မဆရာ) ၁၃/ကတန(နိုင်)၀၀၉၇၈၅
ယေဇူးရှေ့နုလုံးတော်ကက်သလစ် ဘုရားရှိခိုးကျောင်း
အမှတ် (ပလ-၂/၆၉)၊ ပါလျှံရန်အောင်မြေ (၂)ဟောင်လိတ်ကျေးရွာအုပ်စု၊ တာချီလိတ်မြို့။
ဖုန်း-၀၈၄၅၂၆၃၃

ကြော်ငြာ

ဖြူးမဟာစည် (ရန်ကုန်) ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်မည်

ကျေးဇူးတော်ရှင်ဖြူးဆရာတော်ကြီး တည်ထောင်သာသနာပြု သီတင်းသုံးတော်မူခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကမာရွတ်ဘူတာနောက်ကျောဘက်၊ ဓမ္မရက္ခိတဖြူးမဟာစည်သာသနာရိပ်သာကျောင်းတိုက်အတွင်း၌ ဆရာတော် စံလွန်တော်မမူခင် မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော နဝမအကြိမ်မြောက် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ဖြူးမဟာစည်သာသနာ့ရိပ်သာများ၏ ပဓာနနာယကဆရာတော်ဘဒ္ဒန္တအဂ္ဂဝရ ဓမ္မာစရိယကမ္မဋ္ဌာနာစရိယ MA, Ph.D (Thesis), INDIA နှင့် သင်တန်းပြဓမ္မကထိကသံဃာတော်များ၊ မြို့နယ်၊ ရပ်ကွက်၊ သာသနာ့နုဂ္ဂဟအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များမှကြီးမှူး၍ (၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်ကျော် ၅ ရက်)ထိ ၂၂-၃-၂၀၁၃ ရက်(သောကြာနေ့)မှ ၃၁-၃-၂၀၁၃ ရက်(တနင်္ဂနွေနေ့)အထိ (၁၀)ရက်တိုင်တိုင် သင်ကြားပို့ချမည်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးမှုသင်တန်းသို့ တက်ရောက်သင်ကြားလိုသော ကျောင်းသား ကျောင်းသူများနှင့် (၁၀)ရက်တာသင်တန်းကာလအတွင်း ကလေးများအတွက် စာရေးကိရိယာများနှင့် အာဟာရဒါနအစုစုတို့ကို စာရင်းပေးသွင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့
ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၉-၅၀၁၇၅၅၄၊ ၀၉-၅၃၉၀၄၁၇

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် ၁၄၊ မြေကွက်အမှတ် ၆၇၁ အမည်ပေါက် ဒေါ်သိန်းလှကြည် AB-၀၅၇၂၄၀ ထံမှ ဝယ်ယူထားသူ ဦးသိန်းထိုက်စံ ၁၂/ရကန(နိုင်)၀၇၀၇၃၁ က ဓာတ်ပုံမိတ္တူမှန် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ ကျောက်ကြီးကျေးရွာအုပ်စု၊ ကျောက်ကြီးကျင်းကျေးရွာမှ ဦးခင်စိန်၏ သမီး ၈/မတန(နိုင်)၀၁၈၅၃၆ ကိုင်ဆောင်သူ ဒေါ်ခွေးအား ဒေါ်မြင့်မြင့်အေးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

အိမ်ရောင်းမည်

ပေ (၂၀×၆၀)၊ နှစ်ထပ်အုတ်ညှပ်၊ အရှုပ်အရှင်းကင်း၊ အိမ်သန့်၊ အသင့်နေနိုင်၊ အိပ်ခန်းလေးခန်းပါ၊ နှစ်ဖ၀ဂရန်၊ ရေမီးအစုံ။ **(ညှိနှိုင်းဈေး) ဖုန်း-၀၁-၅၆၁၈၇၇၊ ၀၉-၈၆၁၉၆၉၅၊ တောင်ဥက္ကလာပ၊ (၇)ရပ်ကွက်၊ ရန်ကုန်မြို့**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးအေးဝင်း BLN-၀၄၁၇၂၆၏ သမီး ဒေါ်အေးမြမြ(ခ)နန္ဒာ ၁၂/ဒပန(နိုင်)၀၀၈၆၀၈သည် မိဘ၏စကားကို နားမထောင်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့်ပြဿနာကိစ္စအဝဝအား တာဝန်မယူပါကြောင်း။ **ဦးအေးဝင်း BLN-၀၄၁၇၂၆**

ကားရောင်းမည်

Honda Fit (GE6) 2008 အဖြူရောင်(1.3) Original TV, Back camera, ရေကာပါ ကားအလွန်သန့်, ၄၅၀၀၀ km, grade (4) B/B အိမ်စီးကားသန့် Back wiper ပါ။

(ရောင်းဈေး ကျပ်သိန်း ၁၃၀)
ဆက်သွယ်ရန် ဖုန်း-၀၉-၅၄၀၆၀၀၀၊ ၀၉-၄၂၀၀၀၁၄၄၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀H³၊ မြေကွက်အမှတ် I၇အေ၊ ဧရိယာ ၀ ဒသမ ၀၇၂၈ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် လူနေရပ်ကွက်အခေါ်အဝေါ်မှာ အမှတ် (၁၃၂/၁၃၄)၊ ၄၇လမ်း၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ အမည်ပေါက်(၁)မအိအိစိုးကျော် ၁၂/ဗတထ(နိုင်)၀၃၂၉၆၄နှင့် (၂)မောင်ဒေးဒေးစိုးကျော် ၁၂/ဗတထ(နိုင်)၀၃၅၁၂၀တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရီရီနွယ်ထွန်း (စဉ်-၃၆၈၉၉) LL.B, D.B.L, D.M.L
အထက်တန်းရှေ့နေ
အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ နွယ်နီ (၁၀)လမ်း၊ မြေကွက်အမှတ် ၄၀၇ဟုခေါ်တွင်သော (အလျား ပေ ၄၀×အနံ ပေ၆၀)၊ ဧရိယာ စတုရန်းပေ ၂၄၀၀အကျယ်အဝန်းရှိ ဦးတင်ဝင်း ၁၂/ဥကမ(နိုင်)၀၀၃၇၀၀ အမည်ပေါက် နှစ်၆၀ဂရန်မြေအမျိုးအစား မြေကွက်အကျယ်အနက်မှ (အလျားပေ၂၀×အနံပေ ၆၀)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိဘများကွယ်လွန်၍ အမွေဆက်ခံပိုင်ခွင့်ရှိသူ ဦးလှမြင့် (N/OKA -၀၁၀၈၈၀)ပါ (၇)ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးမူ (ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၄၇)

အိမ်-
အမှတ် ၅၄၉၊ နွယ်နီ (၁၀)လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့

ရုံး-
မြို့နယ်တရားရုံးရှေ့၊ မရမ်းကုန်းတရားရုံး၊ (၈)မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၇၃၀၈၈၄၀၄၊ ၀၉-၄၂၀၃၀၆၉၃၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဋ)ရပ်ကွက်၊ စပါယ် ၄ လမ်း၊ အမှတ် ၆၉၉၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် ၁၁၉၂/ခ+၁၁၉၅၊ မြေဧရိယာပေ(၆၀×၆၀) မြေစာရင်းတွင် ဦးအေးမောက် ၁၂/ကမရ(နိုင်)၀၃၅၂၂၃အမည်ပေါက် ပိုင်ဆိုင်ပါသည်။ ၎င်းထံမှ ဦးသိန်းဇော်ဌေး ၁၂/ဥကမ(နိုင်)၀၁၆၇၈၇က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးသိန်းဇော်ဌေးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထားစု ၁၃/ကလန(နိုင်)၀၆၀၉၀၅က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးအပိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ-	
ဒေါ်သက်ထားစု	ဦးထွန်းမြင့်	အထက်တန်းရှေ့နေများ
	တရားလွှတ်တော်ရှေ့နေ	ဦးဝင်းမောင်
	စဉ်-၇၇၁၆	ဒေါ်အိရွှေရည်ဝင်း
		ဒေါ်ခိုင်စံပယ်ဦး



ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော်ဦးအိုက်ဝမ်း ၁၃/တခလ(နိုင်)၀၀၁၀၃၇သည် တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ အမှတ်(၂/၃)ရှိ အလျား၇၉ပေ ၆လက်မနှင့် ၇၃ပေ×အနံ၄၅ပေ ၅လက်မနှင့် ၅၁ပေရှိ မြေကွက်အား ဦးနန်ရီ ၁၃/ကတန(နိုင်)၀၈၇၈၄၃ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် ပုံစံ(၁၀၅)ရေးကူးခွင့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးအိုက်ဝမ်း ၁၃/တခလ(နိုင်)၀၀၁၀၃၇